# ဆရာများအတွက် လမ်းညွှန်

## သမ္မာကျမ်းစာသင်ယူလေ့လာချိန် အဆင့် ၃ နှင့် အဆင့် ၄

အတွဲ (ခ)

သင်ခန်းစာ ၁-၆

www.besweb.com

# Bible Educational Services

## ဓမ္မပညာရေဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း

Registered Charity UK (No 1186004)

**သာသနာတော် အတွက် သဘောထား**
အစီအစဉ်အလိုက်ဖြစ်သည့် ကျမ်းစာသင်ခန်းစာများကို ယခုလက်ရှိအချိန်နှင့် နောင်လာမည့်မျိုးဆက်များအား ဘုရားသခင်၏စကားတော်ကို သင်ကြားပေးနိုင်ရန်အတွက်နှင့် အမှုတော်မြတ်တွင်အစေခံသည့်အခါ ကမ္ဘာအနှံ့အသုံးပြုနိုင်ရန် သင်ခန်းစာများကို ထုတ်လုပ်ပေးခြင်းအားဖြင့် အစေခံနေခြင်းဖြစ်သည်။

**ရှုပါရုံထားရှိခြင်း**
သမ္မာကျမ်းစာ ပညာရေးဆိုင်ရာများကို ကမ္ဘာဘာသာစကားအသီးသီးဖြင့် လွယ်ကူစွာထုတ်ဝေနိုင်ရန်နှင့် ဆက်နွယ်မှုအမျိုးမျိုးအားဖြင့် တစ်ဦးနှင့်တစ်ဦး လက်တွဲလုပ်ဆောင်ရာ၌ အကျိုးပြုစေရန် ကျွန်ုပ်တို့၏ တန်ဖိုးအရှိဆုံးသော အရာများကို ဝေငှပေးခြင်းဖြစ်သည်။

## အထွေထွေအသိပေးချက်

**ဓမ္မပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်ဆောင်ချက်များ**
“Bibletime”, “New Life” နှင့် “Gleaners” ကျမ်းစာသင်ခန်းစာများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီး UK တွင်ရှိသော ကျမ်းစာကျောင်းများနှင့် BES သင်ခန်းစာများကို အသုံးပြုသောအဖွဲ့အစည်းအသီးသီးသို့ စာတိုက်မှပို့ပေးခြင်းများ၊ သွားရောက်လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊အဆက်အသွယ်များ၊ ပြုလုပ်လည်ကောင်းအကြံညဏ်ပေးခြင်းများ၊ သင်တန်းပို့ချခြင်းများပြုလုပ်ပေးသည်။၎င်း BES အဖွဲ့သည်သင်ခန်းစာများကိုဘာသာပြန်ပေးခြင်း၊ ဒီဇိုင်းဆွဲပေးခြင်းများ၊ ထုတ်ဝေပေးခြင်းများဖြင့် အခြားနိုင်ငံများရှိအဖွဲ့အစည်းများနှင့် လည်းလက်တွဲလုပ်ဆောင်သည်။ သင်ခန်းစာများက ကျောင်းသားတိုင်းအတွက် အခမဲ့ ပြင်ဆင်ထားပေးသည်။

Bibletime သင်ခန်းစာများကို လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော် အိုင်ယာလန်တောင်ပိုင်တွင် ပထမဆုံး အသုံးပြုခဲ့ပြီ ဖြစ်သည်။အင်္ဂလိပ်ဘာသာနှင့် လည်းကောင်းနိုင်ငံခြား ဘာသာအသီးသီးဖြင့်လည်းကောင်း သင်ခန်းစာများအတွက် စာမူနှင့်ပတ်သက်၍ ကျမ်းစာပညာရေဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းထားသည်။အချို့နေရာများတွင် ကျောင်းသားများအတွက် အထောက်အကူပြုစေရန် Bibletime သင်ခန်းစာများကို သာမာန် A-4 ပုံစံဖြင့်
ထုတ်ဝေထားသည်။ လေးပတ်မြောက်တိုင်း သင်ခန်းစာများကို ကျမ်းစာကျောင်းရုံးချုပ်သို့ အမှတ် စစ်ဆေး ရန် ပြန်ပို့ပေးရမည်ဖြစ်သည်။ Belfast ရှိ (နိုးထမှုအစီအစဉ်) Every Home For Crusade သို့ကျေးဇူးတင်ပါသည်။ များမကြာမီက A5 ပုံစံဖြင့် ခြောက်လစာ သင်ခန်းစာများကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုသင်ခန်းစာများကို အထူးသဖြင့် ထိရောက်မြန်ဆန်သည့်စာပို့မှုစနစ်မရှိသောနေရာများတွင်ရှိသည့် အသင်းတော်နှင့် ကျောင်းများတွင် အသုံးပြုနိုင်ရန်အတွက်ဖြစ်သည်။

BES သင်ခန်းစာများသည် အလွန်ကောင်းမွန်ပြီး အိမ် (သို့) အဖွဲ့အစည်း (အသင်းတော်၊ကျောင်း၊) များတွင်သင်ယူနိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ကျောင်းသားများအသက်(၂၀)နှစ်အထိ ဆက်လက်သင်ယူနိုင်ခွင့်ရရန် သင်ရိုးမာတိကာများကို ပြင်ဆင်ပေးထားသည်။ အဆင့် ၅ ဆင့်၏ သင်ခန်းစာများသည် တိကျစွာသက်မှတ်ထားသည့် အသက်အပိုင်းအခြားများအတွက်ဖြစ်သည်။ မူကြို ၊ ၅-၇ နှစ်၊ ၈-၁၀နှစ်၊ ၁၁-၁၃နှစ်၊၁၄-၁၆နှစ်၊ တို့ဖြစ်သည်။ အသက်အပိုင်းအခြားတစ်ခုစီအတွက် သုံးနှစ်စာအတွက် သင်ရိုးမာတိကာ ရှိသည်။ အဖွဲ့တစ်ခုစီသည် စွမ်းရည်ခြားနားမှုရှိနိုင်သည်။ ဘုရားသခင်၏စကားတော်ကို ကလေးသူငယ်များ သင်ယူနိုင်သော အခွင့်အရေးနှင့် သမ္မာကျမ်းစာပုံပြင်များကို သူတို့၏အသက်တာ၌ သင်ယူခြင်းဖြင့် သတင်းကောင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို မြင်တွေ့ခံစားနိုင်ရန် သမ္မာကျမ်းစာသင်ယူချိန် (Bibletime) သင်ခန်းစာမှပြုလုပ်ပေးထားသည်။

သင်ခန်းစာမိတ္တူများကို အင်္ဂလိပ်ဘာသာစကာဖြင့် BES Website www.besweb.com တွင်၎င်း International Secretary တွင်၎င်း ရရှိနိုင်သည်။အခြားသောဘာသာစကားများအားဖြင့် Website တွင်ရရှိနိုင်သည်။ ကျွန်ုပ်တို့နှင့်လက်တွဲလုပ်ဆောင်ရန် သင်အလိုဆန္ဒ ရှိပါကသင့်အားအကူအညီပေးနိုင်သောစာရွက်စာတမ်းများကို BES တွင်ရှိသည်။ ထိုစာရွက်စာတမ်းများကို Website တွင်ရရှိနိုင်ပါသည်။

## ဆက်သွယ်ရန်လိပ်စာ


**UK (Northern Ireland) Office (stockist of all English lessons)**
37a Belmore Street, Enniskillen, Northern Ireland BT74 6AA
Phone: 0286 632 2462

**UK Secretary**
Mr Stephen Gillham
Email: stephen.gilllham@besweb.com

**Web address:** www.besweb.com
**Email address:** info@besweb.com

## ဆရာများအတွက်လမ်းညွှန်

မူလပထမတွင် Bibletime သင်ခန်းစာများကို ကျမ်းစာကျောင်းအဝေသင်ဌာန နှင့် စာပို့စနစ်ဖြင့် အသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း စာပို့စနစ်မလွယ်ကူသောနေရာများ (သို့) အာဖရိကရှိ နေရာအတည်တကျမရှိသောကျောင်းများ၊ အသင်းတော်များ၊ အန္ဒိယ နှင့် အခြားသောနေရာများတွင် ဤသင်ခန်းစာများကို ပိုမိုအသုံးပြုလာကြသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် Bibletime သင်ခန်းစာများကိုအသုံးပြုနိုင်ရန်အတွက် ဆရာ့လမ်းညွှန်အဆင့် ၃ နှင့် ၄ သင်ခန်းစာအတွက် ဖြစ်ပြီး အသက်အပိုင်းအခြားအားဖြင့် ၁၁-၁၆ နှစ် အထိ ကလေးများအတွက် ရေးဆွဲထားခြင်းဖြစ်သည်။

လမ်းညွှန်တစ်ခုချင်းစီသည် Bibletime သင်ခန်းစာတွင် ဖော်ပြထားသည့် ကျမ်းအကိုးအကားအတိုင်း တူညီစေရန် လိုက်နာရေးဆွဲထားခြင်း ဖြစ်သည်။ Bibletime သင်ခန်းစာများနှင့် လမ်းညွှန်များသည် အပတ်စဉ်အသုံးပြုနိုင်ရန် ရေးဆွဲထားခြင်းဖြစ်သည်။ဧပြီလအတွက် သင်ခန်းစာများသည် (Easter) နှင့်ဆက်နွယ်သည့် အကြောင်းအရာများဖြစ်ပြီး ဒီဇင်ဘာလအတွက် သင်ခန်းစာများသည် ခရစ္စမတ်နှင့် ဆက်နွယ်သည့် သင်ခန်းစာများ ဖြစ်သည်။

အချို့နေရာမျာတွင် A4 ပုံစံဖြင့်သင်ခန်းစာများကို ထုတ်လုပ် အသုံးပြုသွားမည်ဖြစ်သည်။ အချို့နေရာများတွင် သင်ခန်းစာ ၂၄ ခုပါဝင်သည့် A5 ပုံစံကိုအသုံးပြုသွားမည်ဖြစ်သည်။ သာမန်အားဖြင့် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် လစဉ် A4 သင်ခန်းစာကိုပေးပြီး အသင်းတော်၌၊ ကျောင်း၌ သို့မဟုတ် အိမ်သို့ယူသွားစေပြီး အပတ်စဉ် ထိုသင်ခန်းစာကို ဖြည့်ရမည်ဖြစ်သည်။ နောက်တပတ်တွင် ထိုဖြည့်ပြီးသာသင်ခန်းစာကို ပြန်အပ်စေရမည်ဖြစ်သည်။ လကုန်ပြီးနောက် ဆရာ သိုမဟုတ် ခေါင်းဆောင်သည် သင်ခန်းစာများကိုစုစည်းပြီး ဖြစ်နိုင်ခြေအရှိဆုံးအမှတ်များကိုပေးပြီး ထိုရမှတ်များကို အမြန်နိုင်ဆုံး ကျောင်းသားများထံ ပြန်ပေးရမည်ဖြစ်သည်

သင်ခန်းစာ စာအုပ်ငယ်ရှိ သင်ခန်းစာများကို အစီအစဉ်အတိုင်း အသုံးပြုသည့်အခါ အခန်းတခုစီ၏အဆုံးတိုင်းတွင် စာအုပ်များကို စုစည်းပြီး ရမှတ်များပေးသွားရမည်ဖြစ်သည်။ မည်သည့်အခြေအနေတွင်မဆို ဤအရာသည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့နားလည်ထားရမည်ဖြစ်သည်။ ထို့ကြောင့် စုထားသည့် အဖြေလွှာစာအုပ်မျာကို စာသင်ခန်းထဲရှိ အဖြေလွှာရှင်မဟုတ်သော ကျောင်းသားမျာထံ ဝေပေးပါ ။ခေါင်းဆောင် သို့မဟုတ် ဆရာသည် သင်ခန်းစာပါ အမှတ်ပေးစည်းမျဉ်းအတိုင်း ဦးဆောင်ညွှန်ကြားသွားပြီး ကျောင်းသားများက သူတို့သူငယ်ချင်းများ၏ သင်ခန်းစာများကို ရမှတ်များ ပေးသွားမည်ဖြစ်သည်။ လစဉ် သင်ခန်းစာအတွက် ရမှတ်များရေးရန် နေရာကို သင်ခန်းစာ စာအုပ်၏ နောက်ပိုင်တွင် ပေးထားသည်။ကျောင်းသားများ၏ အဖြေလွှာနှင့် ပတ်သက်၍ ဝေဖန်ချက်များ ရေးရန် နေရာကိုလည်း ပေးထားသည်။ ခြောက်လစာသင်ခန်းစာအတွက် ကျောင်းသားရရှိထားသော ရမှတ်၏ အမှတ်ရာခိုင်နှုန်းအရ အဆင့်အတန်း မခွဲခြားပဲ အောင်လက်မှတ်များကို ပေးသွားမည်ဖြစ်သည်။

## ဆရာ/ဆရာမများ အတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်ကြာပေးသူသည် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း ၊ကိုယ်ပိုင်နည်းလမ်း ၊ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုရန်နေရာမရှိအောင် ကျွန်ုပ်တို့မပြုလုပ်လိုပေ ။ Bibletime သင်ခန်းစာများကို အသုံးပြုရာတွင် အကူအညီပေးနိုင်ရန် ဤအရာများသည် အကြံပြုချက်များသာ ဖြစ်သည်။

- **ပုံပြင်နှင့်ကျွမ်းဝင်မှု့ရှိပါ ။** - သင်ကြားပေးသူသည် ကျမ်းစာပုံပြင်များနှင့်လည်းကောင်း ၊ သင်ခန်းစာပါပုံပြင်များနှင့်လည်းကောင်း ၊ အတတ်နိုင်ဆုံး ကျွမ်းဝင်မှု့ရှိရမည်။ သင်ခန်းစာအတွက် ရည်ရွယ်ချက်ရှိရှိနှင့် ရေးဆွဲထားသည့် သင်ခန်းစာတစ်ခုချင်းစီ၏ လမ်းညွှန်များကိုလည်း ဂရုတစိုက် စဉ်းစားဆင်ချင်သင့်သည်။ သင်ခန်းစာကို စတင်မသင်ကြာမီ ဆရာသည်သင်ခန်းစာများကို လေ့လာပြီးဖြစ်ရမည်။
- **သင်ယူနိုင်ရန်သင်ခန်းစာများကို နားလည်ထားပါ ။** - သင်ခန်းစာတစ်ခုချင်းစီတိုင်း၏ ခေါင်းစဉ်တွင်ပါရှိသော ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့သင်ယူသွားနိုင်သည့်စကားလုံးများကို သင်မှတ်သားသွားပါ။ ဤအချက်ကို လိုက်နာခြင်းအားဖြင့် ဆရာ၏တင်ဆက်မှု့နှင့် သင်ခန်းစာ ပြီးဆုံးပြီးနောက်တွင် သင်ယူခြင်း၏ ရည်ရွယ်ချက်နှစ်ခုကို ကလေးများ အမှန်ပင် နားလည်သဘောပေါက်သွားပေမည်။ ပထမ သင်ယူခြင်း၏ ရည်ရွယ်ချက်သည် ပုံပြင်၏အကြောင်းကိုသိနားလည်ရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး တတိယ အနေဖြင့် ကလေးများအား တိုက်တွန်းခွန်အားပေး လိုသည့်အချက်မှာ သူတို့သိထားသည့် ပုံပြင်ပါအကြောင်းအရာကို စဉ်းစားဆင်ချင်ပြီး သူတို့အသက်တာတွင် လိုက်လျှောက်ကျင့်သုံးပြီး မှန်ကန်စွာတုန့်ပြန်သွားရန် ဖြစ်သည်။ဤသင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင်ခန်းစာထဲ၌ အဓိကသင်ကြားပေးသော သမ္မာတရား၏ မှန်ကန်သောဖော်ပြချက်များဖြစ်သည်။ဖြစ်ပွားခဲ့သည့်အရာများအားဖြင့် ဆရာများသည်လည်း မိမိတို့၏ သင်ယူခြင်းနှင့် သင်ကြားခြင်းကို သုံးသက်နိုင်သည် ။
- **မိတ်ဆက်ပေးပါ ။** - ကလေးများသည် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြေအနေများ ရှိနေနိုင်သည့်အတွက် သင်ခန်းစာတစ်ခုချင်းစီကို အစပြုတိုင်း ထိုသင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။ ပုံပြင်ကို စတင်ဆွေးနွေးသည့်အချက်မှာပင်ကလေးများ၏ တုန့်ပြန်မှုကိုရရှိနိုင်ရန် ပုံပြင်မိတ်ဆက်ရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို အကြံပြုထားသည်။
- **သင်ကြားပေးပါ ။** - ပုံပြင်ထဲတွင် အဓိကသော့ချက်ကို ကျွန်ုပ်တို့ ပေးထားသည် ။ ပုံပြင်ကို ပြောသည့်အခါ ဤ လှုံ့ဆော်ပေးသော နည်းလမ်းဖြင့် သင်ကြားပေရမည် ။ ဆရာတစ်ယောက်သည် ပုံပြင်မှ သင်ခန်းစာများကို ကျောင်းသားများအားနားလည်စေလိုသည့် ဆန္ဒရှိနေရမည် ဖြစ်သည် ။ ပုံပြင်မှသင်ခန်းကို သင်ယူပြီးနောက် တုန့်ပြန်မှုချမှတ်ရမည်ကို ကလေးများနားလည်နိုင်ရန် ကူညီပေးရမည် ။ပုံပြင်ပြောရာတွင် အချို့သောရှင်းလင်းချက်များကိုလည်း သင့်လျော်သလို ရော၍ကြိုးစားထည့်ထားပေးပါသည် ။ ဤအရာများကိုအမြဲအကွဲစောင်းဖြင့်ဖော်ပြလေ့ရှိသည်။
- **သင်ယူစေပါ ။** - ပုံပြင်တစ်ခုချင်းစီကိုချုပ်ထားသည့် အဓိကသော့ချက် တစ်ခုစီရှိသည် ။အချို့သော အခြေအနေများတွင် အဓိကသော့ချက်ကျမ်းနှစ်ခုတွေ့ရသည် ။ကလေးများသင်ယူရာတွင် ပိုမိုလွယ်ကူစေရန် အခြားအဓိကသော့ချက်ကျမ်းတစ်ခုကိုလည်း ပေါင်းထည့်ပေးထားခြင်းဖြစ်သည် ။ ကလေးများသည် အဓိကသော့ချက်ကျမ်းကိုသင်ယူနိုင်ပြီး သူတို့၏အသက်တာထဲတွင် ကျန်ရှိနေစေရန် ကျွန်ုတို့မျှော်လင့်သည် ။ သို့မှသာ သူတို့သည် အဓိကသော့ချက်ကျမ်း၏ အသိပညာများကို သူတို့အသက်တာတွင် စတင်တည်ဆောက်မည်ဖြစ်သည် ။

- **အဆုံးသတ်ပါ ။** - ကျောင်းတစ်ကျောင်း၏အခြေအနေတွင် ဆရာများ တောင်းဆိုသည့် အရေအတွက်နှင့်ပြီးမြောက်အောင် လုပ်နိုင်သည့် ကလေးများ၏ အရည်အချင်းကို သင်သိထားရပေလိမ့်မည် ။ အချို့သော သူများအတွက် သင်ခန်းစာပါအကြောင်းအရာကို ဆရာက ရှေ့မှ ဦးဆောင်ဖတ်ပြပြီး ကလေးများအား နောက်မှလိုက်ဖတ်စေခြင်းအားဖြင့် ပုံပြင်ပါဇာတ်လမ်းနှင့်အကျွမ်းဝင်စေပါ ။ အခြားသောကလေးများသည် သူတို့ကိုယ်တိုင်သင်ခန်းစာများကို ဖတ်နိုင်ကြပေလိမ့်မည် ။ အခြာတဖတ်တွင် ကလေးများ၏ အားရှုံစုစိုက်ခြင်းကို ဆက်စပ်နေသည့်မေးခွန်းများနှင့် တိကျသော သင်ကြားပို့ချမှု့ဘက်သို့ ဆွဲခေါ်သွားခြင်းသည် အကြံညဏ်ကောင်းတစ်ခုဖြစ်နိုင်သည် ။ အကယ်၍ သင်သည် ကျောင်းတက်ရောက်ခြင်မရှိဘဲ Bibletime သင်ခန်းစာကို အသုံးပြုနေပါက အကူအညီရရန်အလွန်အရေးကြီးလှသည် ။သို့မှသာ ဤသင်ခန်းစာသည် ငြီးငွေ့စရာကောင်းသောအရာ သို့မဟုတ် စမ်းသက်မှုတစ်ခု ဖြစ်သည်ဟု မှာယွင်းစွာ မတွေးထင်မိမည်ဖြစ်သည်။သင်ခန်းစာရှိ အရေးကြီးသည့် အရာကိုသင်ယူနေစဉ်မှာပင် ချီးမွမ်းစရာ ၊ ခွန်အားယူစရာ နှင့် အလွန်ဝမ်းမြောက်စရာ ဖြစ်သင့်ပါသည် ။
- **သင်ခန်းစာကိုမှတ်မိသတိရစေပါ ။** - ပုံပြင်ကိုပြန်လည်စိစစ်သည့်အနေဖြင့် သင်ခန်းစာကို ကူညီပေးသည့် အမူအရာများ ၊ ပဟေဠိများ ပြုလုပ်ခြင်းသည် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့အကြံပြုထားပြီးဖြစ်သည် ။
- **ပြပါ ။** - အချို့သောအခြေအနေများတွင် သင်ထောက်ကူရုပ်ပုံများရရှိရန်မှာ အလွန်ခက်ခဲလှပါသည် ။ သို့သော် ပုံပြင်ကို နားလည်နိုင်ရန် ကူညီပေးသည့် အရာဝတ္ထု သို့မဟုတ် ရုပ်ပုံများကို ဦးတည်ဖော်ပြခြင်းသည် မည်သည့်နေရာတွင်မဆို အလွန်အရေးကြီးလှကြောင်း တိုက်တွန်းလိုသည် ။ ပုံပြင်ပြောရာတွင် ရုပ်ပုံများသည် များစွာအထောက်အကူပြုသည် ။သင်ခန်းစာတိုင်း၌ သင့်လျော်သည့်နေရာတွင် ရုပ်ပုံအကြောင်းအကြံပြုချက်ကို www.freebibleimages.org pictures (FBI) တွင်ဖော်ပြထားသည်။၎င်းတို့ website မှလည်းကူးယူနိုင်သည်။ သင်ခန်းစာအတွက် ရုပ်ပုံများကို ဆေးရောင်ခြယ်ရန်နှင့် အသုံးပြုနိုင်ရန် သင်းခန်းစာအတွင်းထည့်သွင်းဖေါ်ပြ၍ရသောနေရာအချို့တွင် ထည့်သွင်းဖော်ပြထားသည်။

## အဓိကသော့ချက်ကျမ်းသင်ကြားခြင်း ။

(၁) ကျမ်းချက်များကို စာရွက်သို့မဟုတ် သင်ပုန်းပေါ်တွင် ဖျက်နိုင်သည့် အနေအထားဖြင့်ရေးထားရမည်။ ထို့နောက် ကျောင်းသားများကို အကြိမ်ကြိမ်ရွတ်ဆိုစေခြင်းဖြင့် စကားလုံးတစ်ပြီးတစ်လုံ တစ်ခုမကျန်သည့်အထိ ဖျက်ပေးရမည်။ နောက်ဆုံတွင်ကျောင်းသားများသည် ကျမ်းချက်ကို အလွတ်ရွတ်ဆိုနိုင်မည်ဖြစ်သည်။

(၂) အဓိကသော့ချက်ကျမ်းကို မိတ်ဆက်ပေရန် သင်အသုံးပြုနိုင်သောနည်းမှာ

(က)ဒိုင်လူကြီးတစ်ဦးမှအဖွဲ့နှစ်ဖွဲ့ ဖွဲ့စေပါ။ စကားလုံအရေးအတွက်များနှင့် အဓိကကျမ်းစကားလုံများကို အစီအစဉ်တကျ မဟုတ်ဘဲထားပါ။အခြားအဖွဲ့မှသူများ ကျမ်းပိုက်ကိုအစီအစဉ်တကျမပြုလုပ်နိုင်မီ မိမိတို့အဖွဲ့မှ ဦးစွာလုပ်ဆောင်နိုင်ရန် ကလေးများကို ယှဥ်ပြိုင်စေပါ။

(ခ) ထိုနောက်မှ မိမိတို့ ရရှိခဲ့သော ကျမ်ပိုဒ်ကိုသူတပါး တို့ထက်ဦးစွာ ရွတ်ဆို စေပါ ။

## အချိန်အသုံးပြုပုံ

- **ညွှန်ကြားချက် ။** ။သင်ခန်းစာတစ်ခုချင်းစီအတွက် ပေးထားသည့်ဆရာ့လမ်းညွှန်ကို ကျွန်ုပ်တို့သိထားပြီးဖြစ်သည်။ သို့သော် ဆရာများသည် အချိန်နှင့်အညီပြောင်းလဲလိုကြပေမည်။
  - (၁) မိတ်ဆက်ခြင်းနှင့် ပုံပြင်ပြောခြင်း (အကြာဆုံး ၁၅ မိနစ်)
  - (၂) အဓိကသော့ချက်ကျမ်း သင်ကြားပေးခြင်း (၅ -၁၀ မိနစ်)
  - (၃) သင်ခန်းစာများကိုပြီးဆုံးစေခြင်း (၂၀ မိနစ်)
  - (၄) မေးခွန်မေးခြင်းနှင့်ပါဝင်လုပ်ဆောင်ချိန် (၅-၁၀ မိနစ်)

အရေးကြီးပြောရမည့် စကားများကို သတိထားပါ ။

"ကျွန်ုပ်မေ့နိုင်သည့်အတွက် ကျွန်ုပ်ကိုပြောပါ ။<br>ကျွန်ုပ်သတိရအောင် ကျွန်ုပ်ကိုပြပါ ။<br>ကျွန်ုပ်နားလည်နိုင်ရန် ကျွန်ုပ်နှင့်အတူပါဝင်ပါ ။"

# **Bibletime** သင်ခန်းစာ မာတိကာ

| | အဆင့် ၀ မူကြို<br>အဆင့် (၁) အသက် ၅-၇နှစ်<br>အဆင့် (၂) အသက်၈-၁၀နှစ် | အဆင့် (၃) အသက်၁၁-၁၃ | အဆင့် (၄) အသက်၁၄နှစ် နှင့်အထက် |
|---|---|---|---|
| အစပြုသင်ခန်းစာ | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် |
| အတွဲ (က) | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ အာဗြဟံ<br>၆။ အာဗြဟံ<br>၇။ ပေတရု<br>၈။ ပေတရု<br>၉။ ယာကုပ်<br>၁၀။ ကနဦးခရစ်ယာန်များ<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ဆုတောင်းခြင်း<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း -အပြစ်နွံကျခြင်း<br>၂။ ကနဦးဖွံ့ဖြိုးခြင်း-ကမ္ဘာဦးကျမ်း<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ခရစ်ယာန်အသက်တာ<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ခ) | ၁။ ခရစ်တော်၏ကနဦးအသက်တာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ပုံဥပမာ<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ ယေရှုတွေ့ဆုံသောသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ သတင်းကောင်းရေးသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဇေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယာကုပ်နှင့်မိသားစု<br>၇။ ယောသပ်<br>၈။ တမန် ၂၄၂ ဦးဆောင်သည့်နည်းလမ်း<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ ပညာတ်တော်<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ဂ) | ၁။ ဒံယေလ<br>၂။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ယေရှုတွေ့ဆုံသောသူများ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသနှင့် ရှမွေလ<br>၆။ ဒါဝိဒ်<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ယောန<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ယေရှုနှင့်တွေ့ဆုံသူများ<br>၃။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းကာလ ဘုရားသခင်အသုံးပြုသူများ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ ယေရှု၏စကားတော်များ<br>၃။ ဘုရားသခင်၏ တန်ခိုးတော်<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းဇာတ်ကောင်များ<br>၁၂။ ခရစ္စမတ်ပုံပြင် |

| | ၁၁ - အဆင့် ၃<br>သင်ခန်းစာ ၁ - ပုံဥပမာ<br>ခေါင်းစဉ် - ကျွန်ုပ်နှင့် စပ်ဆိုင်သောသူမှာ မည်သူနည်း။ | ၁၁ - အဆင့် ၄<br>သင်ခန်းစာ ၁ - ပုံဥပမာ<br>ခေါင်းစဉ် - အကြွေးတင်သောသူ နှစ်ဦး |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၀း ၂၅ - ၃၇*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၁၀း ၂၇*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဘာသာရေး သို့မဟုတ် လူမျိုးနှင့်မဆိုင်ဘဲ ကျွန်ုပ်တို့၏ အကူအညီကို လိုအပ်သောသူများသည် ကျွန်ုပ်တို့နှင့် စပ်ဆိုင်သောသူများ ဖြစ်ကြသည်။<br>၂။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ချစ်လျှင် ထိုသူတို့၏ ဝိညာဉ်ရေးရာ၊ ခန္ဓာရေးရာ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လိုအပ်ချက်များကို ကူညီပေးခြင်းဖြင့် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို သူတို့ထံ ဖော်ပြနိုင်သည်။ | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၇း ၃၆ - ၅၀*<br>**အဓိကသော့ချက်ကျမ်း** *ရောမ၊ ၅း၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ သခင်ယေရှု၏ မျက်မှောက်တော်တွင် ကျွန်ုပ်တို့အားလုံးသည် ကြွေးရှိသောသူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့အားလုံးသည် အပြစ်ရှိကြသည့်အတွက်ကြောင့် ဘုရားသခင်အား အကြွေးဆက်ရန် ရှိသောသူများ ဖြစ်ကြသည်။<br>၂။ ကျွန်ုပ်တို့၏ အပြစ်များ အမှန်တကယ် ခွင့်လွှတ်ခြင်း ခံစားရရှိပြီး ဖြစ်ပါလျှင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ နှင့် သခင်ယေရှုအား ကိုးကွယ်ဆည်းကပ်မှုသည် ကျွန်ုပ်တို့အသက်တာ၌ သန့်ရှင်းခြင်း နှင့် အစေခံခြင်း နှစ်ခုစလုံးကို ဖြစ်ပေါ်စေသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အဓိပ္ပာယ်ကို ဆွေးနွေးပါ။ "အိမ်နီးချင်း" သာ ကိုယ်နှင့်စပ်ဆိုင်သောသူအဖြစ် သက်မှတ်ရမည် မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့၏ အကူအညီကို လိုအပ်နေသောသူ မည်သူ့ထံမဆို ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာနှင့် မိတ်ဆွေကောင်း ဖြစ်ခြင်းကို ဖော်ပြလျှင် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ခြင်းပင် ဖြစ်သည်။ | ပုံပြင်ပါ အကြောင်းအရာကို ထောက်ပြခြင်းဖြင့် ဤပုံဥပမာ၏ နောက်ခံကို ဖော်ပြပါ။<br>- အဓိကပါဝင်သည့် လူသုံးဦး<br>- သခင်ယေရှု၊ အပြစ်နှင့် ပြည့်နေသော အမျိုးသမီး၊ ဖါရိရှဲ ဖြစ်သူရှိမုန်။စိတ်ကူးပုံဖော်သည့် လူသုံးဦး၊<br>- ကြွေးရှင်၊ ဒေနာရိအပြား ၅၀၀ ပေးစရာရှိသောသူ၊ ဒေနာရိအပြား ၅၀ ပေးစရာရှိသောသူ။မေးခွန်းသုံးခု။ - ***အခန်းငယ် ၄၂၊ ၄၄၊ ၄၉။*** |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>*ဤပုံဥပမာ၏ နာခံလိုက်နာရန် လမ်းညွှန်မှုကို ရှင်းပြပါ။*<br>၁။ က) ဓားပြများနှင့် တွေ့ကြုံသောသူတစ်ဦးသည် ***(အငယ်၊ ၃၀)*** ရိုက်နှက်၍ သေလုမတက်ဖြစ်သောအခါ စွန့်ပစ်ထား ခဲ့ကြသည်။<br>ခ) ရှမာရိလူသည် ထိုသူအား သနားခြင်းဂရုဏာပြခဲ့သည်။ ***(အငယ်၊ ၃၃)*** ထိုသူ၏အနာများကို အဝတ်နှင့်စည်းပြီး တည်းခိုနိုင်သည့် နေရာသို့ ခေါ်ဆောင်ပေးသွားခဲ့ပြီး သူပြန်လာသည့်တိုင်အောင် ကြည့်ရှုပေးရန် တည်းခိုးခန်းပိုင်ရှင်ထံ မှာကြားခဲ့သည်။ ***(အငယ် ၃၃-၃၅)***<br>၂။ က) ဒေင်ဥယျာဉ်၌ လူသား၏ ကျဆင်းခြင်း ရလဒ်အနေဖြင့် ဘုရားသခင်၏ အမြင်၌ ကျွန်ုပ်တို့အားလုံးသည် အပြစ်၌"သေနေသော" သူများ ဖြစ်ကြသည်။ ***(ဧဖက်၊ ၂း၁)***<br>ခ) ဘုရားသခင်သည် ကျွန်ုပ်တို့ အပြစ်သားများထံ သူ၏ချစ်ခြင်းမေတ္တာကို ဖော်ပြသည့်အနေဖြင့် သူ၏ တပါးတည်းသော သားတော် သခင်ယေရှု ခရစ်တော်ကို ဤလောကသို့ စေလွှတ်ပေးခဲ့သည်။ သူ၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း အားဖြင့် ကျွန်ုပ်တို့၏အပြစ်များမှ ကျန်းမာခြင်း ခံစားရရန် နှင့် ရှမာရိလူကဲ့သို့ ကောင်းသော အသက်တာအားဖြင့် အသက်ရှင်နိုင်ရန် ဖြစ်သည်။ ကျွန်ုပ်တို့ရှိသည့် မည်သည့်နေရာတွင်မဆို ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ကူညီပေးရန်အတွက် သခင်ယေရှု ဆင်းကြွလာခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ကောင်းသော ရှမာရိ ပုံဥပမာ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှိမုန်၏ ကိုယ်ကျင့်တရား ဖြောင့်မတ်ခြင်း၊ မျက်ရည်နှင့် ပြည့်နေသော အမျိုးသမီး၏ နောင်တ၊ ဝမ်းမြောက်ခြင်း နှင့် ကျေးဇူးတင်ရှိခြင်း။ ဤအပြစ်နှင့် ပြည့်နေသောအမျိုးသမီးကို ယေရှုသိသင့်သည်ဟု ရှိမုန်တွေးနေသောအချိန်တွင် ရှိမုန်၏ စိတ်နေသဘောထားကို သိသည့် သခင်ယေရှု။ ***(အငယ်၊ ၃၆-၃၉)***<br>၂။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ ကြွေးရှင်ဖြစ်ကြောင်း ဤပုံပြင်အားဖြင့် ရည်ရွယ်၍ ဥပမာပေးထားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်အား အကြွေးဆက်ရန် ရှိသောသူများ ဖြစ်ကြသည်။ သခင်ယေရှုလက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသောအချိန်တွင် ကျွန်ုပ်တို့၏ အပြစ်ကြွေးများကို ပေးဆက်ခဲ့ပြီး ဖြစ်သည်။ ရှိမုန်သည် အကြွေး ၅၀ သာ ပေးရန်ရှိသောသူအဖြစ် မိမိကိုယ်မိမိမြင်ပြီး၊ အပြစ်ရှိသော ထိုအမျိုးသမီးအား အကြွေး၅၀၀ ပေးရန်ရှိသောသူအပြစ် မြင်ကြောင်းကို ယေရှု သိသည်။ အပြစ်တရား၌အဆင့်အတန်း မခွဲထားကြောင်းကို ရှိမုန်သင်ယူနိုင်ရန်အတွက် သခင်ယေရှုသည် ရည်ရွယ်၍ သွန်သင်ထားခြင်း ဖြစ်သည်။ အကြွေး ၅၀ ပေးရန်ရှိသောသူနှင့် အကြွေး ၅၀၀ ပေးရန် ရှိသောသူနှစ်ဦးစလုံးတို့သည် အကြွေးရှင်ထံ အကြွေးမဆက်နိုင်သောသူများ ဖြစ်ကြသည်။ သို့သော် ကြွေးရှင်သည် ထိုသူနှစ်ဦးစလုံးတို့၏ အကြွေးများအား မမှတ်ထားဘဲ အကြွေးကျေအေးပေးလိုက်သည်။ ***(အငယ်၊ ၄၀-၄၃)***<br>၃။ ထိုသူနှစ်ဦးတွင် အဘယ်သူသည် ကြွေးရှင်အား ပို၍ချစ်လိမ့်မည်နည်းဟု ယေရှု မေးသောအခါ အကြွေးများသောသူသည် သာ၍ ချစ်လိမ့်မည်ဟု ရှိမုန် ပြန်ဖြေခဲ့သည်။ ***(အငယ် ၄၂)*** ယေရှုသည် ထိုအမျိုးသမီးထံ လှည့်ကြည့်၍ ရှိမုန်အား သူမ၏ ချစ်ခြင်းမေတ္တာ နှင့် ရှိမုန် ယေရှုအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာကို နှိုင်းယှဉ်ဖော်ပြခဲ့သည်။ ***(အငယ် ၄၄)*** ယေရှုသည် အပြစ်ကို ခွင့်လွှတ်ပေးသည်။ သို့သော် ထိုအမျိုးသမီး၏ ယုံကြည်ခြင်းကြောင့် အပြစ်ခွင့်လွှတ်ပေးခြင်း ဖြစ်သည်။ သူ၏ အပြုအမူကြောင့် မဟုတ်ပေ။ ***(အငယ် ၄၈း၅၀)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သင့်လျော်သည့်ပုံ မရှိပါ။** |
| ပြန်လှန်လေ့ကျင့်ပါ | လိုက်နာရန်အတွက် ရည်ရွယ်သွန်သင်ထားသည့် ဤပုံပြင်၏ သင်ခန်းစာများကို ကျောင်းသားအယောက်စီတိုင်း နားလည်မလည် စမ်းစစ်ပါ။ | ***တမန်တော် ၁၃း ၃၈-၃၉*** ကို ဖတ်ပြီး၊ ဤသင်ခန်းစာတွင် သခင်ယေရှု သင်ကြားပေးသည့် အကြောင်းအရာကို မည်သို့ ဖော်ပြထားကြောင်း ဆွေးနွေးပါ။ ***ဧဖက်၊ ၄း၃၂*** ကို ဖတ်ပြီး၊ အပြစ်ခွင့်လွှတ်ခြင်းကို ခံစားရရှိသောသူများသည် မည်သို့အသက်ရှင်နေထိုင်သင့်ကြောင်း ဆွေးနွေးပါ။ ကျွန်ုပ်တို့၏ အပြစ်များ (အကြွေး) အားလုံးအတွက် ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းကို ခံစားရခြင်းသည် မည်သို့ ခံစားရကြောင်း ဆွေးနွေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျောင်းသားများ၌ ပြောင်းလဲခြင်း အတွေ့အကြုံ ရှိပါသလား။<br>၂။ ပြောင်းလဲခြင်း အတွေ့အကြုံ ရှိခဲ့ပါလျှင် အောက်ပါ ပုဂ္ဂိုလ်များထံ မိတ်ဆွေကောင်း၊ (သို့မဟုတ်) လူတိုင်းကို ကိုယ်နှင့်စပ်ဆိုင်သောသူများအဖြစ် ကိုယ်နှင့်အမျှ မည်သို့ ချစ်နိုင်မည်နည်း။ မည်သို့ ဖြစ်နိုင်မည်နည်း။ ဖြစ်နိုင်သည့် နည်းလမ်းများကို စဉ်းစားပါ။<br>က) (ဝိညာဉ်ရေးရာ) ပြောင်းလဲခြင်း အတွေ့အကြုံ မရှိသောသူများထံ။<br>ခ) (ခန္ဓာပိုင်းဆိုင်ရာ) မသန်စွမ်းသောသူများထံ။<br>ဂ) (ရုပ်ဝတ္ထုပိုင်းဆိုင်ရာ) ကမ္ဘာအနှံ့အပြားတွင် အစားအသောက် အလုံအလောက်မရှိသောသူများထံ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ရှိမုန်သည် သာမန်မျှသာဖြစ်သောအရာနှင့် သခင်ယေရှုကို စုံးစမ်းခဲ့သည်။ သူ၏အပြစ်ကို အမြဲနောင်တရပြီး အပြစ်ခွင့်လွှတ်ခြင်း ခံစား၍၊ ငြိမ်သက်ခြင်း ခံစားသည့် သက်သေလဲ သူ၌မရှိပေ။ ***(အငယ်၊ ၅၀)***<br>၂။ ထိုအရပ်၌ရှိသောသူတို့၏ စိတ်နေသဘောထားများမှာ အဘယ်သို့နည်း။ သူတို့၏ အပြစ်များအတွက် သူတို့ နောင်တရကြပါသလား။ အပြစ်ခွင့်လွှတ်ခြင်း ခံစားရရန်အတွက် ဘုရားသခင်ထံသို့ သူတို့လာကြပါသလား။<br>၃။ အကယ်၍ သူတို့သည် အပြစ်ခွင့်လွှတ်ခြင်း ခံစားကြပါလျှင် သူတို့၏အကောင်းဆုံးသော အချိန်များ၊ အစွမ်းအစများ၊ ပိုင်ဆိုင်မှုများကို သခင်ယေရှုအား ပေးကြပါမည်လော့။ ထိုအမျိုးသမီး၏ တုန့်ပြန်မှုကို ဆွေးနွေးပါ။ |

| | ၁၁ - အဆင့် ၃<br>သင်ခန်းစာ ၂ - ပုံဥပမာ<br>ခေါင်းစဉ် - ချမ်းသာသော လယ်သမား | ၁၁ - အဆင့် ၄<br>သင်ခန်းစာ ၂ - ပုံဥပမာ<br>ခေါင်းစဉ် - ကျွန်ုပ်နှင့် စပ်ဆိုင်သောသူမှာ မည်သူနည်း။ |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၂း ၁၃-၂၁*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၁၂း ၁၅*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ချမ်းသားသည့် လယ်သမားတစ်ဦးသည် ပိုင်ဆိုင်မှုများစွာရှိသော်လည်း ဝိညာဉ်ရေးရာတွင် လုံးဝချွတ်ခြုံကျနေသောသူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ဘဝတွင် ဘုရားသခင်ကို လုံးဝနေရာမပေးခဲ့ပေ။<br>၂။ ကျွန်ုပ်တို့၏ အသက်တာတွင် မည်သည့်အရာကိုမျှ ဦးစားမပေးဘဲ ဘုရားသခင်ကို ပထမဦးစားပေးလျှင်၊ ဘုရားသခင်သည် သူ၏ဘုန်းတော်အတွက် ကျွန်ုပ်တို့၏ အသက်တာကို အသုံးပြုမည် ဖြစ်သည်။ ကျွန်ုပ်တို့၌အရည်အချင်းနည်းသည် ဖြစ်စေ၊ များသည်ဖြစ်စေ သူ၏ ဘုန်းတော်အတွက် ကျွန်ုပ်တို့ကို အသုံးပြုသွားမည် ဖြစ်သည်။ | **ကျမ်းညွှန်း** *ရှင်လုကာ ၁၀း ၂၅-၃၇ ၊ ဖိလိပ္ပိ၊ ၂း ၁-၁၁*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၁၀း ၂၇*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကျွန်ုပ်တို့၏ အကူအညီကို လိုအပ်သောသူများထံ သူတို့၏ ဘာသာရေး၊ လူမျိုးရေး၊ အဆင့်အတန်းကို မကြည့်ဘဲ ကျွန်ုပ်တို့နှင့် စပ်ဆိုင်သောသူများအဖြစ် နှင့် ကျွန်ုပ်တို့၏ တာဝန်တစ်ရပ်အဖြစ် သူတို့အား သနားခြင်းဂရုဏာတရား ဖော်ပြရမည် ဖြစ်သည်။<br>၂။ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းအားဖြင့်၊ ကောင်းသော ရှမာရိ ကဲ့သို့ပင် ကျွန်ုပ်တို့အား ကယ်တင်ပေးခဲ့ပြီး ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အား ဘေးကင်းလုံခြုံသည့် နေရာတွင် ထားပေးပြီး၊ ကျွန်ုပ်တို့၏ လိုအပ်ချက်များကို သူ ပြင်ဆင်ပေးသည်။ (အဆင့် ၃ သင်ခန်းစာ ၁ တွင်ကြည့်ပါ။) |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | လူတို့ကြိုက်နှစ်သက်ကြသည့် ပိုင်ဆိုင်မှုများအကြောင်း ပြောပါ။<br>သူတို့သေဆုံးသည့်အခါတွင် ယူမသွားနိုင်သည့် "လောဘလွန်ကျူးခြင်း" တစ်ကိုယ်ကောင်းဆန်ခြင်း နှင့် လောကီရေးရာများကို တက်မက်ခြင်းများ အကြောင်း ဆွေးနွေးပါ။ ပညတ်တော် ၁၀ပါးတွင် နောက်ဆုံးတစ်ချက် ဖြစ်သော "တက်မက်လိုချင်သောစိတ် မရှိစေနှင့်။" ဆိုသောအချက်ကို စပ်ဆက်ပြီး ရှင်းပြပေးပါ။ ***(ထွက်မြောက်ရာ၊ ၂၀း ၁၇)*** | ကျွန်ုပ်တို့နှင့် စပ်ဆိုင်သောသူများမှာ မည်သူတို့ဖြစ်ကြောင်း ပြောပါ။<br>ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ခြင်းဆိုသည်မှာ မိမိအနားတွင် "အနီးစပ်ဆုံး၌" ရှိနေပြီး မိမိ၏ ချစ်ခြင်းမေတ္တာနှင့် မိတ်ဆွေကောင်း ဖြစ်ခြင်းကို လိုအပ်သောသူများထံ ပိုမိုမေတ္တာပြသခြင်း ဖြစ်သည်။ ဘုရားသားသမီးများ အနေဖြင့် ကျွန်ုပ်တို့အား မနှစ်သက်သောသူများ အပါအဝင်၊ လူသားအားလုံးထံ သနားကြင်နာတက်ရန် သခင်ယေရှု အလိုတော်ရှိသည်။ ထိုအရာသည် ခရစ်ယာန်များ၏ အမြင့်ဆုံး အဆင့်အတန်းပင် ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ထိုသူသည် မတည်မြဲသည့် လောကီရေးရာများထက်၊ ပိုမိုအရေးကြီးသည့် ဝိညာဉ်ရေးရာ နှင့်ပတ်သက်သည့် အကြောင်းကို သူ၏ အသက်တာတွင် မသိရှိသည့် အတွက် သခင်ယေရှုသည်<br>၂။ ထိုသူအား "အချင်းလူမိုက်" ဟု ခေါ်ဆိုထားသည်။<br>က) ဘုရားမပါသော လူမိုက် - သူ၏အသက်တာတွင် ဘုရားသခင်မပါရှိဘဲ အသက်ရှင်နေထိုင်ခဲ့သည်။ သူ၏ အသက်တာတွင် လိုလေသေးမရှိအောင် ကြွယ်ဝပြည့်စုံသည်။ သို့သော် ဘုရားသခင် မပါရှိလျှင် ထိုအရာများအားလုံးသည် အနတ္တသက်သက် ဖြစ်သည်။ သူ၏ ပိုင်ဆိုင်မှုများသည် ဘုရားသခင်ထံမှ လာသောကောင်းကြီးမင်္ဂလာများ ဖြစ်သည်ကို သူမသိပေ။<br>ခ) ဆင်းရဲသောလူမိုက် - သူသည် အလွန်ဆင်းရဲသည့် သူဌေးဖြစ်သည်။ သူ၏ ထာဝရကာလနှင့် ပတ်သက်၍ အလွန်ဆင်းရဲသောသူဖြစ်သည်။ သူ၏အသက်တာကို ဘုရားသခင်၌ တည်ဆောက်ရမည့်အစား လောကီစည်းစိမ်၌သာ တည်ဆောက်ထားသည်။<br>ဂ) မိမိကိုယ်ကိုအထင်ကြီး၍ မိုက်မဲခြင်း - ***အငယ် ၁၇*** - ၁၉ ၌ သူသည် တစ်ကိုယ်ကောင်းဆန်သည့် အကြောင်းကို တွေ့ရသည်။ ငါသည်၊ ငါ၏၊ ငါ့ ဆိုသည့် စကားလုံးများကို အကြိမ်ကြိမ်တွေ့ရှိရသည်။ သူ၏ ကြွယ်ဝခြင်းအတွက် ကောင်းကြီးပေးသော ဘုရားသခင်ကို သူ၏အတွေးထဲ၌ပင်မစဉ်းစားပေ။ သူ၏ ဝိညာဉ်ကိုပင် - ငါ့ဝိညာဉ် ဟု ခေါ်ဆိုထားသည်။<br>ဃ) ရည်မှန်းချက်ကြီးစွာ မိုက်မဲခြင်း - လာမည့် နှစ်ပေါင်းများစွာ စားသောက်နိုင်ရန်အတွက် သူစုဆောင်းထားသည့်အရာများ နှင့် သူ၏စိတ်ကို နှစ်သိမ့်စေသည့် သူ၏ ရည်မှန်းချက်အား ထည့်သွင်းပြောထားသည့်အရာကို ကြည့်ခြင်းဖြင့် သူသည် တစ်ကိုယ်ကောင်းဆန်သောသူ ဖြစ်သည်။ ***(အငယ်၊ ၁၉)***<br>င) ပျက်စီးကိန်းနှင့်ရင်ဆိုင်ရရန် မိုက်ခြင်း - သူမေ့လျော့နေသော ဘုရားသည် သူ့အား "သင်၏ ဝိညာဉ်ကို ရုပ်သိမ်းရာ အချိန်ရောက်လိမ့်မည်" ဟု သူ့အား မိန့်တော်မူခဲ့သည်။ ***(အငယ်၊ ၂၀)*** ထိုသို့ မိန့်တော်မူသောသူမှာ ကျွန်ုပ်အား အသစ်သောအသက်တာကို ပေးပိုင်နိုင်သည့် ဘုရားသခင်ဖြစ်ပြီး ကျွန်ုပ်တို့၏ အသက်ဝိညာဉ်ကို ကျွန်ုပ်တို့ထံမှ နုတ်ယူသွားနိုင်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ချမ်းသာသော လူမိုက် ပုံဥပမာ** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ကျမ်းတက်တစ်ယောက်သည် ထာဝရအသက်ကို အမွေခံရအံ့သောငှါ အဘယ်သို့ ပြုရမည်နည်း ဟု သခင်ယေရှုထံမေးခဲ့သည်။ ကိုယ်တော်ကလည်း သင်သည် အဘယ်သို့ ဖတ်ဘိသနည်း ဟုမေးခဲ့သည်။ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ ဟု ပြန်လျှောက်ခဲ့လေသည်။ ပညာတ်တော်၏ ရည်ရွယ်ချက်မှာ မည်သည့်အရာ ဖြစ်ကြောင်း နှင့် ပညတ်တော် ဆယ်ပါးသည် ကျွန်ုပ်တို့ကို အပြစ်မှ မကယ်တင်နိုင်ပါ။ သို့သော် ကျွန်ုပ်တို့သည် မည်မျှဆိုးသည့် အပြစ်သားများ ဖြစ်ကြကြောင်းကို ပညတ်တော်မှ ညွှန်ပြနေခြင်းဖြစ်သည်ကို သခင်ယေရှု ဖော်ပြခဲ့သည်။<br>၂။ ဘုရားသခင်၏ စံချိန်အရ မိမိသည် ကျရှုံးသောသူ ဖြစ်ကြောင်းကို ထိုကျမ်းတက်သည် နားလည်းသင့်ပြီး၊ မိမိအား ကယ်တင်ရန် သခင်ဘုရားထံ တောင်းခံသင့်ခဲ့သည်။ သို့သော် သူသည် မိမိ၏ဂုဏ်သိက္ခာအတွက် "အဘယ်သူသည် ကျွန်ုပ်နှင့်စပ်ဆိုင်သော ဖြစ်ပါသနည်း"ဟု မိမိ၌ အပြစ်မရှိဟန်ပြုလို၍ သခင်ဘုရားထံ ပြန်မေးလျှောက်ခဲ့သည်။ ထိုကျမ်းတက်၏ မေးခွန်းကို အဖြေပေးရမည့်အစား ယေရှုသည် ကောင်းသောရှမာရိ ပုံဥပမာကို ပြောပြခဲ့သည်။ ယုဒ ယဇ်ပရောဟိတ်နှင့် လေဝိလူတို့သည် ယုဒလူမျိုးများ ဖြစ်ကြသည်။ ယုဒလူမျိုးတို့သည် ရှမာရိလူမျိုးများကို အလွန်မုန်းကြသည်။ ထိုယုဒလူဖြစ်သော ယဇ်ပရောဟိတ် နှင့် လေဝိလူသည် လူနာအား အကူအညီမပေးဘဲ ရှောင်သွားခဲ့ကြသည်။ သို့သော် ရှမာရိလူသည် လူနာအနီးသို့ ချဉ်းကပ်ပြီး လူနားကို ကယ်တင်ပေးခဲ့သည်။ ယုဒလူထက် ရှမာရိလူသည် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်သောသူဖြစ်ကြောင်းကို ထိုကျမ်းတက်သည် လက်ခံသွားခဲ့သည်။<br>၃။ ပညာတ်တော်၌အပြစ်သားများကို ကူညီနိုင်သည့်တန်ခိုးတော် မရှိကြောင်းကို ယဇ်ပရောဟိတ်နှင့် လေဝိလူတို့၏အသက်တာတွင် ကျွန်ုပ်တို့ တွေ့ရှိနိုင်ပြီး၊ ကျွန်ုပ်တို့၏ အပြစ်ဒဏ်မှ ကယ်တင်ပေးရန်လာသည့် သခင်ယေရှု၏ ကြွဆင်းလာခြင်း အကြောင်းကို ကောင်းသော ရှမာရိ အသက်တာအားဖြင့် သတိပေး ပြောပြနေသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ကောင်းသော ရှမာရိ ပုံဥပမာ** |
| ပြန်လှန်လေ့ကျင့်ပါ | လယ်သမား သူဌေးကြီးသည် အမှားကြီး သုံးခုကို ပြုခဲ့သည်။<br>၁။ သူသည် ဘဝအတွက် မှားယွင်းစွာ စီမံကိန်း ရေးဆွဲခဲ့သည်။ ဖိလိပ္ပိ၊ ၁း၂၁ ကို ဖတ်ပြီး ရှင်ပေါလု သွန်သင်ထားသည့် ဘဝ၏ရည်ရွယ်ချက် (စီမံကိန်း) မှာ မည်သည့်အရာ ဖြစ်ကြောင်း ရှင်းပြပါ။<br>၂။ သူ၏ ကြွယ်ဝခြင်းကို သူ၏ကိုယ်ကျိုးအတွက်သာ အသုံးပြုသည်။ ဖိလိပ္ပိ ၄း ၁၉ကို ဖတ်ပြီး သူတပါး၏ လိုအပ်ချက်ကို ကျွန်ုပ်တို့ ရှေ့ရှုသည့်အခါ ကျွန်ုပ်တို့၏ လိုအပ်ချက်ကို ဘုရားသခင်သည် မည်သို့ ကြည့်ရှုကြောင်း ရှင်းပြပါ။<br>၃။ သူ၏ အနာဂတ်နှင့် ပတ်သက်၍ သူသည် သတိထားသောသူ ဖြစ်သော်လည်း သူ၏ ဝိညာဉ်ရေးမှာမူ ပျောက်ဆုံးနေသည်။ ရှင်မာကု၊ ၈း ၃၆-၃၇ကို ဖတ်ပြီး ဤကျမ်းချက်သည် ချမ်းသားသော လယ်သမားနှင့် မည်သို့ စပ်ဆက်မှုရှိကြောင်း ဆွေးနွေးပါ။ | ပေးထားသည့် ကျမ်းညွှန်းမှ ဖိလိပ္ပိကျမ်းကို ဖတ်ပြီး၊ အခန်းငယ် ၁-၄သည် ခရစ်ယာန်အသက်တာ၌ကောင်းသောကိုယ်နှင့်စပ်ဆိုင်သောသူ၏ (အိမ်နီးချင်းကောင်း) အရည်အချင်းများဖြစ်ကြောင်း နှင့် အခန်းငယ် ၅-၁၁ သည် သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းဖြင့် ချစ်ခြင်းမေတ္တာ၏ ပုံဥပမာကို မည်သို့ ဖော်ပြခဲ့ကြောင်း အကျဉ်းချုံး၍ ပြောပြပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သူတပါးအား ကူညီရန်အတွက် ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုများကို အသုံးပြုနိုင်သည့် စာရင်းကို ပြုလုပ်ပါ။<br>၂။ ခရစ်ယာန်မဟုတ်သောသူများထံ ပေးကမ်းသည့်အခါ ခရစ်တော်၌ငင်းတို့ ယုံကြည်ခြင်း ထားရှိနိုင်ရန် နှင့် သူတို့၏ဘဝတွင် ခရစ်တော်အား ပထမနေရာတွင် ထားရန် ဦးစားပေးဝေးငှပါ။ (ယောဟန်၊ ၃း၁၆) | သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>ကျွန်ုပ်တို့နှင့် စပ်ဆိုင်သောသူအယောက်စီတိုင်း<br>၁ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ ခန္ဓာရေးဆိုင်ရာ၊ ဝိညာဉ်ရေးဆိုင်ရာ၊ ရုပ်ပိုင်ဆိုင်ရာ လိုအပ်ချက်ရှိသူများကို ကျွန်ုပ်တို့ မည်သို့ ကူညီနိုင်ကြမည်နည်း။<br>၂ ရှင်လုကာ၊ ၆း၃၅တွင် ကောင်းသော ကိုယ်နှင့်စပ်ဆိုင်သောသူ (အိမ်နီးချင်းကောင်း) နှင့် ပတ်သက်၍ မည်သို့ သွန်သင်ထားသနည်း။ ကျွန်ုပ်တို့သည် မည်သို့ လက်တွေ့ လုပ်ဆောင်နိုင်မည်နည်း။ |

| | | |
|---|---|---|
| | ၁၁ - အဆင့် ၃<br>သင်ခန်းစာ ၃ - ပုံဥပမာ<br>ခေါင်းစဉ် - မျိုးစေ့ကြဲသူ | ၁၁ - အဆင့် ၄<br>သင်ခန်းစာ ၃ - ပုံဥပမာ<br>ခေါင်းစဉ် - လူမိုက်တစ်ဦး |
| | **ကျမ်းညွှန်း** *ရှင်မာကု၊ ၄း ၁-၂၀*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မာကု၊ ၄း၂၀*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ မျိုးစေ့သည် ဘုရားသခင်၏ တရားစကား (နှုတ်ကပတ်တော်) ဖြစ်သည်။<br>၂။ မြေအမျိုးမျိုးသည် လူသားတို့၏ နှလုံးသားမြေကို ရည်ညွှန်းပြီး၊ သူတို့သည် ဘုရားသခင်၏ တရားစကားကို မည်သို့ လက်ခံကြသည့်အကြောင်းကို သွန်သင်ထားခြင်း ဖြစ်သည်။ | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၂း ၁၃-၂၁*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၁၂း ၁၅*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ လူတစ်ယောက်၏ အသက်တာတွင် ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုများမဟုတ်သည့် အရာကို တက်မက်ခြင်းသည် အပြစ်ဖြစ်သည်။<br>၂။ ကြွယ်ဝချမ်းသာခြင်းသည် ယာယီဖြစ်ကြောင်း ရည်ညွှန်းဖော်ပြရန်၊ တန်ဖိုးရှိသော ဝိညာဉ်တစ်ခု ဆုံးရှုံးခြင်းသည် ဆိုးသွမ်းသည့် အကျိုးဆက်များကို လုံးလုံးခံစားရကြောင်း ဖော်ပြထားသည်။ အဆင့် ၃ သင်ခန်းစာ ၂ တွင် ကြည့်ပါ။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | သခင်ယေရှုသည် ပုံဥပမာများကို ပြောသည့်အခါတွင် သူ သင်းကြားသည့် သမ္မာတရားအချို့ထံ ရည်ညွှန်းကြောင်း ရှင်းပြပါ။ ပုံမှန်အားဖြင့် သူ၏ ပုံဥပမာများသည် နက်နဲသည့် ဝိညာဉ်ရေးရာ အဓိပ္ပာယ်များကို ဖော်ပြသည်။ တခါတရံတွင် ယေရှုသည် ပုံဥပမာများ၏ အဓိပ္ပာယ်များကို ရှင်ပြလေ့မရှိပေ။ သို့သော် ဤပုံဥပမာတွင် အဓိပ္ပာယ် အပြည့်အစုံကို သူ ရှင်းပြထားသည်။<br>မတူညီသည့် မြေအမျိုးအစားများတွင် မျိုးစေ့ကြဲခြင်း အကြောင်းအရာသည် ဘုရားသခင်၏ တရားစကားကို ကြားပြီး မတူညီသည့်တုန့်ပြန်မှု အမျိုးမျိုးဖြင့် တုန့်ပြန်ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ | ဤပုံဥပမာ၏ နောက်ခံ အကြောင်းအရာများကို ဆွေးနွေးပါ။ လူတစ်ယောက်သည် မိမိအစ်ကိုထံမှ အမွေများရရှိနိုင်ရန်အတွက် ပြောပေးပါရန် သခင်ယေရှုအား တောင်းဆိုနေသည့် အကြောင်း ဖြစ်သည်။ သခင်ယေရှု ဤလောကသို့ ကြွလာသည့် ရည်ရွယ်ချက်သည် အပြစ်သားဖြစ်သော အမျိုးသား၊ အမျိုးသမီးများကို ကယ်တင်ရန်အတွက်ဖြစ်ပြီး၊ ရုပ်ပိုင်ဆိုင်ရာ ပိုင်ဆိုင်မှုအမွေများ ခွဲဝေပေးရန်အတွက် မဟုတ်ကြောင်း ထိုသူအား ယေရှု သွန်သင်သည့် အကြောင်းကို ကျောင်းသားများထံ သတိပေးပြောပြပါ။ ကျွန်ုပ်တို့ အလေးထားရမည့် အမှန်တကယ်အရေးကြီးသည့် ဝိညာဉ်ရေးရာနှင့် နှိုင်းယှဉ်လျှင် ထိုအရာများသည် အသေးအမွှားပင်ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ လမ်း၌ မျိုးစေ့ကြဲခြင်း အကြောင်းအရာသည် ***(အငယ်၊ ၁၅)*** သခင်ယေရှု၏ တရားစကားကို ကြားပြီး တရားစကားကို ငြင်းပယ်သောသူကို ဆိုလိုခြင်း ဖြစ်သည်။ တရားစကားကို နှုတ်ယူသွားသော ငှက်သည် စာတန်ကို ပုံဆောင်သည်။ ဤသူသည် တရားစကားကို ကြားပြီး မပြောင်းလဲသောသူကို ဆိုလိုခြင်း ဖြစ်သည်။<br>၂။ ကျောက်ပေါ်များသောမြေတွင် မျိုးစေ့ကြဲခြင်း အကြောင်းအရာသည် ***(အငယ်၊ ၁၆-၁၇)*** သခင်ယေရှု၏ တရားစကားကို ကြားပြီး တရားစကားကို ချက်ခြင်းလက်ခံသော်လည်း ထိုသူ၏ စိတ်နှလုံးထဲ၌ အမြစ်မစွဲ ခဏသာ တည်သဖြင့်၊ ယုံကြည်ခြင်းကြောင့် အမှုအခင်းနှင့် ညှဉ်းဆဲခြင်းခံရသောအခါ သခင်ယေရှု၌ ရပ်တည်ရမည့်အစား အမှုအခင်းသည် အလွန်ကြီးမားသည်ဟု မြင်ပြီး ချက်ခြင်း ဖောက်ပြန်တက်သောသူကို ဆိုလိုခြင်း ဖြစ်သည်။ ညှင်းဆဲခြင်းခံရသောအခါ ထိုသူ၏ မစစ်မှန်ခြင်းကို ရှင်းလင်းစွာ သိမြင်နိုင်သည်။<br>၃။ ဆူးပင်ပေါ်များသောအရပ်တွင် မျိုးစေ့ကြဲခြင်း အကြောင်းအရာသည် ***(အငယ်၊ ၁၈-၁၉)*** တရားစကားကို ကြားပြီး စစ်မှန်သော ယုံကြည်သူကဲ့သို့ ကောင်းမွန်စွာ အစပြုသောသူများကို ဆိုလိုခြင်း ဖြစ်သည်။ သို့သော် ထိုသူတို့သည် လောကီအမှု၌ စိုးရိမ်ခြင်း၊ စည်းစိမ်ဥစ္စာ၏ လှည့်စားခြင်း၊ ကြွင်းသောအရာများကို တက်မက်ခြင်း စိတ်တို့သည် တရားစကားကို လွှမ်းမိုးညှင်းဆဲတက်သောကြောင့် သူတို့သည် အသီးမသီးနိုင်ကြပေ။<br>၄။ ကောင်းသောမြေ၌ မျိုးစေ့ကြဲခြင်း အကြောင်းအရာသည် ***(အငယ်၊ ၂၀)*** တရားစကားကိုကြားပြီး၊ လက်ခံသောသူများ ဖြစ်သည်။ ထိုသူတို့သည် မိမိတို့၏ အပြစ်မှ နောင်တရပြီး၊ သခင်ယေရှုအား မိမိတို့၏ ကယ်တင်ရှင် နှင့် သခင်အဖြစ် ကိုးစားယုံကြည်ပြီး၊ မည်သည့်အခြေအနေတွင်မဆို သခင်ယေရှု နောက်တော်သို့ သစ္စာရှိစွာ လိုက်ပြီး ဝိညာဉ်အသီးသီးသောသူများ ဖြစ်ကြသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ - **FBI** - မျိုးစေ့ကြဲခြင်း ပုံဥပမာ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများသည် လူသားတို့၏ ဘဝအသက်တာတွင် အဓိကကျသောအရာများ မဟုတ်ကြောင်းကို ဤပုံဥပမာအားဖြင့် ဖော်ပြနေသည်။ ဘုရားသခင် အားဖြင့် ထိုအရာများကို ကျွန်ုပ်တို့ခံစားရခြင်းသာ ဖြစ်သည်။ ဘုရားသခင်၏ ဘုန်းတော်အတွက် ထိုပိုင်ဆိုင်မှုများဖြစ်သည့် ကောင်းကြီးမင်္ဂလာများကို ကျွန်ုပ်တို့ အသုံးပြုရမည် ဖြစ်သည်။ အကူအညီလိုအပ်သောသူများထံ သူ၏ပိုင်ဆိုင်မှုများ ဝေငှသင့်သည့် အရာကို ထိုသူ သိရှိနားလည် သင့်သည်။<br>၂။ သူသည် အနာဂတ်အတွက် အစီအစဉ်ဆွဲထားသည်။ ထိုသူသည် ဘုရားသခင်ကို မည်သို့ သဘောထားကြောင်း သူ၏အပြောအဆိုဖြစ်သည့် "ငါသည်"၊ "ငါ့" ဆိုသော အသုံးအနှုန်းများကို မှတ်သားပါ။ ***အငယ်၊ ၁၇-၁၉***။ သူ၏ ဘဝအသက်တာ အတွက် ဘုရားသခင်၌ အခြားသောအကြံအစီရှိပြီး၊ သူသည် ထိုနေ့ညပင် အသက်ဆုံးရမည်ဟု မိန့်တော်မူခဲ့သည်။ ***(အငယ်၊ ၂၀)*** သူ၏ အစီအစဉ်များသည် သင်္ချိုင်း၌ အဆုံးသတ် သွားခဲ့သည်။ ထာဝရကာလအတွက် သူ၌ပြင်ဆင်ထားခြင်း လုံးဝမရှိပေ။ ***အာမုတ်၊ ၄း၁၂*** မှ သတိပေးထားချက်ကို ကြည့်ပါ။<br>၃။ ဤပုံဥပမာတွင် အလွန်အံ့သြ တုန်လှုပ်ဖွယ်ကောင်းသည့် မေးခွန်းကို ဘုရားသခင်သည် မည်သို့ မိန့်တော်မူခဲ့ကြောင်း ရည်ညွှန်းပြောပြပါ။ 'သို့ဖြစ်၍ သင်သည်ပြင်ဆင်သိုထားသော ဥစ္စာကို အဘယ်သူ ပိုင်မည်နည်းဟု သူ့ငွေအား မိန့်တော်မူ၏။' ***(အငယ်၊ ၂၀)*** ကျွန်ုပ်တို့၏ ဆုကျေးဇူးများနှင့် အရည်အချင်းများကို ဘုရားသခင်၏ နိုင်ငံတော်အတွက် ဆက်လက် အသုံးပြုသွားသင့်ကြောင်းကို ရည်ညွှန်းပြောပြပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ - **FBI** - ချမ်းသာသော လူမိုက် ပုံဥပမာ |
| ပြန်လှန်လေ့ကျင့်ပါ | မတူညီသည့် မြေလေးမျိုး ပုံဥပမာကို ကလေးများအား ကောင်းစွာ နားလည်သဘောပေါက် စေပါ။ အငယ်၊ ၂၀၌ဖော်ပြထားသည့် အသီးများစွာသီးခြင်း၏ အဆင့်အတန်း အကြောင်းကို စပ်ဆက်ဆွေးနွေးပါ။ အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတရား တိုးပွားခြင်းအကြောင်မှာ အသီးများစွာသီးသောအသက်တာသည် ဘုရားသခင်၏ တရားစကားကို နာခံပြီး၊ တရားတော်၏ အလိုတော်အတိုင် လိုက်လျှောက်အသက်ရှင်ခြင်းမျိုးကို ဆိုလိုခြင်း ခြင်းဖြစ်သည်။ | ***သုတ္တံကျမ်း၊ ၁၁း ၄၊ ၂၉ နှင့် ရှင်မဿဲ၊ ၆း ၁၉-၂၁*** တို့သည် ဤသင်ခန်းစားကို အကျဉ်းချုံး၍ မည်သို့ ဖော်ပြထားကြောင်းစဉ်းစားပါ။ တက်မက်ခြင်းနှင့် ပတ်သက်၍ ထွက်မြောက်ရာ၊ ၂၀း၁၇ ကိုလည်း ကြည့်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ မည်သည့်မြေအမျိုးအစားသည် ကောင်းမွန်သောနှလုံးသားမြေကို ပုံဆောင်သနည်း။<br>၂။ ခရစ်ယာန်များအတွက်၊ ကျောင်း သို့မဟုတ် အိမ် မည်သည့်နေရာရာတွင်မဆို သခင်ယေရှုအတွက် ရပ်တည်းရမည့် လက်တွေ့ကျသည့် အခြေအနေများမှာ အဘယ်နည်း။<br>၃။ ခရစ်ယာန်တစ်ယောက်အနေဖြင့် သခင်ယေရှုအတွက် အသီးသီးနိုင်သည့် နည်းလမ်းများကို စဉ်းစားပါ။ ကျွန်ုပ်တို့ မည်သည့်အဆင့်အထိ အသီးသီးနိုင်ကြသနည်း။ အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ သို့မဟုတ် အဆတစ်ရာ မည်မျှ သီးနိုင်ကြသနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အသက်တစ်ချောင်းရှင်သန်ရာတွင် မှန်ကန်သေခြာပြီး အရေးကြီးသည့် ရည်ရွယ်ချက်မှာ "ငါ့အသက်ရှင်သည့်အရာမှာ ခရစ်တော် ဖြစ်၏။" ဟု (***ဖိလိပ္ပိ၊ ၁း၂၁*** တွင် ရှင်ပေါလု ပြောထားသည်။)<br>၂။ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုများကို သူတစ်ပါးအတွက် ကောင်းမွန်သောနေရာတွင် အသုံးပြုရန် အလွန်အရေးကြီးပါသည်။ သူတပါးကို ကူညီနိုင်သည့် နည်းလမ်းများကို စာရင်းပြုစုပါ။<br>၃။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသည် အလွန်တန်ဖိုးကြီးမားသောအရာ ဖြစ်သည့်အတွက် လောဘလွန်ကျူးခြင်းနောက်သို့ ကျွန်ုပ်တို့ မလိုက်ပါမိရန် အလွန်အရေးကြီးပါသည်။ |

| | ခ၁ - အဆင့် ၃<br>သင်ခန်းစာ ၄ - ပုံဥပမာ<br>ခေါင်းစဉ် - သူတစ်ပါးအား ခွင့်လွှတ်ခြင်း | ခ၁ - အဆင့် ၄<br>သင်ခန်းစာ ၄ - ပုံဥပမာ<br>ခေါင်းစဉ် - ကြီးမားသော ပွဲတော် |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်မဿဲ၊ ၁၈း၂၁-၃၅*<br>**အဓိကသော့ချက်ကျမ်း** *ဧဖက်၊ ၄း ၃၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သူတပါးအား မည်သို့ ခွင့်လွှတ်သင့်ကြောင်း ခရစ်ယာန်များအတွက် ဤပုံဥပမာမှ သွန်သင်ထားသည်။<br>၂. ကျွန်ုပ်တို့သည် သူတပါးအား ခွင့်လွှတ်ရာတွင် အကန့်အသက်မရှိအကြိမ်ကြိမ် ခွင့်လွှတ်သင့်သည်။ | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၄း ၁၅-၂၄*<br>**အဓိကသော့ချက်ကျမ်း** *ရှင်ယောဟန်၊ ၆း၃၇*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. 'ငါ့ထံသို့ လာကြလော့။' သူ၏ခေါ်သံကို ကြားပြီး သူ့အားတုန့်ပြန်သော သူတိုင်းအတွက် ကောင်းကင်၌ပွဲတော်ကြီးတစ်ခု ကျင်းပပေးမည် ဖြစ်ကြောင်း ဘုရားသခင် ကတိထားတော်မူသည်။ (မဿဲ၊ ၁၁း၂၈)<br>၂. အခြားသောသူများ သခင်ယေရှု၏ ခေါ်သံကို ကြားပြီး တုန့်ပြန်တက်ရန် ကယ်တင်ခြင်းအတွက် သခင်ယေရှုထံ ရောက်လာခဲ့ပြီးသော ကျွန်ုပ်တို့ အယောက်စီတိုင်း၌တာဝန်ရှိသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ခွင့်လွှတ်ခြင်းအတွက် ပေတရု ရင်ဆိုင်နေရသည့် ပြဿနာကို ရှင်းပြပါ။ ခွင့်လွှတ်ခြင်း နှင့် ပတ်သက်၍ လူတစ်ယောက်အား အနည်းဆုံး သုံးကြိမ်၊ သို့မဟုတ် လေးကြိမ်အထိ ခွင့်လွှတ်သင့်ကြောင့် ဓမ္မဟောင်းကျမ်းပါ ဖော်ပြချက်ကို သူ သိရှိထားသည်။ သူ သိရှိထားသည့် ထိုဖော်ပြချက်ကို ရှင်းပြပါ။ ***(အာမုတ်၊ ၂း၆)*** သို့သော် သခင်ယေရှုသည် လူတစ်ယောက်အား ခုနှစ်ဆယ်ခုနှစ်လီ ခွင့်လွှတ်ရမည်ဟု သွန်သင်ထားသည်။ ***(အငယ်၊ ၂၁)*** ထိုအဓိပ္ပာယ်မှာ ကျွန်ုပ်တို့သည် သူတပါးအား အကန့်အသက်မရှိ အကြိမ်ကြိမ် ခွင့်လွှတ်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ | အရှေ့တိုင်းတွင် မည်သို့ ပြုလေ့ရှိကြောင်း ရည်ညွှန်းပြောပြပါ။ လူတန်းစားအလိုက် ပွဲပြင်ဆင်ရာတွင် နှစ်ကြိမ်ဖိတ်ကြားရန် လိုအပ်သည်။ ပထမတစ်ကြိမ် ဖိတ်ကြားခြင်းသည် ပြင်ဆင်ရန်အတွက် လိုအပ်ကြောင်း ဖိတ်ကြားခြင်း ဖြစ်ပြီး၊ ဒုတိယတစ်ကြိမ် ဖိတ်ကြားခြင်းသည် ပွဲအဆင်သင့်ဖြစ်ကြောင်း ဖိတ်ကြားခြင်း ဖြစ်သည်။ ဤအဖြစ်အပျက်တွင် ဖိတ်ကြားခြင်း ခံရသောသူများသည် ပွဲကို စိတ်မဝင်စားကြပေ။ ပွဲမတက်ရောက်လိုသည့် အတွက် အကြောင်းပြချက် အမျိုးမျိုးပေးကြသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. မိမိ၏ကျွန်သည် မိမိထံပေးရန်ရှိသောငွေများကို ပြန်ဆပ်နိုင်လိမ့်မည် မဟုတ်ကြောင်းကို ကြွေးရှင်သခင်သည် သိသောအခါ ထိုကျွန်အား သနားသဖြင့် သူ၏အကြွေးရှိသမျှကို လွှတ်၍ ချမ်းသာပေးလေသည်။ ***(အငယ်၊ ၂၅-၂၇)*** ထိုကျွန်သည် အပြစ်ပေးရန် ထိုက်တန်သော်လည်း သခင်သည် မေတ္တာပြခဲ့သည်။ ဤအရာသည် သနားခြင်းဂရုဏာ၏ သက်သေဖြစ်သည်။<br>၂. အပြစ်သားများအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်ကြွေးများကို မဆပ်နိုင်ကြပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အပြစ်ပေးခြင်းမှ လွတ်မြောက်နိုင်ရန်အတွက် ဘုရားသခင်၏ သနာခြင်းဂရုဏာကို ကျွန်ုပ်တို့ လိုအပ်သည်။ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပေးခြင်းဖြင့် လောကီသားများ၏ အပြစ်ကြွေးများကို ဆပ်ပေးခဲ့သည့် သခင်ယေရှု၏ လုပ်ဆောင်ပေးမှုကို ကျွန်ုပ်တို့ လက်ခံရယူခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကို ခံစားရရှိနိုင်သည်။ "မိမိအသက်ကို စွန့်၍ လူများကို ရွေးခြင်းငှါ" ဘုရားသခင်သည် သူ၏ တပါးတည်းသော သားတော်ကို ပေးခဲ့သည်။ ***(ရှင်မဿဲ၊ ၂၀း ၂၈)***<br>၃. ကြွေးရှင်သခင်၏ ခွင့်လွှတ်ခြင်းကို ခံစားရသည့် ကျွန်သည် မိမိ၏ ကျွန်ချင်း၌ ရစရာရှိသည့် အကြွေးအနည်းငယ်ကို ခွင့်လွှတ်ပေးသင့်သည်။ ခန့်မှန်းခြေအားဖြင့် သူရစရာရှိသော ငွေတစ်ရာ နှင့် သူပေးစရာရှိသော ငွေတစ်သိန်း မည်မျှကွားခြားကြောင်း နှိုင်းယှဉ်ကြည့်ပါ။ သူ၏သခင် သူ့ထံ ပြခဲ့သည့် သနားခြင်း ဂရုဏာကို သူမေ့လျော့သွားခဲ့သည်။<br>၄. သခင်ယေရှုသည် ကျွန်ုပ်တို့၌ ပြုသည့်အတိုင်း ကျွန်ုပ်တို့သည် သူတပါး၌ ပြုသင့်သည်။ ကျွန်ုပ်တို့သည် ယေရှုနှင့် စပ်ဆိုင်သောသူမှန်လျှင် ကျွန်ုပ်တို့၏ ရန်သူများအပါအဝင် လူတိုင်းကို ကျွန်ုပ်တို့ ခွင့်လွှတ်သင့်သည်။ ***(အဓိကကျမ်းချက်တွင် ကြည့်ပါ။)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ခွင့်မလွှတ်သော ကျွန်၏ ပုံဥပမာ** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းဖြင့် ကယ်တင်ခြင်းအမှုကြီးကို ပြုခဲ့ပြီးဖြစ်ကြောင်းကို ဤ "ကြီးမားသောပွဲတော်" အားဖြင့် ကျွန်ုပ်တို့အား သတိပေးနေသည်။ အကျိုးဆက်အနေဖြင့် ကယ်တင်ခြင်းသတင်းကောင်းသည် လူတိုင်းအား သခင်ယေရှုထံလာရန် ဖိတ်ခေါ်နေသည်။<br>၂. ထိုအကြောင်းအရာ တစ်ခုချင်းစီ၌ဆင်ခြေပေးသောအရာ သုံးခုစလုံးသည် အစစ်အမှန်များ မဟုတ်ကြပေ။ ပွဲအစီအစဉ်များသည် ဖိတ်ကြားထားသူများ တက်ရောက်နိုင်ရန် စီစဉ် ပေးထားသည်။ ပထမ ဆင်ခြေပေးသောသူ၏ ***(အငယ်၊ ၁၈)*** တောင်းပန်စကားသည် ယုံကြည်ရန် အလွန်ခက်ခဲသော အရာဖြစ်သည်။ ပွဲကျင်းပသည့် ညအချိန်တွင် ယုဒလူ တစ်ယောက်အနေဖြင့် မြေကို မမြင်ရဘဲ ဝယ်သည် ဆိုသောအရာသည် မဖြစ်နိုင်သောပေ။ ညအချိန်တွင် သွား၍ကြည့်မည် ဆိုသောအရာသည် မဖြစ်နိုင်သောအရာ ဖြစ်သည်။ ဒုတိယ ဆင်ခြေပေးသောသူ ***(အငယ်၊ ၁၉)*** ဤသူသည် တောင်းပန်ခြင်းကိုမပြုဘဲ ကျွန်ုပ်၏ နွားများကို သွား၍စမ်းရမည်ဟု ပေါ်ပေါ်တင်တင် ပြော၍ ထွက်သွားခဲ့သည်။ တတိယ ဆင်ခြေပေးသေသူ ***(အငယ်၊၂၀)*** ဤသူသည် အနည်းငယ် တောင်းပန်ခဲ့သည်။ သူသည် တစ်ကိုယ်ကောင်းမဆန်ဘဲ သူ၏ဇနီးသည်ပါ ပွဲအတွင်းသို့ ခေါ်ဆောင်လာနိုင်သည်။ သို့သော် သူမခေါ်ဆောင်လာခဲ့ပေ။<br>၃. ပထမဆင်ခြေပေးသောသူသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို အဓိက ဦးစားပေးသောသူကို ပုံဆောင်သည်။ ဒုတိယ ဆင်ခြေပေးသောသူသည် သူ၏အလုပ်အကိုင် ရာထူးများနှင့် အလုပ်အလွန်များနေသောသူကို ပုံဆောင်ခြင်း ဖြစ်သည်။ တတိယ ဆင်ခြေပေးသောသူသည် အိမ်မှုကိစ္စများနှင့် အချိန်ပြည့်အလုပ်ရှုပ်နေသောသူများကို ပုံဆောင်သည်။<br>၄. ပွဲစီစဉ်သူ အိမ်ရှင်သည် ထိုသို့ဆင်ခြင်ပေးကြသော သူများကို အမျက်ထွက်၍ မိမိအစေခံအား မြို့လမ်းမ၊ လမ်းကြားသို့ သွား၍ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ မျက်မမြင်သောသူတို့ကို သွားရောက် ဖိတ်ခေါ်ရန် စေလွှတ်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ကြီးမာသော ပွဲတော် ပုံဥပမာ** |
| ပြန်လှန်လေ့ကျင့်ပါ | ဤကျမ်းချက်တွင် 'ကျေးဇူးတော်' နှင့် 'ဂရုဏာတော်' ကို မည်သို့ ဖော်ပြထားကြောင်း ဆွေးနွေးပါ။ တိတု၊ ၃း၅ ကို လေ့လာပါ။ "ငါတို့ ကျင့်သောဖြောင့်မတ်ခြင်း အကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ဂရုဏာတော်နှင့်အညီ၊ ... ငါတို့ကို ကယ်တင်တော်မူ၏။" ဘုရားသခင်၏ အပြစ်ဒဏ်မှ ကျွန်ုပ်တို့ လွတ်မြောက်နိုင်ရန် ထိုသနားခြင်း ဂရုဏာတော်အားဖြင့် ဖြောင့်မတ်သောလမ်းကို စီရင်ပြုပြင်ပေးကြောင်း ရှင်းပြပါ။ ဧဖက်၊ ၂း၈ ကို လေ့လာပါ။ "ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။" ကယ်တင်ခြင်းသည် ကျေးဇူးတော်အားဖြင့် ဘုရားသခင် ပေးသောအရာဖြစ်သည်။ ကျွန်ုပ်တို့ ထိုက်တန်၍ မဟုတ်ဘဲ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ထာဝရကာလ အတွက် လုံခြုံစိတ်ချမှုကို ပေးသည်။ | ဤပုံဥပမာ၏ အခြေခံ သွန်သင်ချက်မှာ သတင်းကောင်းကို ငြင်းပယ်သောသူမှာ ယုဒများ ဖြစ်ပြီး၊ ထို့နောက် သတင်းကောင်းသည် တပါးအမျိုးသား လက်ခံရယူနိုင်ရန်အတွက် တပါးအမျိုးသားများထံ ရောက်ရှိလာခဲ့ခြင်း ဖြစ်ကြောင်းကို ရှင်းပြပါ။ သခင်ဘုရား၏ ကျေးဇူးတော် နှင့် ဂရုဏာတော်ကို ငြင်းပယ်နေသောသူများရှိနေလျှင် ကောင်းကင်၌သိုးသူငယ်ပွဲတော်ကြီး ကျင်းပသောအချိန်တွင် ထိုသူတို့အတွက် ကောင်းကင်တံခါးပိတ်ပြီး ဖြစ်သည်။ ထိုအချိန်တွင် မိမိတို့ အလွန်နောက်ကျကြပြီး ဖြစ်ကြောင်းကို တစ်နေ့ သိကြလိမ့်မည်။ ယနေ့ပင်လျှင် သခင်ယေရှု၏ သတင်းကောင်းကို ငြင်းပယ်ကြသည့်အခါ ဆင်ခြေပေးတက်သော သူအချို့အကြောင်းကို စဉ်းစားပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. "ခွင့်လွှတ်ခြင်း" နှင့် ပတ်သက်၍ ဤသင်ခန်းစာမှ သင့်အတွက် မည်သည့် စိန်ခေါ်မှုအသစ် (သင်ခန်းစားအသစ်)ကို ပေးသနည်း။<br>၂. ကျွန်ုပ်တို့သည် သခင်ယေရှု၏ ခွင့်လွှတ်ခြင်းကို ခံစားရပြီး ဖြစ်လျှင် သူတပါးတို့အား အဘယ်ကြောင့် ခွင့်မလွှတ်နိုင်ကြသနည်း။<br>၃. ***ဧဖက်၊ ၄း ၃၂*** ကို ရည်ညွှန်း၍ ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်း ခံစားရသည်နှင့် တပြိုင်နက် အခြား မည်သည့် အရည်အချင်းများကိုပါ ပိုင်ဆိုင်ထားသင့် သနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. 'မြို့လမ်းမ၊ လမ်းကြား'မှ လာသောသူများအား ဖော်ပြထားသည့်အရာကို ကြည့်ခြင်းဖြင့် တော်ဝန်စားပွဲတွင် ထိုင်ရန်အတွက် မထိုက်တန်သော သူဟူ၍မရှိပါ။<br>၂. သူတပါးအား ဆွဲဆောင်နိုင်သည့် အရည်အချင်းရှိသောသူသည် လူများကို သခင်ယေရှု၏ ကယ်တင်ခြင်း ကောင်းကြီးမင်္ဂလာထံသို့ ခေါ်ဆောင်လာပေးရမည် ဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်ရန် လူများအတွက် အခန်းများ ရှိနေသေးသည်။ |

| | ခ၂ - အဆင့် ၃<br>**သင်ခန်းစာ ၁ - နိမိတ်လက္ခဏာများ**<br>**ခေါင်းစဉ် - ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲစေခြင်း** | ခ၂ - အဆင့် ၄<br>**သင်ခန်းစာ ၁ - နိမိတ်လက္ခဏာများ**<br>**ခေါင်းစဉ် - ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲစေခြင်း** |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်ယောဟန်၊ ၂း ၁-၁၁*<br>**အဓိကသော့ချက်ကျမ်း** *ရှင်ယောဟန်၊ ၂း ၁၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သခင်ယေရှုသည် ကျွန်ုပ်တို့ နာခံရမည့် သူတစ်ဦး ဖြစ်သည်။<br>၂. ကျွန်ုပ်တို့သည် သခင်ယေရှုအား ယုံကြည်ကိုးစားလျှင် သူသည် ကျွန်ုပ်တို့ အသက်တာ၌ဝမ်းမြောက်ခြင်းကို သယ်ဆောင်လာပေးမည် ဖြစ်သည်။ | **ကျမ်းညွှန်း** *ရှင်ယောဟန်၊ ၂း ၁-၁၁*<br>**အဓိကသော့ချက်ကျမ်း** *ရှင်ယောဟန်၊ ၁၅း ၁၄၊ ရှင်ယောဟန်၊ ၂း ၅*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ကျွန်ုပ်တို့သည် သခင်ယေရှုအား ချစ်လျှင် မင်္ဂလာပွဲ၌ရှိသောအစေခံများကဲ့သို့ မာရိ၏ လမ်းညွှန်မှုကိုနားထောင်သင့်သည်။ " သူစေခိုင်းသမျှတို့ကို ပြုကြလော့" *(ရှင်ယောဟန်၊ ၂း၅)*<br>၂. ဤနိမိတ်လက္ခဏာကို ဆောက်ရွက်သည့်အခါ၌သခင်ယေရှုသည် လူသား ကိုယ်ခန္ဓာ ပိုင်ဆိုင်ထားသော်လည်း သူ၌ ဘုရားဇာတိ အပြည့်အဝရှိကြောင်း အားလုံးထံ ဖော်ပြခဲ့သည်။ ထိုအချိန်မှစ၍ ယုံကြည်သော တပည့်တော်များ၏ ယုံကြည်ခြင်းကို ပိုမိုခိုင်ခံ့မြဲမြံ စေခဲ့သည်။ |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | အရှေ့တိုင်း မင်္ဂလာပွဲများအကြောင်းကို မိတ်ဆက်ပြောပြပေးပါ။ ***(အခန်းငယ်၁)*** ဤကျမ်းချက်တွင် မာရိသည် "ယေရှု၏ မိခင်တစ်ဦးအနေဖြင့်" စကားပြောနေခြင်း ဖြစ်ကြောင်း ရှင်းပြပါ။ ထိုအချိန်၌ သခင်ယေရှုသည် အပျိုကညာ မာရိ၏ သားဖြစ်သောကြောင့် သူ့အားလူသိမများပေ၊ သူသည် ကျော်ကြားသောသူလည်း မဟုတ်ပါ။ သို့သော် မာရိသည် သခင်ဘုရား၏ မယ်တော်ဖြစ်တော်မူသောကြောင့် သူမအား လူအများက သိကြကြောင်း ရှင်းပြပါ။ သမ္မာကျမ်းစာထဲတွင် သခင်ယေရှုအား အမြဲပို၍ချီးမြှောက်ထားသည်။ မာရိအား ချီးမြှောက်ထားခြင်း မဟုတ်ပေ။ ထိုအကြောင်းကို ရည်ညွှန်း ပြောပြပါ။ | နိမိတ်လက္ခဏာ ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကြောင့် ထိုနိမိတ်လက္ခဏာများကို သတင်းကောင်းကျမ်းတွင် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သနည်း။ ထိုအကြောင်းအရာများကို ဆွေးနွေးပါ။<br>ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် နိမိတ်လက္ခဏာ ခုနစ်ခုကို ထည့်သွင်းဖော်ပြထားသည်။ ထိုနိမိတ်လက္ခဏာများသည် လူအများရှေ့မှောက်တွင်သာ လုပ်ဆောင်သောအရာများ ဖြစ်သည်။ ဂါလိလဲပြည်၊ ကာနမြို့၌ပြုသောနိမိတ်လက္ခဏာသည် သူ၏ ပထမဦးဆုံး နိမိတ်လက္ခဏာ ဖြစ်သည်။ အခြားနိမိတ်လက္ခဏာများမှာ အမတ်၏သားအား ကျန်းမာစေခြင်း၊ ဗေသေသဒ ရေကန်နား၌ရောဂါစွဲလျက်ရှိသောသူအား ကျန်းမာစေခဲ့ခြင်း၊ လူငါးထောင်အား ကျွေးမွေးခဲ့ခြင်း၊ ရေပေါ်တွင် လမ်းလျှောက်ခြင်း၊ မျက်စိမမြင်သောသူအား မျက်စိပြန်မြင်စေခဲ့ခြင်း၊ လာဇရုအား သေခြင်းမှ ထမြောက်စေခဲ့ခြင်း တို့ဖြစ်သည်။ သူရှင်ပြန်ထမြောက်ပြီးနောက်တွင် တပည့်တော်များထံ၌သာပြသည့် အခြားနိမိတ်လက္ခဏာ ရှစ်ခုရှိသေးသည်။ ထိုအထဲတွင် ငါးကြီးအကောင် ၁၅၃ကောင် ဖမ်းမိသည့် အကြောင်းအပါအဝင် ဖြစ်သည်။ |
| **သင်ခန်းစာကို ပြီးမြောက်စေပါ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. သခင်ယေရှုအား မင်္ဂလာပွဲသို့ ခေါ်ဖိတ်ရန် ဆုံးဖြတ်ချက်ချခြင်းသည် အလွန်ပညာရှိသော ဆုံးဖြတ်ချက် တစ်ခုပင်ဖြစ်သည်။ ထို့အတူပင် သခင်ယေရှုအား ကျွန်ုပ်တို့၏ နှလုံးသား၊ ကျွန်ုပ်တို့၏ အိမ်၊ ကျွန်ုပ်တို့ နေထိုင်သည့် ပတ်ဝန်းကျင်၊ ကျွန်ုပ်တို့၏ ကျောင်းပညာရေး ထဲသို့ ဖိတ်ခေါ်ရန် ဆုံးဖြတ်ချက်ချလျှင် သာ၍ပညာရှိသော ဆုံးဖြတ်ချက်ပင် ဖြစ်သည်။<br>၂. မင်္ဂလာပွဲအစမှာပင် စပျစ်ရည် ကုန်သွားသည့်အတွက် ဧည့်သည်များ စိတ်ပျက်ခဲ့ရသည်။ သို့သော် ထိုအခြေအနေတွင် သူတို့အား အကူအညီပေးရန်အတွက် သခင်ယေရှုထံသို့ သူတို့ ကြည့်ကြသည်။<br>၃. ခရစ်ယာန်အသက်တာသည် အကောင်းဆုံးကို အမြဲပိုင်ဆိုင်ရကြောင်း အကောင်းဆုံး စပျစ်ရည်ကို နောက်ဆုံးတွင် ချန်ထားခြင်း အကြောင်းအရာဖြင့် ကျွန်ုပ်တို့အား သတိပေးနေသည်။<br>၄. ခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်းကို ဤနိမိတ်လက္ခဏာအားဖြင့် ဖော်ပြနေပြီး၊ ယုံကြည်သော တပည့်တော်များ၏ "ယုံကြည်ခြင်း"ကိုလည်း ဤနိမိတ်လက္ခဏာ အားဖြင့် ခိုင်ခံ့မြဲမြံစေခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>ပြပါ **- FBI -** မင်္ဂလာပွဲ၌ ရှိသော ယေရှု | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. သခင်ယေရှု၊ သူ၏မယ်တော် နှင့် တပည့်တော်တို့သည် ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲစေခဲ့သည့် မင်္ဂလာဆောင်ပွဲတွင် ဧည့်သည်အဖြစ် ရောက်ရှိနေကြသည်။<br>၂. မာရိသည် အစေခံများကို ယေရှုထံသို့ ညွှန်ပြခဲ့ပြီး၊ "သူစေခိုင်းသမျှကို ပြုကြလော့"ဟု သူမ၏ နောက်ဆုံးစကားတွင် ဖော်ပြထားသည်။ အခြားသောသူများထက် သခင်ယေရှုအား ပို၍ နာခံရမည် ဖြစ်ကြောင်း လမ်းညွှန်ပေးခဲ့သည်။<br>၃. ဤမင်္ဂလာဆောင်ပွဲတွင် အစီအစဉ် နောက်ဆုံးပိုင်းရောက်သည့်အချိန်မှာသာ အကောင်းဆုံးစပျစ်ရည်ဖြင့် ဧည့်ခံခဲ့သည်။ သို့သော် မင်္ဂလာဆောင်ပွဲများတွင် ပြုလေ့ရှိသောအရာမှာ အကောင်းဆုံး စပျစ်ရည်ကို အဦးဆုံး ဧည့်ခံလေ့ရှိသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>ပြပါ။ **- FBI -** မင်္ဂလာပွဲ၌ ရှိသော ယေရှု |
| **ပြန်လှန်လေ့ကျင့်ပါ** | အဆင့် ၃၊ ခ၂ ၊ သင်ခန်းစာ ၁ ရှိ မေးခွန်းများကို ဖြေဆိုရာတွင် ကျောင်းသားများအတွက် အထောက်အကူ ဖြစ်စေရန် မေးခွန်းတိုများ မေးခြင်းဖြင့် ဤသင်ခန်းစာကို ပြန်လှန်ပါ။ | ခရစ်ယာန်အသက်တာတွင် လိုက်လျှောက်အသက်ရှင်နိုင်ရန် အထက်ပါ အချက်များကို ပြန်လှန်လေ့လာပါ။ မှတ်စု ရေးပါ။<br>၁. စပျစ်ရည်သည် ဝမ်းမြောက်ခြင်းကို ပုံဆောင်ကြောင်း သမ္မာကျမ်းထဲတွင် ဖော်ပြထားသည်။ ယေရှု၏ မယ်တော်က 'စပျစ်ရည်မရှိဟု ' ပြောသည်။ ***(အငယ်၊ ၃)*** သခင်ယေရှုအား လုံးဝမကိုးစားသောသူများ၊ မယုံကြည်သောသူများ အသက်တာတွင် ဝမ်းမြောက်ခြင်း လုံးဝမရှိခြင်းကို သူမ အတိအလင်း ဖော်ပြနေသည်။<br>၂. သခင်ယေရှုအား ချစ်သောသူများသည် သူ၏စကားတော်ဖြစ်သည့် သမ္မာကျမ်းစာထဲတွင် မိန့်တော်မူသမျှကို ယုံကြည်ပြီး နာခံလုပ်ဆောင်ရမည် ဖြစ်သည်။ |
| **လိုက်လျှောက်အသက်ရှင်ပါ** | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. သင်၏နှလုံးသားထဲသို့ ခရစ်တော်ကို ခေါ်ဖိတ်ခြင်း ဆိုသောအဓိပ္ပာယ်ကို ဆွေးနွေးပါ။ သခင်ဘုရားအတွက် အသုံးရသောသူအဖြစ် ကျွန်ုပ်တို့ အသက်ရှင်နိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား မည်သို့ ကူညီပေးကြောင်းကို သိနိုင်ရန် ***သုတ္တံ၊ ၃း ၅-၆*** ဖတ်ပါ။<br>၂. သခင်ယေရှုအား မိမိ၏ ကယ်တင်ရှင် နှင့် သခင်အဖြစ် ယုံကြည်လက်ခံသောသူများ ကောင်းကင်သို့ ရောက်သည့်အချိန်တွင် သူတို့အတွက် စောင့်မျှော်နေသည့် ဝမ်းမြောက်ခြင်း အကြောင်းကို သိနိုင်ရန် ***ဆာလံ၊ ၁၆း ၁၁*** ကို ဖတ်ပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့သည် သခင်ယေရှုအား မိမိတို့၏ ကယ်တင်ပိုင်ရှင် နှင့် သခင်အဖြစ် မည်သို့ ယုံကြည်ကိုးစားသည့် အကြောင်း စဉ်းစားဆင်ခြင်ပါ။<br>၂. ကျွန်ုပ်တို့၏ အသက်တာတွင် ဘုရားသခင်၏ အလိုတော်ကို ပိုမိုသိရှိနိုင်ရန် ကျမ်းစာဖတ်ခြင်း၊ ပုံမှန်ဆုတောင်းခြင်းသည် အလွန်အရေးကြီးသည့် အကြောင်းကို ဆွေးနွေးပါ။ |

| | ၁၂ - အဆင့် ၃<br>သင်ခန်းစာ ၂ - နိမိတ်လက္ခဏာများ<br>ခေါင်းစဉ် - ကျန်းမာလာသော လူငယ်လေး | ၁၂ - အဆင့် ၄<br>သင်ခန်းစာ ၂ - နိမိတ်လက္ခဏာများ<br>ခေါင်းစဉ် - ကျန်းမာလာသော လူငယ်လေး |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်ယောဟန်၊ ၄း ၄၃- ၅၄*<br>**အဓိကသော့ချက်ကျမ်း** *ရှင်ယောဟန်၊ ၄း ၅၀*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. အမတ်တစ်ဦး၏ သားသည် ဖျား၍ သေလုဆဲဆဲ ဖြစ်နေသည်။ သူသည် ယေရှုနှင့် အလွန်ဝေးသည့် နေရာတွင် ရှိနေသည်။ သို့သော် ယေရှုသည် သူအား ကျန်းမာခြင်းပေးခဲ့သည်။<br>၂. ကျွန်ုပ်တို့အားလုံးသည် အပြစ်သားအဖြစ် မွေးဖွားလာကြသော သူများဖြစ်ပြီး သခင်ယေရှုနှင့် ဝေးနေသောသူများ ဖြစ်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် နောင်တရပြီး၊ အပြစ်ခွင့်လွှတ်ခြင်း ခံစားရရန်အတွက် သခင်ယေရှုထံ ပြန်လှည့်လာလျှင် သူသည် ကျွန်ုပ်တို့အား အသစ်သောအသက်တာကို ပေးပိုင်နိုင်သည်။ | **ကျမ်းညွှန်း** *ရှင်ယောဟန်၊ ၄း ၄၃- ၅၄*<br>**အဓိကသော့ချက်ကျမ်း** *တမန်တော်၊ ၁၆း ၃၁၊ ရောမ၊ ၁၀း ၉*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. အမတ်တစ်ဦး၏ သားသည် ဖျား၍ သေလုဆဲဆဲ ဖြစ်နေသည်။ ထိုသူငယ် ပြန်လည်ကျန်းမာ လာစေရန်အတွက် ပြုလုပ်ပေးနိုင်သည့် တန်ခိုးတော် သခင်ယေရှုတပါးတည်း၌ သာရှိသည်။<br>၂. ကျွန်ုပ်တို့၏ အပြစ်များသည် သေနာရောဂါကဲ့သို့ ဖြစ်သည်။ ဝိညာဉ်သဘောအားဖြင့် ကြည့်လျှင် ထိုအပြစ်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ကို သေစေသည့် အပြစ်ဖြစ်သည်။ သခင်ယေရှု တပါးတည်းသာ ထိုအပြစ်များကို ဆေးကြောပေးနိုင်ပြီး ကျွန်ုပ်တို့အား ထာဝရအသက် ပေးပိုင်နိုင်သောသူ ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | သခင်ယေရှုသည် ပထမအကြိမ် ကာနမြို့သို့ သွားသောအချိန်တွင် ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲပေးခဲ့သည့်အကြောင်းကို ကျောင်းသားများထံ ပြန်လည်သတိပေး ပြောပြပါ။ ထိုအရပ်၌ နေသောသူတို့သည် အခြားသော အံ့ဖွယ်နိမိတ်လက္ခဏာတစ်ခုကို ကာနမြို့၌ ထပ်မံမြင်တွေ့ကြရပြန်သည်။ အမတ်၏ သားကို ကျန်းမာစေခဲ့သည်။<br>ကာနမြို့၌ ရှိသောယေရှု နှင့် ကပေရနောင်မြို့၌ ရှိသောအမတ်၏သား ထိုသူတို့၏ အကွာအဝေးကို ဖော်ပြနိုင်ရန် သင်ခန်းစာပါ မြေပုံကို အသုံးပြုပါ။ သခင်ယေရှုသည် လူကိုယ်တိုင် ကပေရနောင်မြို့၌ မရှိသော်လည်း သူ၏တန်ခိုးတော်သည် အဝေး၌ ရှိသော လူနာကို ကျန်းမာစေနိုင်ခဲ့သည်။ | သခင်ယေရှုသည် ပထမအကြိမ် ကာနမြို့သို့ သွားသောအချိန်တွင် ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲ ပေးခဲ့သည့်အကြောင်းကို ကျောင်းသားများထံ ပြန်လည်သတိပေး ပြောပြပါ။ ထိုအချိန်တွင် သူ၏ သတင်းသည် ကျော်ဇောခဲ့ပြီး၊ ဟေရုဒ်၏ နန်းတော်တွင် အမှုထမ်းသည့် အမတ်တစ်ဦး၏ သားသည် ဖျား၍ သေလုဆဲဆဲ ဖြစ်လေရာ၊ ထိုအမတ်သည် သခင်ယေရှုထံသို့လာပြီး၊ သူ၏သားအား ကျန်းမာခြင်း ပေးရန် တောင်းပန်ခဲ့သည်။<br>ထိုသူငယ်အား ကျန်းမာခြင်းပေးရန်အတွက် သခင်ယေရှုသည် လူနာ၏ အနီးအနားတွင် ရှိသင့်သည် ဟု အမတ်ထင်ခဲ့သည်။ ဤအခြေအနေတွင် သခင်ယေရှုသည် ထိုအမတ်၏ မယုံကြည်ခြင်းအပေါ် အပြစ်မြင်ပြီး ငြင်းပယ်ခြင်း မပြုခဲ့ပေ။ သို့သော် ထိုသူ၌ ယုံကြည့်ခြင်း ပိုမိုရှိနိုင်ရန်အတွက် လုပ်ဆောင် ပေးခဲ့သည်။ နိမိတ်လက္ခဏာအပေါ် အခြေခံသည့် ယုံကြည်ခြင်းသည် ဘုရားသခင် စိတ်တော်နှင့်တွေ့သောအရာ အဟုတ်ပေ။ ဘုရားသခင်၏ စကားတော်အပေါ်၌သာ အခြေခံသည့် ယုံကြည်ခြင်း ဖြစ်ရမည်။ ဦးစွာ ယုံကြည်ခြင်း ရှိရမည် ပြီးနောက် နိမိတ်လက္ခဏာကို မြင်ရမည် ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ထိုသူငယ်၏ ဖခင်သည် ဟေရုဒ် နန်းတော်တွင် အမှုထမ်းနေသည့် အမတ်တစ်ဦး ဖြစ်သည်။ ထိုသူသည် သေလုဆဲဆဲ ဖြစ်နေသော သူ၏သားအား ကျန်းမာခြင်းပေးရန် ယေရှုထံ လာရောက်တောင်းဆိုသည့် အကြောင်းကို ကြည့်ခြင်းဖြင့် သူသည် အခြားသော ယုဒလူများထက် သခင်ယေရှုအား ပိုမိုယုံကြည် ကိုးစားကြောင်းကို တွေ့ရသည်။<br>၂. ထိုသူငယ်အား ကျန်းမာခြင်းပေးရန်အတွက် သခင်ယေရှုသည် လူနာ၏ အနီးအနားတွင် ရှိသင့်သည် ဟု လူနာ၏ဖခင်သည် တွေးထင်ခဲ့သည်။ သို့သော် သခင်ယေရှုသည် ဖခင်အား သင်၏သားသည် ကျန်းမာပြီး ဟု မိန့်တော်မူခဲ့သည်။ အမတ်လည်း သခင်ယေရှု၏ စကားတော်ကို ယုံကြည်ပြီး အိမ်သို့ ပြန်လာခဲ့သည်။ လမ်းတွင် သူ၏အစေခံများနှင့် တွေ့ရာ သူငယ် ကျန်းမာပြီးဟု သူထံ ပြောပြခဲ့ရာ၊ မည်သည့်အချိန်တွင် ကျန်းမာခြင်း ခံစားရသနည်းဟု မေးခဲ့သည်။ အစေခံများ ပြောပြသောအချိန်သည် ယေရှုက သင်၏သားသည် ကျန်းမာပြီးဟု မိန့်တော်မူသောအချိန်ပင် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>ပြပါ - **FBI** - သင့်လျော်သည့် ပုံမရှိပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ဖျားနာသောသား နှင့် ဖခင်၏ တောင်းဆိုမှု။ ဖျားနာခြင်း နှင့် သေခြင်းသည် ကျွန်ုပ်တို့ လူသားတိုင်း ရင်ဆိုင်ကြရမည့် အရာပင် ဖြစ်သည်။ ဆင်းရဲခြင်း နှင့် ချမ်းသာခြင်းသည်လည်း ထို့အတူပင် ဖြစ်သည်။ သို့သော် လူသားအားလုံးသည် မိမိတို့၏ ဝိညာဉ်ရေးရာ လိုအပ်ချက်အတွက် သခင်ယေရှုကို အားလုံး လိုအပ်ကြသည်။ အပြစ်တရားသည် သေနာရောဂါတစ်ခုကဲ့သို့ ဖြစ်ကြောင်း သခင်ယေရှု ပြောထားသည်။ ***(ရှင်မဿဲ၊ ၉း ၁၂-၁၃)*** သားတော်ကို ရသောသူသည် ထာဝရအသက်ကိုရ၏ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား ထာဝရအသက်ကိုမရဟု ကျမ်းစာထဲတွင် သွန်သင်ထားသည်။ ***(၁ယောဟန်၊ ၅း ၁၀-၁၄)***<br>၂. **သခင်ဘုရား၏ တုန့်ပြန်မှု။** သင်၏သားသည် ကျန်းမာပြီး ဟု မိန့်တော်မူသောအချိန်တွင် သခင်ယေရှုသည် အမတ်၏ ယုံကြည်ခြင်းကို စမ်းသပ်ခဲ့ခြင်း ဖြစ်သည်။ ***(အငယ်၊ ၅၀)*** ထိုအချိန်အခါတွင် ရှိသောသူတို့သည်လည်း ယနေ့ခေတ်တွင် ရှိသောသူများကဲ့သို့ပင် ဘုရားသခင်၏ စကားတော်ကို ယုံကြည်ရမည့်အစား နိမိတ်လက္ခဏာများကို မြင်တွေ့လိုကြသည်။ ***(အငယ်၊ ၄၈)*** ဦးစွာ ယုံကြည်ရမည်။ သို့မှသာ နိမိတ်လက္ခဏာကို မြင်ရမည် ဖြစ်သည်။<br>၃. **အကျိုးကျေးဇူး။** ဘုရားသခင်၏ စကားတော်သည် အသက်ရှင်တော်မူသော နှုတ်ကပတ်တော်ဖြစ်သည်။ ထိုနှုတ်ကပတ်တော်အားဖြင့် သခင်ယေရှုအား သိရှိနိုင်ရုံသက်သက်သာ မဟုတ်ပေ။ ထိုနှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ အသက်တာများ ပိုမိုကြီးထွားရင့်ကျက်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ စကားတော် နောက်တွင် ဘုရားသခင်၏ တန်ခိုးတော်ရှိသည်။ အမတ်သည် ယုံကြည်ခဲ့သည်။ သူ၏သားလည်း ကျန်းမာခဲ့သည်။ ရလဒ်အနေဖြင့် သူတို့၏ မိသားစုများ ယုံကြည်သောသူများ ဖြစ်လာကြသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>ပြပါ - **FBI** - သင့်လျော်သည့် ပုံမရှိပါ။ |
| ပြန်လှန်လေ့ကျင့်ပါ | အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်ယောဟန်၊ ၄း ၅၀*** ကို သင်ယူပြီး၊ သခင်ယေရှု၏ တန်ခိုးတော်သည် အမတ်၏သားတစ်ဦးတည်းကိုသာ ကယ်တင်ခြင်း မဟုတ်ဘဲ၊ တစ်မိသားစုလုံး သခင်ယေရှုကို ယုံကြည်ခဲ့ကြသည့် အကြောင်း၊ နှင့် ထိုကျမ်းချက်အားဖြင့် ဤသင်ခန်းစာကို မည်သို့ အကျဉ်းချုံး ဖော်ပြထားကြောင်း ဆွေးနွေးပါ။ ***(ရှင်ယောဟန်၊ ၄း ၅၃)*** | ဤအကြောင်းနှင့် စပ်ဆက်၍ ***ဟေဗြဲ၊ ၁၁း ၆*** မှ ဖော်ပြချက်ကို ထင်ဟပ်စေပါ။ "ယုံကြည်ခြင်း မရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်" ၊ ထိုကျမ်းချက်သည် မည်သို့ ရည်ညွှန်းကြောင်း နှင့် ကျောင်းသားများ မည်သို့ သင်ယူကြကြောင်း ဆွေးနွေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့၏ ထာဝရအသက်တာအတွက် ကျွန်ုပ်တို့ အယောက်စီတိုင်းသည် သခင်ယေရှုအား ကိုးစားယုံကြည်ရန် လိုအပ်သည်။<br>၂. အံ့ဖွယ်နိမိတ်လက္ခပြုရန်အတွက် နှင့် ဆုတောင်းခြင်းကို အဖြေပေးရန် အတွက် သခင်ယေရှု ရှိနေရန် မလိုပေ။ သူ၏တန်ခိုးတော်အားဖြင့် မည်သည့် နေရာတွင်မဆို မည်သည့် အချိန်တွင်မဆို သူအလုပ်လုပ်နိုင်ကြောင်း နုနယ်သောခရစ်ယာန်များထံ ကျွန်ုပ်တို့ ခွန်အားပေးသင့်သည်။ ဤအရာသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်း အသက်တာကို ပိုမို ခွန်အား ဖြစ်စေသည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. အမတ်သည် သခင်ယေရှု၏ စကားတော်ကို ယုံကြည်ပြီး အိမ်သို့ ပြန်သွားခဲ့သည်။ သူ၏ယုံကြည်ခြင်းကို သူ၏အပြုအမူအားဖြင့် သက်သေပြခဲ့သည်။ ကျောင်း နှင့် အိမ်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို လက်တွေ့ကျကျ အသက်တာဖြင့် သက်သေပြနိုင်သည့် နည်းလမ်းများကို စဉ်းစားပါ။<br>၂. သခင်ယေရှုအပေါ်၌ ထားရှိသော ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ယနေ့ ကျွန်ုပ်တို့ အသက်ရှင်နေထိုင်နေသည့် လူ့အသိုင်းအဝိုင်း ယဉ်ကျေးမှုများအကြားတွင် မည်သို့ နေရာယူထားသနည်း။ (နှုတ်ကပတ်တော်အပေါ် ဦးစွာယုံကြည်ခြင်းရှိရမည့်အရာနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော နမိတ်လက္ခဏာကို ဦးစွာ မြင်လိုပြီး နောက်မှ ယုံကြည်ချင်သောသူများကို ရည်ညွှန်းပြောပြပါ။ ပထမဦးစွာ ယုံကြည်ခြင်းရှိမှသာ နှုတ်ကပတ်တော်မှ ကျွန်ုပ်တို့ အသက်တာအတွက် ဘုရားသခင် အလိုတော်ရှိသောအရာကို ကျွန်ုပ်တို့ မြင်ရမည် ဖြစ်သည်။) |

| | ၁၂ - အဆင့် ၃<br>သင်ခန်းစာ ၃ - နိမိတ်လက္ခဏာများ<br>ခေါင်းစဉ် - မျက်စိကန်း သောသူ - အလင်းရသည်။ | ၁၂ - အဆင့် ၄<br>သင်ခန်းစာ ၃ - နိမိတ်လက္ခဏာများ<br>ခေါင်းစဉ် - မျက်စိမမြင်သော ဗာတိမဲ |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်မာကု၊ ၁၀း ၄၆-၅၂*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မာကု၊ ၁၀း ၅၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ဗာတိမဲသည် အကူအညီ အရမ်းလိုအပ်နေသော သူတစ်ဦး ဖြစ်သည်။ သူ၏ လိုအပ်ချက်ကို သူသိသည်။ သူ၏လိုအပ်ချက်အတွက် ယေရှုနှင့် တွေ့ရန် သူဆုံးဖြတ်ခဲ့သည်။<br>၂. သခင်ယေရှုသည် ဗာတိမဲ၏ ဆုတောင်းချက်ကို အဖြေပေးခဲ့သည်။ သခင်ယေရှု ယေရုရှလင်သို့ နောက်ဆုံးသွားသောခရီးတွင် ဗာတိမဲသည် ယေရှု၏ နောက်တော်သို့ လိုက်ခြင်းအားဖြင့် ယေရှုအား ကျေးဇူးတင်ကြောင်း ပြသခဲ့သည်။ | **ကျမ်းညွှန်း** *ရှင်မာကု၊ ၁၀း ၄၆-၅၂*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မာကု၊ ၁၀း ၅၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ဗာတိမဲအား ယေရှုခေါ်တော်မူသကဲ့သို့ ***(အငယ်၊ ၄၉)*** ယနေ့တွင်ပင် သတင်းကောင်း ဝေငှဟောပြောခြင်းအားဖြင့် ဝိညာဉ်ရေးရာ မျက်စိကန်းသောသူများကို သူထံသို့လာရန် သခင်ယေရှု ဖိတ်ခေါ်နေသည်။<br>၂. ကယ်တင်ခြင်းအတွက် သခင်ယေရှုကို ကျွန်ုပ်တို့ ယုံကြည်ကိုးစားသည့်အချိန်တွင် ကျွန်ုပ်တို့၏ အပြစ်နှင့် ပြည့်နေသောအသက်ကို စွန့်ပစ်ပြီး သခင်ဘုရား၏ နောက်တော်သို့ လိုက်ရမည် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | မျက်မမြင် တစ်စုံတစ်ဦးကို တွေ့မြင်ဘူးပါသလား ဟု ကျောင်းသားများထံ မေးပါ။ ထိုမျက်မမြင်၏ အသက်တာတွင် ကြုံတွေ့ရသည့် အခက်အခဲများအကြောင်း ပြောပါ။ မျက်မမြင်များကို လူတို့ မည်သို့ ကူညီနိုင်ကြသည့်အကြောင်း ဆွေးနွေးပါ။ သို့သော် မွေးရာပါမျက်စိကန်းခြင်းကိုမူ မကုသပေးနိုင်ပေ။ | ဤလောကတွင် သခင်ယေရှု အသက်ရှင်စဉ် ကာလ၌ လူတို့သည် မျက်စိမမြင်သော သူများအား အနည်းငယ်သာ ကူညီမစကြသည်။ ထို့ကြောင့် မျက်မမြင်များသည် မိမိတို့၏ ဝမ်းရေးအတွက် တောင်းစားသည့် အလုပ်ကိုသာ လုပ်ကြရသည်။ ယနေ့ခေတ် အခြေအနေနှင့် ယှဉ်ကြည့်လျှင် အလွန်ကွာခြားလှသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. သခင်ယေရှုသည် ဒါဝိဒ်၏ သားတော် မေရှိယ ဖြစ်ကြောင်း ယုဒလူမျိုး ဖြစ်သည့် မျက်မမြင် ဗာတိမဲသည် ယုံကြည်ခဲ့သည်။ ဤအကြောင်းကို ယုဒလူမျိုး အများစုသည် မယုံကြည်ကြပေ။<br>၂. ဗာတိမဲသည် သူ၏မျက်စိမြင်နိုင်ရန်အတွက် သူ့အား ကူညီပေးရန် အဆက်မပျက် အော်ခေါ်ခဲ့သည်။ ထို့နောက် ကောင်းကင် နှင့် မြေကြီး၊ စကြာဝဠာကို ဖန်ဆင်း ပိုင်သတော်မူသော သခင်ယေရှုသည် 'ရပ်တော်မူ' ခဲ့သည်။ (အငယ်၊ ၄၉) မျက်မမြင်၏ တောင်းလျှောက်သံကို နားထောင်ပြီး သူ၏ မျက်စိမြင်စေရန် ပြုလုပ်ပေးခဲ့သည်။<br>၃. လက်ဝါးကပ်တိုင်ပေါ်တွင် အသေမခံမီ သခင်ယေရှု ယေရုရှလင်သို့ နောက်ဆုံးသွားသောခရီးတွင် ဗာတိမဲသည် သစ္စာရှိစွာဖြင့် ယေရှု၏ နောက်တော်သို့ လိုက်ခြင်းအားဖြင့် ယေရှုအား ကျေးဇူးတင်ကြောင်း ပြသခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သခင်ယေရှုသည် မျက်မမြင် ဗာတိမဲကို ကျန်းမာစေခဲ့သည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ဗာတိမဲသည် ဆင်းရဲပြီး၊ မျက်စိမမြင်သောသူတစ်ဦး ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သည့် အရပ်သို့ သွားနေသည်ကို မသိကြသည့် အတွက်ကြောင့် ကျွန်ုပ်၏ သိညာဉ်ရေးရာ မျက်စိမမြင်ခြင်းကို ဗာတိမဲ၏ အသက်တာအားဖြင့် သတိပေးနေသည်။<br>၂. ဤသို့ဖြစ်ခြင်းသည် ဗာတိမဲ၏ နောက်ဆုံး ပြောင်းလဲခြင်း အတွက် သခင်ယေရှုနှင့် တွေ့ဆုံခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် သူသည် "အကျွန်ုပ်ကို ကယ်မသနား တော်မူပါ။" ဟု သခင်ယေရှုထံ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ ***(အငယ်၊ ၄၇)*** 'အကျွန်ုပ်ကို' ဟု သုံးထားသည့် စကားလုံးကို တွေ့ရသည့်အတွက် ကယ်တင်ခြင်းသည် တစ်ဦးခြင်းစီ၏ လက်ခံယုံကြည်ခြင်းနှင့်သာ သက်ဆိုင်ကြောင်း ဥပမာ ပေးထားသည်။<br>၃. ဗာတိမဲသည် သခင်ယေရှုထံသွားရာတွင် အတားအဆီး ဖြစ်စေသည့်အရာ အားလုံးကို စွန့်ပစ်ခဲ့သည်။ အကျွန်ုပ်၏ မျက်စိမြင်ခြင်းငှါ ပြုတော်မူပါဟု သူတောင်းလျှောက်ပြီး ခဏခြင်းတွင် သူ၏မျက်စိမြင်ရပြီး ယေရှု၏နောက်တော်သို့ လိုက်ခဲ့သည်။ ဤသည်မှာ သခင်ယေရှု နောက်တော်သို့ သူချက်ခြင်း လိုက်ခဲ့သည့်အတွက် "ပထမဦးဆုံး မြင်မြင်ခြင်း ချစ်သည့် အချစ်မျိုး" ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သခင်ယေရှုသည် မျက်မမြင် ဗာတိမဲကို ကျန်းမာစေခဲ့သည်။** |
| ပြန်လှန်လေ့ကျင့်ပါ | ***အခန်းငယ်၊ ၅၁*** ၌ဖော်ပြထားသည် ဗာတိမဲ၏ ဆုတောင်းချက်အတိုလေး နှင့် ***အခန်းငယ်၊ ၅၂*** ရှိ ယေရှု၏ ချက်ခြင်း တုန့်ပြန် အဖြေပေးသည့်အရာကို ကလေးများ သတိပြုမိစေရန် ပြုလုပ်ပေးပါ။ သင်၌ အဘယ်သို့ ပြုစေလိုသနည်း ဟု ယေရှုသည် ဗာတိမဲအား မေးသည့်အရာကို ကြည့်ခြင်းဖြင့် သခင်ယေရှုအား ယုံကြည်ကိုးစားခြင်း နှင့် သူ၏နောက်တော်သို့ လိုက်ခြင်းသည် အရေးကြီးကြောင်း ကျွန်ုပ်တို့ သင်ယူနိုင်သည်။ ထိုသို့သော အခွင့်အရေးမျိုးကို ကျွန်ုပ်တို့ အမြဲရနိုင်လိမ့်မည် မဟုတ်ပေ။ အကယ်၍ ဗာတိမဲသည် ဤအခွင့်အရေးနှင့် လွဲသွားခဲ့မည်ဆိုပါက သူသည် ယေရှုနှင့် နောက်တစ်ကြိမ် တွေ့ဆုံနိုင်လိမ့်မည် မဟုတ်ပေ။ | ***ရှင်မဿဲ၊ ၄း ၁၈-၂၂*** ကို ကြည့်ပါ။ သူတို့လုပ်နေသည့် အလုပ်ကို စွန့်ပစ်ပြီး ယေရှု နောက်တော်သို့ ချက်ခြင်းလိုက်ခဲ့သည့် သူတို့မှာ မည်သူတို့နည်း။ ***ဖေက်၊ ၆း၁၀-၁၈ နှင့် ကောလောသဲ၊ ၃း၈-၁၇*** ကိုကြည့်ပါ။ သူ့နောက်သို့ လိုက်သောသူများထံမှ သခင်ယေရှု မျှော်လင့်သော အရည်အချင်းများမှာ အဘယ်နည်း။<br>ဤကျမ်းညွှန်းကို ဖတ်ခြင်းဖြင့် ခရစ်ယာန်အသက်တာ၌ လိုက်လျှောက်သင့်သည့် အဓိကအချက် ခြောက်ချက်ကို စာရင်းပြုစုပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ယုဒမျက်မမြင် တစ်ဦးသည် မှန်ကန်သည့် ဝိညာဉ်ရေးရာအလင်းရရှိပြီး သခင်ယေရှု နောက်တော်သို့ လိုက်ရန် ပြင်ဆင်ခဲ့ကြောင်း သိမြင်နိုင်သည်။ လူတိုင်းသည် သခင်ယေရှုအား ယုံကြည်ကိုးစားရမည် ဖြစ်ပြီး၊ သူ၏ နောက်တော်သို့ လိုက်ခြင်းဖြင့် သူ၏အလိုတော်ကို ဆောင်ရမည်ဖြစ်သည်။<br>၂. ကျွန်ုပ်တို့ ဆုတောင်းချက်များသည် ရှည်နေစရာမလိုပေ။ ယေရှုအား ကျွန်ုပ်တို့ ချစ်ကြောင်း ပြောရမည်။ ထို့နောက် သူ့အတွက် မည်သို့ အသက်ရှင် လိုက်လျှောက်ရမည်ကို သာ တောင်းလျှောက်ရမည် ဖြစ်သည်။<br>၃. ကလေးများ တစ်ဦးချင်းစီ၏ လိုအပ်သည့် ဆုတောင်းချက်များကို မေးပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. သခင်ယေရှု သင့်အား ခေါ်နေစဉ် နှင့် အချိန်ရှိစဉ်တွင် ကယ်တင်ခြင်းအတွက် သခင်ယေရှုအား ရှာဖွေခြင်း၊ လက်ခံယုံကြည်ခြင်းသည် အလွန်အရေးကြီးသည်။<br>၂. ကျွန်ုပ်တို့သည် သခင်ယေရှု၏ နောက်တော်သို့ လိုက်သည့်အချိန်တွင် သူ၏ တန်ခိုးတော်သည် ကျွန်ုပ်တို့၏ အသက်တာတွင် အလုပ်လုပ်ပြီး သူ၏ အလိုတော်အတိုင်း အသက်ရှင်ခြင်းဖြင့် သူ၏အလိုကို ဆောင်သောသူများ ဖြစ်ကြမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ အပြစ်နှင့်ပြည့်နေသော အသက်တာဟောင်းများသည် အဆုံးသတ်သွားပြီး၊ သခင်ယေရှု၌ အသစ်သောအသက်တာတွင် စတင်လာပြီး ဖြစ်သည်။<br>၃. ***ရှင်ယောဟန်၊ ၈း ၁၂***ကို ဖတ်ပါ။ အတိတ်၏ မှောင်မိုက်အကျင့်များကို ဖယ်ရှားပြီး၊ "အလင်း၌ လိုက်လျှောက်ခြင်း" ၏ အဓိပ္ပာယ်ကို စဉ်းစားပါ။ |

| | ၁၂ - အဆင့် ၃<br>သင်ခန်းစာ ၄ - နမိတ်လက္ခဏာများ<br>ခေါင်းစဉ် - သန့်ရှင်းခြင်းသို့ ရောက်သည့် နူနာရောဂါသည် ဆယ်ဦး | ၁၂ - အဆင့် ၄<br>သင်ခန်းစာ ၄ - နိမိတ်လက္ခဏာများ<br>ခေါင်းစဉ် - နူနာရောဂါသည် ဆယ်ဦး |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၇း ၁၁-၁၉*<br>**အဓိကသော့ချက်ကျမ်း** *ဆာလံ၊ ၁၀၇း ၈*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များကို သန့်ရှင်းစင်ကြယ်စေနိုင်သည့် တစ်ဦးတည်းသော ပုဂ္ဂိုလ် ဖြစ်သည်။<br>၂။ သန့်ရှင်းခြင်းသို့ ရောက်သောသူတိုင်းသည် ချစ်ခြင်းမေတ္တာ နှင့် သခင်ဘုရားအား အချိန်ပေးခြင်းဖြင့် မိမိတို့၏ ကျေးဇူးသိတတ်ခြင်းကို ဖော်ပြရမည်ဖြစ်သည်။ | **ကျမ်းညွှန်း** *ရှင်လုကာ ၁၇း ၁၁-၁၉*<br>**အဓိကသော့ချက်ကျမ်း** *ဖေဖက် ၂း ၈-၉*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကျွန်ုပ်တို့အားလုံးသည် အပြစ်နှင့်မွေးဖွားလာကြပြီး၊ ထိုအပြစ်ရောဂါကို သခင်ယေရှု တစ်ပါးတည်းကသာ ဖြေရှင်းပေးနိုင်သည်။<br>၂။ သခင်ယေရှုခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ အပြစ်ရောဂါများ ကျန်းမာခြင်း ခံစားရသည့်အချိန်တွင် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် နှင့် နေ့စဉ် ခံစားရသည့် ကောင်းကြီးမင်္ဂလာများအတွက် သခင်ဘုရားအား ကျေးဇူးတင်ရမည်ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | နူနာရောဂါသည် အရေပြားရောဂါ တစ်မျိုးဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် ယနေ့တိုင် လူအများ ကူးစက်ခံစားနေကြရသည့် ရောဂါလည်း ဖြစ်သည်။<br><br>***ဝတ်ပြုရာကျမ်း၊ ၁၃း ၄၅-၄၆*** ကို ကြည့်ပြီး၊ မောရှေ ဦးဆောင်သောအချိန်တွင် နူနာရောဂါသည်များသည် မသန့်ရှင်းသောသူများဖြစ်ပြီး အခြားသူများနှင့် မရောနှောဘဲ သည်းခြားစီနေကြရသည်။ | နူနာရောဂါသည် အလွန်ကြောက်စရာကောင်းသည့် အရေပြားရောဂါတစ်မျိုးဖြစ်သည်။ ယနေ့တိုင် ကမ္ဘာပေါ်တွင် ရှိနေဆဲ ဖြစ်သည်။ ပျမ်းမျှအားဖြင့် ကမ္ဘာ့လူဦးရေ၏ သန်း၂၀သော လူတို့သည် ဤရောဂါကို ခံစားကြရသည်။ ထိုသို့သော ရောဂါသည်များကို ကူညီရန်အတွက် အချို့သောသူများသည် 'အဖွဲ့အစည်းများ' 'နူနာရောဂါ ကုသရေးအဖွဲ့များ' တည်ထောင် ထားကြသည်။<br>နူနာရောဂါ ခံစားရသည့် သူများ၏ အကြောင်းကို အခြားကျမ်းချက်များတွင် လေ့လာပါ။ ***ဝတ်ပြုရာကျမ်း၊ ၁၃း ၄၅-၄၆*** တွင်လည်း ကြည့်ပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ နူနာရောဂါသည်တို့သည် လူအများနှင့် ရောနှော၍ နေထိုင်ခွင့် မရကြသည့်အတွက်ကြောင့် သူတို့သည် အဝေးမှနေ၍ ကယ်မသနားတော်မူပါဟု သခင်ယေရှုထံ အော်ဟစ်တောင်းဆိုခဲ့ကြသည်။<br>၂။ နူနာရောဂါသည်တို့သည် သခင်ယေရှု၏ အမိန့်တော်ကို နာခံပြီး၊ မိမိတို့ကိုယ်ကို ယဇ်ပရောဟိတ်ထံ ပြရန် ထွက်သွားခဲ့ကြသည်။ သူတို့သည် သွားစဉ်တွင် သန့်ရှင်းခြင်းသို့ ရောက်ကြသည်။<br>၃။ ယဇ်ပရောဟိတ်သာလျှင် သူတို့အားစစ်ဆေးပြီး သူတို့၏ အိမ်အသီးသီးသို့ ပြန်ရန် ခွင့်ပြုပေးနိုင်သူ ဖြစ်သည်။<br>၄။ ရှမာရိအမျိုးဖြစ်သော နူနာရောဂါသည် တစ်ဦးတည်းသာလျှင် သခင်ဘုရားထံတော်သို့ ပြန်လာပြီး သူ့အား သန့်ရှင်းစေသည့် အတွက်ကြောင့် ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယေရှု သန့်ရှင်းစေခဲ့သည့် နူနာရောဂါသည် ဆယ်ဦး။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ နူနာရောဂါသည်တို့သည် မိမိတို့ကိုယ်မိမိတို့ သန့်ရှင်းစင်ကြယ်အောင် မပြုလုပ်နိုင်ကြပါ။ သို့သော် ကယ်မသနားတော်မူခြင်းကို ခံစားရရန်အတွက် တတ်နိုင်တော်မူသော သခင်ယေရှု ဘုရားထံတော်သို့ လာခဲ့ကြသည်။ ***(အငယ်၊ ၁၃)***<br>၂။ သခင်ဘုရားသည် 'သွားလော့' ဟု မိန့်တော်မူလိုက်သည့် အချိန်တွင် သူတို့သည် စကားတော်ကို နားထောင်ပြီး၊ ယဇ်ပရောဟိတ်ထံ ကိုယ်ကိုပြရန် လမ်း၌ သွားနေစဉ်တွင် သန့်ရှင်းခြင်းသို့ ရောက်ကြသည်။ ***(အငယ်၊ ၁၄)*** ယေရှု၏စကားတော်ကို ရိုးရိုးလေး ယုံကြည်ပြီး၊ နာခံလျှင် သန့်ရှင်းခြင်းကို သယ်ဆောင်လာပေးမည်ဖြစ်သည်။<br>၃။ ရှမာရိလူမျိုးဖြစ်သော သူတစ်ဦးသာလျှင် ယေရှုထံတော်သို့ ပြန်လာပြီး သန့်ရှင်းခြင်းသို့ ရောက်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။ ***(အငယ်၊ ၁၆)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယေရှု သန့်ရှင်းစေခဲ့သည့် နူနာရောဂါသည် ဆယ်ဦး။** |
| ပြန်လှန်လေ့ကျင့်ပါ | - နူနာရောဂါသည်သည် သခင်ယေရှု နှင့် ဝေးနေသော အပြစ်သားကို မည်သို့ ပုံဆောင်ခြင်းဖြစ်ကြောင်း၊ ညွှန်ပြခြင်း အားဖြင့် သင်ခန်းစာကို ပြန်လှန်ပါ။ အပြစ်သားသည် ဧဝံဂေလိသတင်းကောင်းကို ယုံကြည်ဝန်ခံပြီး မိမိတို့၏ အပြစ်များကို ခွင့်လွှတ်ပေးရန်အတွက် တောင်းပန်သည့် အချိန်တွင် အပြစ်များခွင့်လွှတ်ခြင်း ခံစားရပြီး၊ သန့်ရှင်းခြင်းသို့ ရောက်မည်ဖြစ်ကြောင်း ကျောင်းသားများကို သတိပေးပြောပြပါ။ သခင်ခရစ်တော်၏ အသေခံခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်း အကြောင်းကို သတင်းကောင်းဖြင့် ဖော်ပြသည်။<br>- ကျွန်ုပ်တို့သည်အပြစ်မှ သန့်ရှင်းခြင်းသို့ ရောက်လျှင် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် သခင်ယေရှုကို ကျေးဇူးတင်ရမည် ဖြစ်ကြောင်း သင်ခန်းစာမှ ကျွန်ုပ်တို့အား သွန်သင်ထားသည်။ ကျေးဇူးသိတတ်ခြင်းသည် သခင်ယေရှုအား ချစ်ကြောင်း သက်သေပြသည့် အမှတ်အသားပင် ဖြစ်သည်။ | ကျမ်းစာ သင်ခန်းစာကို ဖြေဆိုနိုင်ရန် ပြင်ဆင်ပေးသည့်အနေဖြင့်၎င်း၊ ဤသင်ခန်းစာကို ပြန်လှန်သည့် အနေဖြင့်၎င်း၊ ကျောင်းသားများကို မေးခွန်းတိုများ မေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ***၁ယောဟန်၊ ၁း ၇*** ကို ဆင်ခြင်ပြီး၊ ၎င်း၏ စပ်ဆက်မှုကို စဉ်းစားပါ။<br>၂။ ခရစ်ယာန်များသည် မိမိတို့အပြစ်အတွက် အသေခံပေးသည့် သခင်ယေရှုကို ကျေးဇူးတင်ရမည် ဖြစ်သည်။<br>၃။ အဖွဲ့လိုက်လုပ်ဆောင်ခြင်း - ကျွန်ုပ်တို့ ကျေးဇူးတင်သင့်သည့် အကြောင်းအရာများကို စာရင်းပြုစုပါ။ သင့်လျော်သည့် ဆုတောင်းချက်များကို ချရေးပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျန်သော ကိုးယောက်လား၊ သို့မဟုတ် ကျေးဇူးသိတတ်သော သူတစ်ယောက်လား။ မည်သူကို ကျောင်းသားများ ပို၍နှစ်သက်ကြကြောင်း စဉ်းစားစေပါ။<br>၂။ ကျေးဇူးတင်သည့် အဓိပ္ပာယ်ကို ဆွေးနွေးပါ။ ကျေးဇူးသိတတ်ခြင်းသည် ကျွန်ုပ်တို့ အသက်တာအတွက် မည်သို့ အကျိုးကျေးဇူးရှိကြောင်း ဆွေးနွေးပါ။ ***ဆာလံ ၄၀း၃***<br>၃။ အဖွဲ့လိုက်လုပ်ဆောင်ခြင်း - ကျွန်ုပ်တို့ ကျေးဇူးတင်သင့်သည့် အကြောင်းအရာများကို စာရင်းပြုစုပါ။ သင့်လျော်သည့် ဆုတောင်းချက်များကို ချရေးပါ။ |

| | ခ၃ - အဆင့် ၃<br>သင်ခန်းစာ ၁ - ဗေသနိ<br>ခေါင်းစဉ် - ညီအစ်မနှစ်ဦး | ခ၃ - အဆင့် ၄<br>သင်ခန်းစာ ၁ - ဗေသနိ<br>ခေါင်းစဉ် - အိမ်၌ |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၁၀း ၃၈-၄၂*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၁၀း ၄၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယေရှုသည် ကျွန်ုပ်တို့၏ အစေခံခြင်းထက် သူ့အား ချစ်ခြင်းကို ပို၍ တန်ဖိုးထားသည်။<br>၂။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည့် ကျမ်းစာဖတ်ခြင်း ၊ ဆုတောင်းခြင်းများ လုပ်ဆောင်ရန် အတွက် အချိန်မအားလပ်သည့် တိုင်းအောင် ကျောင်း သို့မဟုတ် အိမ်တွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို အချိန်မပေးသင့်ပေ။ | **ကျမ်းညွှန်း** *ရှင်လုကာ ၁၀း ၃၈-၄၂*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မာကု ၆း၃၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကျွန်ုပ်တို့သည် ခရစ်ယာန်တစ်ယောက်အနေဖြင့် ရင့်ကျက်သောသူ ဖြစ်လိုလျှင် ကျွန်ုပ်တို့အသက်တာကို သွန်သင်သည့် ဘုရားသခင်၏ စကားတော်ကို ကြားသိနိုင်ရန် နှုတ်ကပတ်တော်ဖတ်ရှုခြင်းကို အချိန်ယူလေ့လာရမည် ဖြစ်သည်။<br>၂။ ဆုတောင်းရန်အတွက်လည်း ကျွန်ုပ်တို့ အချိန်ယူရမည် ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ စကားပြောနိုင်ပြီး၊ ဘုရားသခင်၏ ကောင်းမြတ်ခြင်းများ အတွက် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းနိုင်မည် ဖြစ်သည်။ သူ၏ လမ်းညွှန်မှုကိုလည်း တောင်းခံနိုင်မည် ဖြစ်သည်။ |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | အရေးပါသည့် ပုဂ္ဂိုလ်တစ်ဦးဦး ကျွန်ုပ်တို့ အိမ်သို့ လာမည်ဆိုပါက မည်မျှ ထူးခြားမည်ကို ကျောင်းသားများအား စဉ်းစားစေပါ။ မာရိ နှင့် မာသတို့ အိမ်သည် သခင်ယေရှု အလည်လာသည့် တစ်ခုတည်းသောအိမ်ဖြစ်သည်။ ယေရှုအလည်သွားသည့် အခြားသော အိမ်များကို စဉ်းစားနိုင်ကြပါသလား။<br>***လုကာ၊ ၄း ၃၈၊ လုကာ၊ ၇း ၃၇၊ လုကာ၊၈း၅၁၊ လုကာ၊ ၁၉း၅။***<br>ကျွန်ုပ်တို့၏အိမ်သည် သခင်ယေရှုအား ရှိသေပြီး၊ နာခံသောအိမ် ဖြစ်သင့်သည်။ | မာရိ နှင့် မာသ နှစ်ဦးစလုံးတို့သည် သခင်ယေရှုအား ချစ်ကြသည်။ ဤအခြေအနေတွင် သူတို့ နှစ်ဦးစလုံးတို့သည် သခင်ယေရှုအား အစေခံနေကြခြင်း ဖြစ်သည်။ ကျေးမွေးရန်အတွက် အိမ်အလုပ်များနှင့် အလုပ်ရှုပ်နေခြင်းသည် သူမ၏ ဧည့်သည်ကို လစ်လျူရှုနေခြင်း ဖြစ်သည်ကို သူမ နားမလည်ပေ။ သူမသည် သခင်ယေရှု ထံမှ စကားတော်ကို နာကြားရန် အချိန်မပေး၊ ယေရှုထံမှလည်း မသင်ယူပေ။<br>ကျောင်းသားများ၏ အသက်တာတွင် ၎င်းတို့ ဦးစားပေးသောအရာသည် မည်သည့်အရာ ဖြစ်ကြောင်းမေးပါ။ ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်း များ ပြုလုပ်ရန် အချိန်မရရှိသည့် တိုင်အောင်း အလုပ်မရှုပ်သင့်ကြောင်း ကလေးများအား သေခြားနားလည်စေရန် ကြိုးစားသင်ပေးပါ။ |
| **သင်ခန်းစာကို ပြီးမြောက်စေပါ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ မာသသည် 'အလုပ်သမား' ဖြစ်နေသောအချိန်တွင် မာရိသည် 'ကိုးကွယ်သူ' ဖြစ်နေသည်။ အလုပ် နှင့် ကိုးကွယ်ခြင်းသည် စပ်ဆက်လျက်ရှိသည်။ *ကိုးကွယ်ခြင်း၏ အဓိပ္ပာယ်ကို ဆွေးနွေးပါ။*<br>၂။ မာသသည် အစားအသောက်အမျိုးမျိုးနှင့် သခင်ယေရှုအား အရိုအသေပေးရန် စိတ်ကူး ဆန္ဒရှိသော်လည်း "လိုသောအရာ တစ်ခုတည်းရှိ၏" ဟု ယေရှုသည် သူမအား မိန့်တော်မူခဲ့သည်။ ဟင်းတစ်မျိုးသည် လုံလောက်ပါပြီး။ "မာရိမူကား ကောင်းသောအဘို့ကို ရွေးယူပြီး" ဟု ယေရှု မိန့်တော်မူသည့် စကားတော်အားဖြင့် သခင်ယေရှုသည် သူတို့နှင့်စကားပြောခြင်း မိတ်သဟာရဖွဲ့ခြင်းကို ပို၍ နှစ်သက်ကြောင်း သိနိုင်သည်။ ကျွန်ုပ်တို့၏ ခန္ဓာရေး အစားအစာထက် ဝိညာဉ်ရေးရာ အစားအစာသည် ပို၍ အရေးကြီးသည်။ သခင်ယေရှုသည် မာရိ နှင့် မာသ နှစ်ဦးစလုံးတို့အား နှုတ်ကပတ်တော် တည်ဟူသော သူ၏စကားတော်ကို နာယူခြင်းသည် မည်မျှအရေးကြီးကြောင်း သိစေလိုသည်။ ***(၁ပေ၊ ၂း၂)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သင့်လျော်သည့်ပုံ မရှိပါ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ကျွန်ုပ်တို့ အသက်တာတွင် ကောင်းကြီးမင်္ဂလာ ခံစားရရန်အတွက် ကျမ်းစာဖတ်ခြင်း နှင့် ဆုတောင်းခြင်းသည် အဓိကအခြေခံကျသည့် အချက်ကြီးနှစ်ချက် ဖြစ်ကြောင်း သခင်ယေရှုသည် အဓိကထား ဖော်ပြထားသည်။<br>၂။ သခင်ယေရှုသည် အိမ်မှုကိစ္စကို အလေးထား ဂရုစိုက်သည့် မာသအား မငြင်းပယ်ပါ။ သို့သော် သူမ၏ ဦးစားပေးမှု မှန်ကန်စေရန်အတွက် တည့်မှတ်ပေးခဲ့သည်။<br>၃။ ***အခန်းငယ်၊ ၄၂*** တွင် ယေရှု ဤသို့ ညွှန်ပြပေးခဲ့သည်။ သူအား အလေးထား၍ အချိန်ပေးခြင်းသည်သာလျှင် သူမ၏ အသက်တာတွင် လိုအပ်သည့် တစ်ခုတည်းသော အရာဖြစ်ကြောင်း ပြောပြခဲ့သည်။ ယေရှုသည် ကျွန်ုပ်တို့၏ အစေခံခြင်းထက် သူ့အား ချစ်ခြင်းကို ပို၍ တန်ဖိုးထားသည်။ ကျွန်ုပ်တို့၏ အသက်တာတွင် 'မာသ' ကဲ့သို့သော အပြုအမူမှ 'မာရိ' ကဲ့သို့သော အပြုအမူသို့ ပြောင်းလဲရန် သခင်ယေရှု အလိုတော်ရှိသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သင့်လျော်သည့်ပုံ မရှိပါ။** |
| **ပြန်လှန်လေ့ကျင့်ပါ** | 'မာရိ' သည် 'ယေရှု၏ ခြေတော်ရင်းတွင် ထိုင်နေသည်' ဆိုသောအရာသည် အလွန် မှတ်သားစရာ ကောင်းသောအရာ ဖြစ်သည်။ ***(အငယ်၊ ၃၉)*** မာရိသည် ဤသို့ ခြေတော်ရင်းတွင် ထိုင်နေခြင်းဖြင့် ယေရှု ရှေ့မှောက်တွင် မည်မျှ နှိမ့်ချကြောင်း ၊ ရိုသေကြောင်း နှင့် လေးစားကြောင်း ယေရှုသည် ထိုက်တန်သောသူဖြစ်ကြောင်းကို သူ၏ ပြုမူနေထိုင်ပုံဖြင့် ဖော်ပြနေသည်။<br>၁။ ကျွန်ုပ်တို့ အသက်တာတွင်လည်း သခင်ယေရှုအား ရိုသေ လေးစားမှု ပြနိုင်သည့် နည်းလမ်းများကို မေးပါ။<br>၂။ အောက်ပါ ပေးထားသည့် ကျမ်းအကိုးအကားများတွင် တွေ့ရသောသူများသည် ယေရှု၏ ခြေတော်ရင်းတွင် တွေ့ရသည့် သူများ ဖြစ်ကြသည်။ ***ဥပမာ၊ ရှင်မဿဲ၊ ၂၈း၉၊ ရှင်မာကု၊ ၅း ၂၂၊ ရှင်လုကာ၊ ၇း ၃၈၊ ရှင်လုကာ၊ ၈း ၃၅။*** ဤကျမ်းချက်များကို ကြည့်၍ ထိုသူတို့မှာ မည်သူတို့ ဖြစ်ကြောင်း ရှာဖွေဖော်ထုတ်ပါ။ ၎င်းတို့ ယေရှု၏ ခြေတော်ရင်းတွင် ရှိရသည့် ရည်ရွယ်ချက်များ အကြောင်းကို ဆွေးနွေးပါ။ | အောက်ပါတို့ကို ဖော်ပြခြင်းဖြင့် ဤသင်ခန်းစာကို ပြန်လှန်လေ့လာရန် အဓိကသော့ချက်ကျမ်းကို အသုံးပြုပါ။<br>၁။ သခင်ယေရှုခရစ်တော်၏ စကားတော်ကို နားထောင်ရန် သင့်လျော်သောအချိန် ရှိသည်။ ***(မာကု၊ ၆း၃၁)***<br>၂။ သခင်ယေရှုအတွက် အလုပ်လုပ်ရန် သင့်လျော်သည့်အချိန်ရှိသည်။ ***(မာကု၊ ၆း၇-၃) (ရောမ၊ ၁၂း၁)***<br>၃။ တည်ကြည်သော ဆုတောင်းခြင်း အသက်တာဖြင့် ဘုရားသခင်၏ အစေကို ခံသောသူများအတွက် ကောင်းကြီးမင်္ဂလာ ရှိကြောင်း ဘုရားသခင် ကတိထားတော်မူသည်။ ***(ဟေရှာယ၊၄၀း ၃၁)*** |
| **လိုက်လျှောက်အသက်ရှင်ပါ** | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့၏ နေ့စဉ် အသက်တာတွင် အလုပ် နှင့် ကိုးကွယ်ခြင်းသည် မျှတမှု ရှိရမည်။<br>၂။ သူ့အား ရိုသေလေးစားခြင်း နှင့် သူ့အား နှစ်သက်စေသော နည်းလမ်းဖြင့် ကျွန်ုပ်တို့ အသက်ရှင်ရမည်။<br>၃။ 'များများအစေခံခြင်း' ထက် 'ကောင်းကောင်းအစေခံခြင်း' ကို ပို၍အာရုံစိုက်ရမည်း။<br>၄။ ကျမ်းစာဖတ်ခြင်း ၊ ဆုတောင်းခြင်း မပြုလုပ်မီ အလုပ် မလုပ်ဆောင်သင့်ပေ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ နေ့စဉ် ကျမ်းစာလေ့လာရန်အချိန်၊ ဆုတောင်းရန်အချိန် စသည်ဖြင့် ကျွန်ုပ်တို့၏ အချိန်များကို ကောင်းစွာ အချိန်ဇယားဆွဲထားရမည် ဖြစ်သည်။<br>၂။ ဘုရားသခင်ကို အချိန်မပေးနိုင်လောက်အောင် ဘုရားသခင်အား အစေခံခြင်းဖြင့် ကျွန်ုပ်တို့ အလုပ်မရှုပ်သင့်ပေ။ |

<table>
<tr><th></th><th>ခ၃ - အဆင့် ၃<br>သင်ခန်းစာ ၂ - ဗေသနိ<br>ခေါင်းစဉ် - ဝမ်းနည်းခြင်းမှ ဝမ်းမြောက်ခြင်းအဖြစ်သို့ ပြောင်းလဲခဲ့သည်။</th><th>ခ၃ - အဆင့် ၄<br>သင်ခန်းစာ ၂ - ဗေသနိ<br>ခေါင်းစဉ် - သင်္ချိုင်းတော်၌</th></tr>
<tr><td></td><td>ကျမ်းညွှန်း ရှင်ယောဟန်၊ ၁၁း ၁-၇ နှင့် ၁၇- ၁၄<br>အဓိကသော့ချက်ကျမ်း ရှင်ယောဟန်၊ ၁၁း ၂၅<br><br>ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ<br>၁. သေသောသူအား အသက်ပြန်ရှင်စေနိုင်သောသူမှာ သခင်ယေရှု တစ်ပါးတည်းသာ ဖြစ်သည်။<br>၂. အပြစ်သားများကို ထာဝရအသက် ပေးပိုင်နိုင်သောသူမှာ သခင်ယေရှု တပါးတည်းသာ ဖြစ်သည်။ ‘ဒုစရိုက်အပြစ်၌ ကျင်လည်ကြ၍ ထိုအပြစ်၌ သေလျက်ရှိနေသော’ ဟု တမန်တော်ကြီး ရှင်ပေါလုက ဖော်ပြထားသည်။ (ဧဖက်၊ ၂း ၂)</td><td>ကျမ်းညွှန်း ရှင်လုကာ၊ ရှင်ယောဟန် ၁၁း ၁-၄၄<br>အဓိကသော့ချက်ကျမ်း ရှင်ယောဟန်၊ ၁၁း ၂၅-၂၆<br><br>ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ<br>၁. လာဇရုအား သေခြင်းမှ ထမြောက်စေသော အားဖြင့် သခင်ယေရှုသည် သေခြင်းတရားကို အောင်နိုင်သည့် တန်ခိုးတော်ကို ပိုင်ဆိုင်ထားကြောင်း နှင့် ထမြောက်ခြင်းသည် ခရစ်ယာန် ယုံကြည်ခြင်း၏ အရေးပါမှုကို ဖော်ပြသည်။ သခင်ယေရှု၌ မိမိကိုယ်မိမိ ထမြောက်စေနိုင်သည့် တန်ခိုတော်သာရှိခြင်း မဟုတ် သူတပါးအား ထမြောက်စေနိုင်သည့် တန်ခိုးတော်လည်း သူ၌ရှိသည်။ (ယောဟန်၊ ၁၀း၁၈)<br>၂. ယေရှုသည် အများရှေ့တွင် မျက်ရည်ကျခဲ့သည်။ (အငယ်၊ ၃၅) ကျွန်ုပ်တို့ ကြုံတွေ့ရသည် ဝမ်းနည်းခြင်း နှင့် အခက်အခဲများကြားတွင် သူသည် ကျွန်ုပ်တို့နှင့်အတူ မျှဝေခံစားပေးလျက် ရှိကြောင်း ဖော်ပြပေးနေသည်။</td></tr>
<tr><td>သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။</td><td>ကျောင်းသားများ ပြန်လည်သတိထားမိစေရန် သခင်ယေရှု ပြုခဲ့သည့် နိမိတ်လက္ခဏာအချို့ အကြောင်း မေးပါ။ မည်သည့် နိမိတ်လက္ခဏာသည် အကြီးဆုံးဖြစ်ကြောင်း ဆွေးနွေးပါ။<br>သခင်ယေရှု သာသနာပြုသည့် ကာလအတွင်း လူအများရှေ့မှောက်တွင် သူပြုသည့် အံ့ဖွယ်များအနက် ဤတစ်ကြိမ်သည် နောက်ဆုံး ပြုသည့် အံ့ဖွယ်နိမိတ်လက္ခဏာ ဖြစ်သည်။ ယုဒလူအချို့က သူသည် မျက်စိ မမြင်သောသူကို ပြန်မြင်စေရန် ပြုလုပ်ပေးနိုင်ပြီး၊ လာဇရုမသေစေခြင်းငှါ မတတ်နိုင်သလော ဟု ဆိုကြသည်။ (အငယ်၊ ၃၇) ယေရှု တက်နိုင်ပါသည်။ သို့သော် (အခန်းငယ် ၂၅) ၌ ဖော်ပြထားသည့် ‘ငါသည် ထမြောက်ခြင်းအကြောင်း’ ဆိုသည့် သူ၏ နှုတ်တော်ထွက် စကားတော်၏ တန်ခိုးတော် နှင့် သမ္မာတရားကို လာဇရုအား သေခြင်းမှ အသက်ပြန်ရှင်စေသောအားဖြင့် ဖော်ပြခဲ့သည်။</td><td>သခင်ယေရှုသည် လာဇရုအား သေခြင်းမှ ထမြောက်စေခဲ့သည့် အကြောင်းကို ရှင်းပြပေးခြင်းဖြင့် ဤသင်ခန်းစာကို အစပြု မိတ်ဆက်ပေးပါ။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းရှိ နိမိတ်လက္ခဏာ ခုနစ်ခုအနက် ဤအံ့ဖွယ်နမိတ်လက္ခဏာသည် နောက်ဆုံးတစ်ခု ဖြစ်သည်။ ထိုသို့ အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြသခြင်းဖြင့် သူသည် ဘုရားသခင်၏သားတော် ဖြစ်တော်မူကြောင်းကို ယုဒလူများရှေ့မှောက်တွင် ဖော်ပြခဲ့ရာ သူတို့ ယုံကြည်ခဲ့ကြသည်။ သို့သော် အချို့သော ယုဒလူတို့သည် ဤနိမိတ်လက္ခဏာကို မြင်သော်လည်း မယုံကြည်ဘဲ ဗေသနိတွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ယဇ်ပုရောဟိတ်များထံ ပြန်၍ သတင်းပေးကြသည်။ သူတို့သည် သခင်ယေရှုအား သတ်လိုကြသည်။ ယနေ့တွင်လည်း သခင်ယေရှုအား မိမိ၏ ကယ်တင်ရှင်အဖြစ် ယုံကြည်ကြသောသူများ ရှိပြီး၊ အသက်တာတွင် ဘုရားသခင်၏ အံ့ဖွယ်အမှုများကို ပြုကြသောသူများရှိကြသည်။ သို့သော် အခြားတဘက်တွင်လည်း ယေရှုအား ငြင်းပယ်ပြီး ယေရှုပြုသည့် အံ့ဖွယ်နိမိတ်လက္ခဏာ များကိုလည်း မယုံကြည်ကြသည့် လူများရှိကြကြောင်း ကျောင်းသားများထံ အကြံပြု၍ ပြောပြပါ။</td></tr>
<tr><td>သင်ခန်းစာကို ပြီးမြောက်စေပါ။</td><td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁. ဗေသနိရွာတွင် ရှိသော မာရိ၊ မာသ၊ လာဇရု တို့၏ အိမ်သည် ယေရှု နှစ်သက်သော အိမ်ဖြစ်သည်။ ကျောင်းသားများသည် သခင်ယေရှုအား မိမိတို့၏ မိသားစု၊ နှလုံးသား၊ အသက်တာထဲသို့ ဝင်ရောက်ရန် တောင်းလျှောက်နိုင်သည်။ ဗျာဒိတ်၊ ၃း၂၀<br>၂. သခင်ယေရှုသည် လာဇရုအား သေခြင်းမှ အသက်ရှင်ပြန်ထမြောက် စေနိုင်သကဲ့သို့ ဝိညာဉ်ရေးရာ၌ သေနေသောသူများကို ထာဝရအသက် ဖြစ်သည့် အသစ်သော ဝိညာဉ်အသက်တာကို ပေးပိုင်နိုင်သည်။<br>၃. သခင်ယေရှုသည် စာနာမှုရှိသော ကယ်တင်ရှင် ဖြစ်ကြောင်း ဤပုံဥပမာ အားဖြင့် ဖော်ပြနေသည်။ ‘ယေရှုသည် မျက်ရည်ကျတော်မူ၏’ (အငယ်၊၃၅) ထိုနေ့တွင် ထိုအရပ်၌ရှိသော ယုဒလူတို့သည် လာဇရုအား ယေရှု မည်မျှ ချစ်သည်ကို သိခဲ့ကြသည်။ (အငယ်၊ ၃၆) သူတို့အားလည်း ယေရှုချစ်သည်။ သို့သော် ထိုသူတို့သည် ယေရှု၏ ချစ်ခြင်းမေတ္တာကို နားမလည်ကြပေ။<br>၄. သခင်ယေရှုသည် လာဇရုအား သင်္ချိုင်းဂူထဲမှ ထွက်လာရန် မိန့်တော်မူလိုက်သောအခါ သူသည် အသက်သစ်ကို ရရှိခဲ့သည်။ သူ၏ လူသေအလောင်ကို ပတ်ထားသည့် အဝတ်စများကို ဖြေလွှတ်ပေးကြသည်။ (အငယ်၊ ၄၄) သူ၏ အသက်တာ၌ အသက်ရှင်ခြင်းဖြင့် သခင်ယေရှု၏ တန်ခိုးတော်ကို သက်သေပြခဲ့သည်။<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။<br>ပြပါ - FBI - ယေရှုသည် လာဇရုအား ရှင်ပြန်ထမြောက်စေခဲ့သည်။</td><td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁. မာရိ နှင့် မာသတို့သည် သခင်ယေရှု ပြုတော်မူခဲ့သည့် နိမိတ်လက္ခဏာများကို သိမြင်ကြသည့်အတွက်ကြောင့် သူတို့၏မောင် သေသည့်အချိန်တွင် သူတို့သည် ယေရှုထံသို့ လှည့်ခဲ့ကြသည်။<br>၂. ယေရှုသည် သူတို့မိသားစုကို ချစ်သည်။ သို့သော် သူတို့ တောင်းဆိုသည့်အချိန်တွင် ယေရှုသည် သူတို့အား ချက်ခြင်းပြန်၍ မတုန့်ပြန်ခဲ့ပေ။ လာဇရု သေသွားခြင်းဖြင့် သူ၌ သေခြင်းတရားကို အောင်နိုင်သည့် တန်ခိုးတော်ရှိကြောင်း ထိုအရပ်တွင်ရှိသော ယုဒလူများရှေ့မှောက် နှင့် သူ၏ တပည့်တော်များ ရှေ့မှောက်တွင် ဖော်ပြနိုင်ခဲ့သည်။<br>၃. လာဇရုအား ဆုံးရှုံးရသည့်အတွက် ခံစားရပြီး ယေရှု မျက်ရည်ကျခဲ့သည်။<br>၄. သေသောသူထံ ယေရှုစကားပြောခဲ့သည်။ သူသည်လည်း ကြား၍ တုန်ပြန်မှု ပြုခဲ့သည်။<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။<br>ပြပါ - FBI - ယေရှုသည် လာဇရုအား ရှင်ပြန်ထမြောက်စေခဲ့သည်။</td></tr>
<tr><td>ပြန်လှန်လေ့ကျင့်ပါ</td><td>၁. (အငယ်၊ ၄၄-၄၅) လာဇရုအား အသက်တာသစ်ကို ပေးတော်မူသကဲ့သို့ သခင်ယေရှုအား ယုံကြည်ကိုးစားသောသူတိုင်းသည် အသက်တာသစ်ကို ပိုင်ဆိုင်ကြမည် ဖြစ်သည်။ အပြစ်၌ ‘သေနေသော’ အပြစ်သားကို သခင်ယေရှု ‘အသက်တာသစ်’ ပေးသည့်အကြောင်းကို ရှာဖွေတွေ့ရှိနိုင်ရန် ကောလောသဲ ၂း၁၃ နှင့် ၂တိမောသေ၊ ၁း ၁၀ ကိုကြည့်ပါ။<br>၂. လာဇရုသည် အသက်ရှင်ခြင်းအားဖြင့် သခင်ယေရှု၏ တန်ခိုးတော်သည် သူ၏အသက်တာတွင် အလုပ်လုပ်ခဲ့ကြောင်း ဖော်ပြခဲ့သကဲ့သို့ သခင်ယေရှု၌ ယုံကြည်သောသူတိုင်း၏ အသက်တာတွင်လည်း သူ့အတွက် အသက်ရှင်နိုင်သည့် တန်ခိုးတော်ကို ပေးခဲ့သည်။ (ဧဖက်၊ ၂း၁၀)</td><td>ကျွန်ုပ်တို့၏ ဘဝအသက်တာတွင် အမှုအရေးနှင့် ရင်ဆိုင်ရခြင်း နှင့် ထိုဆိုးသော အခြေအနေမှ ကောင်းမွန်သော အခြေအနေသို့ ဘုရားသခင် မည်သို့ ပို့ဆောင်ခဲ့သည့် အကြောင်းအရာများကို နှိုင်းယှဉ် ရေးသားခြင်းအားဖြင့် သင်ခန်းစာကို ပြန်လှန်ပါ။ ရောမ၊ ၈း၂၈ ကို ရည်ညွှန်းအသုံးပြုပါ။ ဘုရားသခင်၏ အဖြေပေးခြင်း နောက်နှေးနေခြင်းသည် သူသည် ကျွန်ုပ်တို့အား ဂရုမစိုက်ခြင်း မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် စိတ်ရှည် သည်းခံခြင်းကို သင်ယူနိုင်ရမည် ဖြစ်သည်။</td></tr>
<tr><td>လိုက်လျှောက်အသက်ရှင်ပါ</td><td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>၁. အသစ်သော အသက်တာ၌ ကျင်လည်ရန် မိမိ၏ အသက်တာတွင် နောင်တရပြီး သခင်ယေရှုထံတော်သို့ လှည့်လာရမည်။ (ရောမ၊ ၆း၄)<br>၂. ဧဝံဂေလိသတင်းကောင်းကို သူတပါးထံ ဝေငှခြင်း၊ ကျောင်းတွင် တာဝန်သိတက်သည့် ကျောင်းသားအဖြစ် အသက်ရှင်ခြင်း၊ မိဘများထံ နာခံခြင်း၊ ဗတ္တိဇံ ခံယူခြင်း စသည်တို့အားဖြင့် ဘုရားသခင်ထံ နာခံကြောင်း သက်သေပြရမည် ဖြစ်သည်။</td><td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>၁. ယုံကြည်သူတိုင်းတွင် အသက်ရှင်သည့် ထာဝရအသက်ကို ပိုင်ဆိုင်ထားကြသည့် အတွက်ကြောင့် ထိုသေခြင်းတရားသည် ကျွန်ုပ်တို့ကို အနိုင်မယူနိုင်ပေ။ ကျွန်ုပ်တို့သည် သခင်ယေရှုထံ ဆက်ကပ်အပ်နှံသော အသက်တာဖြင့် အသက်ရှင်နိုင်ရန် ထိုစိတ်ချမှုသည် ကျွန်ုပ်တို့အား ပြုပြင်ပေးသည်။ (ဖိလိပ္ပိ၊ ၁း ၂၀-၂၃)<br>၂. ကျွန်ုပ်တို့ ဝမ်းနည်းသည့် အချိန်တွင် သူသည် ကျွန်ုပ်တို့နှင့်အတူ မျှဝေခံစားပေးခြင်းဖြင့် ကျွန်ုပ်တို့အား ဂရုစိုက်ပေးနေကြောင်းကို ဤအံ့ဖွယ်အမှုအရာ အားဖြင့် ဖော်ပြပေးနေသည်။</td></tr>
</table>

| | ခ၃ - အဆင့် ၃<br>သင်ခန်းစာ ၃ - ဗေသနိ<br>ခေါင်းစဉ် - အခြားသော လည်ပတ်ခြင်း | ခ၃ - အဆင့် ၄<br>သင်ခန်းစာ ၃ - ဗေသနိ<br>ခေါင်းစဉ် - စားပွဲ၌ |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်ယောဟန်၊ ၁၂း ၁-၁၁*<br>**အဓိကသော့ချက်ကျမ်း** *၁ယောဟန်၊ ၄း၁၉*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကျွန်ုပ်တို့သည် သခင်ယေရှုအား အမှန်တကယ်ချစ်သောအချိန်တွင် သခင်ယေရှုအား ချီးမွမ်းနိုင်သည့် နည်းလမ်းများကို ကျွန်ုပ်တို့ ရှာတွေ့မည် ဖြစ်သည်။<br>၂။ ကျွန်ုပ်တို့သည် သခင်ယေရှုအား မည်မျှကြာကြာ အစေခံနိုင်ကြမည်ကို မသိသောကြောင့် သခင်ယေရှု အတွက် ကျွန်ုပ်တို့ အစေခံနိုင်သမျှကို နောက်မကျဘဲ ကြိုးစားအစေခံကြရမည်။ | **ကျမ်းညွှန်း၊** *ရှင်ယောဟန်၊ ၁၁း ၅၅-၅၇၊ ၁၂း ၁-၁၁*<br>**အဓိကသော့ချက်ကျမ်း** *ဆာလံ၊ ၉၅း ၆*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ သခင်ယေရှုအား ပေးလှူရန်အတွက် ဤအရာသည် တန်ဖိုးအလွန်ကြီးနေပါသည်ဟူ၍ မရှိပါ။ ယေရှုသည် အကောင်းဆုံးသော အရာများနှင့် ထိုက်တန်သောသူ ဖြစ်ပါသည်။<br>၂။ ကျွန်ုပ်တို့သည် သခင်ယေရှုအား ချစ်လျှင် ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်တို့လိုက်နာရန် လမ်းညွှန်ထားသည့် အရာများကို ကျွန်ုပ်တို့ နာခံလိုက်လျှောက်ကြရမည် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ဗေသနိရွာသည် သခင်ယေရှုအတွက် မည်သို့ ထူးခြားသည့် မြို့ဖြစ်ကြောင်းကို ရှင်းပြပါ။ မာရိ နှင့် မာသ အိမ်တွင် ကိုးကွယ်ခြင်း၏ အရေးကြီးပုံကို သခင်ယေရှု သင်ကြားပေးခဲ့သည့်အကြောင်း ကလေးများထံ ပြန်လည်နိုးဆော် ပြောပြပါ။ သင်ခန်းစာ ၂ တွင် လာဇရုအား သေခြင်းမှ ထမြောက်စေခဲ့ခြင်းဖြင့် ယေရှုသည် "ထမြောက်ခြင်း" အကြောင်း ဖြစ်ကြောင်းကို ဖော်ပြခဲ့သည်။ ဤသင်ခန်းစာတွင် ဗေသနိတွင်ရှိသော အိမ်၌ ကျင်းပသည့် ပွဲသို့ သခင်ယေရှုတက်ရောက်သည့်အကြောင်း ဖြစ်သည်။ | ***ယောဟန်၊ ၁၂း၁-၁၁***တွင် ဖော်ပြထားသည့် ဤပုံဥပမာကို ***မာကု၊ ၁၄း ၃-၉***တွင် လည်း ဖော်ပြထားသည်။ သူ၏ ခြေတော်ပေါ်သို့ တန်ဖိုးကြီးသည့် ဆီမွှေးဖြင့် သုတ်လိမ်းပေးခြင်းဖြင့် သူအား ကိုးကွယ်ခဲ့သည့် မာရိ၏ အပြုအမူအတွက် သခင်ယေရှု ချီးမွမ်းခဲ့သည်။ သခင်ယေရှုအား မြှုပ်နှံရန်အတွက် ဆီမွှေးသည် အရေးကြီးသည့် အခန်းတွင် ပါဝင်သည်။ ***ကမ္ဘာဦး၊ ၅၀း ၂-၃*** ကို ဖတ်ပါ။<br>ငါ၏အလောင်းကို သင်္ဂြိုဟ်ခြင်းငှါ ပြင်သောနေ့တိုင်အောင် ဤဆီမွှေးကို သိုထားပြီးဟု ဖော်ပြခြင်းဖြင့် ယေရှုသည် သူမ၏ အပြုအမူကို ပြန်လည်အသိအမှတ်ပြု တုန့်ပြန်ခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ မာရိ၊ မာသ နှင့် လာဇရုတို့သည် သခင်ယေရှုနှင့်အတူ ပေါင်းဖော်ခွင့်၊ အတူအစာစားခွင့်၊ မိတ်သဟရဖွဲ့ခွင့် စသည့် အထူးအခွင့်အရေး ရရှိခဲ့ကြသည်။ ***(အငယ်၊ ၂)***<br>၂။ မာရိသည် အလွန်တန်ဖိုးကြီးသည့် နာဒုဆီမွှေးကို ယေရှု၏ ခြေတော်အပေါ်သို့ သွန်းလောင်းပြီး သူ၏ဆံပင်နှင့် သုတ်လိမ်းပေးခဲ့ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အခွင့်အရေးကို ရရှိခဲ့သည်။ ***(အငယ်၊ ၃)*** သခင်ယေရှုအား ပေးလှူရန်အတွက် ဤအရာသည် တန်ဖိုးအလွန်ကြီးနေပါသည်ဟူ၍ မရှိပါ။ ယေရှုသည် အကောင်းဆုံးသော အရာများနှင့် ထိုက်တန်သောသူ ဖြစ်ပါသည်။<br>၃။ ယုဒကလည်း ထိုဆီမွှေးကို ရောင်း၍ဆင်းရဲသောသူများအား ပေးသင့်သည်ဟု ဆိုသောအချိန်တွင် ဤလောကတွင်ရှိသော ဆင်းရဲသောသူတို့သည် သင်တို့နှင့်အတူ အစဉ်ရှိကြ၏ဟု သခင်ယေရှု ပြန်၍ မိန့်တော်မူခဲ့သည်။ ***(အငယ်၊ ၅)*** အဘယ်သို့ပင်ဆိုစေကာမူ သခင်ယေရှုသည် အပြစ်သားများအတွက် ကားတိုင်ပေါ်တွင်အသေခံရန် အလွန်နီးကပ်နေပြီး ဖြစ်သည့်အတွက် သခင်ယေရှု၏ ခြေတော်ကို ထိုဆီမွှေးဖြင့် သုတ်လိမ်းပေးခြင်းသည် အလွန်ထူးသည့် အခွင့်အရေးပင် ဖြစ်သည်။<br>၄။ ယဇ်ပုရောဟိတ်အကြီးတို့သည် လာဇရုကိုလည်း သတ်ခြင်းငှါ ကြံစည်ကြ၏။ ***(အငယ်၊ ၁၀)*** ထိုသို့ ကြံစည်ခြင်းမှာ ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ထမြောက်ခြင်းကို လက်မခံကြပေ။ လာဇရုအားလည်း ဖယ်ရှင်းလိုကြသည်။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် ထမြောက်ခြင်းအရှင် ဖြစ်ကြောင်းကို လာဇရုအားဖြင့် ဖော်ပြနေသောကြောင့် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ - **FBI** - **မာရိသည် ယေရှု၏ခြေတော်ကို ဆီမွှေးနှင့် သုတ်လိမ်းပေးသည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ **အိမ်။** ဗေသနိတွင် ရှိသောအိမ် အကြောင်းကို ပြန်လှန်ပြောပြပါ။ ***(အငယ်၊ ၁)*** ထိုအိမ်ရှိသောနေရာသည် (၁) အစေခံခြင်း နှင့် နည်းနာခံယူခြင်း (၂) ကိုးကွယ်ခြင်း နှင့် မိတ်သဟာရဖွဲ့ခြင်း၊ (၃) သေခြင်း နှင့် ထမြောက်ခြင်း။<br>၂။ **ပွဲ။** ***(အငယ်၊ ၂)*** ယေရှုအတွက် 'ပွဲ' ကျင်းပပေးကြသည်။ မာရိ၊ မာသ နှင့် လာဇရုတို့သည် သခင်ယေရှုအား သူတို့၏ အကြီးမြတ်ဆုံး ဧည့်သည်တော်အဖြစ် ပွဲစီစဉ်ပေးခဲ့ကြသည်။<br>၃။ **ဆီလိမ်းခြင်း။** ***(အငယ်၊ ၃)*** မာရိသည် ဆီသုတ်လိမ်းပေးခြင်းအားဖြင့် သခင်ယေရှုအား ချစ်ကြောင်း သက်သေပြခဲ့သည်။<br>၄။ **ချီးမွမ်းဂုဏ်ပြုခြင်း။** ***(အငယ်၊ ၇-၉)*** အကြီးမြတ်ဆုံးသောသူများကိုသာလျှင် ချီးမွမ်းဂုဏ်ပြုရမည် ဖြစ်သည်။ ဤသို့ ကိုးကွယ်သော အပြုအမူသည် သမိုင်းတွင် ကျန်ရစ်နေမည်ဟု သခင်ယေရှု ဖော်ပြခဲ့သည်။ ***(မဿဲ၊ ၂၆း၁၃)*** ကို ဖတ်ပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ - **FBI** - **မာရိသည် ယေရှု၏ခြေတော်ကို ဆီမွှေးနှင့် သုတ်လိမ်းပေးသည်။** |
| ပြန်လှန်လေ့ကျင့်ပါ | ***မာကု၊ ၁၄း ၃-၉*** တွင်လည်း ဤတူညီသည့် ပုံဥပမာကို ပြောပြထားသည်။ အငယ်၊၈ ကိုဖတ်ပြီး၊ သူ၏ခြေတော်အား ဆီမွှေးနှင့် လိမ်းပေးသည် ဤအမျိုးသမီးကို ယေရှု မည်သို့ မိန့်တော်မူကြောင်း ရှာဖွေဖော်ထုတ်ပါ။<br>***ရှင်မဿဲ၊ ၂၆း ၆-၁၃*** ထဲရှိ ရှင်မဿဲ ဖော်ပြသည့် ဤပုံပြင်အကြောင်း အရာကိုလည်း ဖတ်ပါ။ ဤအကြောင်းအရာသည် သူအသခံပြီးနောက်တွင် သတင်းကောင်း ဟောပြောရန် ကြိုတင်ခန့်မှန် ထားခဲ့ခြင်းမျိုးသာမဟုတ် ဤအမျိုးသမီးအား အောက်မေ့စရာဖို့ သူမ၏ အပြုအမူကို ပြောကြလိမ့်မည်ဟု သခင်ယေရှု မိန့်တော်မူခဲ့သည်။ | သင်ခန်းစာ ၃တွင် မေးထားသည့် မေးခွန်းများကို ဖြေဆိုရန်အတွက် ကျောင်းသားများအတွက် အကူအညီဖြစ်စေရန် မေးခွန်းများမေး၍ ဤသင်ခန်းစာကို ပြန်လှန်လေ့ကျင့်ပေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သခင်ယေရှုအား ချစ်သည့် သင်၏ ချစ်ခြင်းမေတ္တာသည် သူတပါးအား မည်မျှ လွှမ်းမိုးနိုင်ပါသနည်း။<br>၂။ ယုဒလူအများတို့သည် သခင်ယေရှုအား ယုံကြည်ကြသည်။ ***(အငယ်၊ ၁၁)*** အဘယ်ကြောင့်ဆိုသော် သူတို့သည် လာဇရု အသက်သစ်၌အသက်ရှင်ခြင်းကို မြင်တွေ့ခြင်းဖြင့် သခင်ယေရှု၏ တန်ခိုးတော်ကို မြင်တွေ့ခဲ့ကြသောကြောင့် ဖြစ်သည်။ သင်သည် သခင်ယေရှုအား အမှန်ချစ်လျှင် သူတပါးတို့သည် သခင်ယေရှုအား ယုံကြည်လာနိုင်စေရန် သင်၏ အသက်တာအားဖြင့် သူတပါးအား သင် မည်မျှလွှမ်းမိုးနိုင်မည်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ **အိမ်။** - သခင်ယေရှုသည် ကျွန်ုပ်တို့၏ အိမ်တွင် ရှိခဲ့ပါလျှင် အထက်ပါ နံပါတ် ၁ ကို ရည်ညွှန်း ပြောပြပါ။<br>၂။ **ပွဲ။** - ခရစ်ယာန်တစ်ယောက်အနေဖြင့် သခင်ယေရှုသည် သင့် အသက်တာ၏ ပထမဦးဆုံး ပဂ္ဂိုလ် ဖြစ်ပါသလား။<br>၃။ **ဆီလိမ်းခြင်း။** - ကျွန်ုပ်တို့သည် သခင်ယေရှုအား မည်မျှ ချစ်ကြပါသနည်း။ ကျွန်ုပ်တို့၏ အကောင်းဆုံးသောအရာများကို သူ့အား ပေးကြပါသလား။<br>၄။ **ချီးမွမ်းဂုဏ်ပြုခြင်း။** - သခင်ယေရှုသည် မာရိအား သူမ လုပ်နိုင်သည့်အရာကို သူမ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။ ***(မာကု၊ ၁၄း၈)*** |

<table>
<tr>
<th></th>
<th>ခ၃ - အဆင့် ၃<br>သင်ခန်းစာ ၄ - ဗေသနိ<br>ခေါင်းစဉ် - ယေရုရှလင်သို့</th>
<th>ခ၃ - အဆင့် ၄<br>သင်ခန်းစာ ၄ - ဗေသနိ<br>ခေါင်းစဉ် - ယေရုရှလင်သို့</th>
</tr>
<tr>
<td></td>
<td>ကျမ်းညွှန်း ရှင်လုကာ၊ ၁၉း ၂၈း၄၄<br>အဓိကသော့ချက်ကျမ်း ရှင်ယောဟန်၊ ၁း၁၂<br><br>ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ<br>၁။ သခင်ယေရှု ယေရုရှလင်မြို့ထဲသို့ ဝင်သောအချိန်တွင် လူတို့သည် မိမိတို့မြင်ခဲ့သော တန်ခိုးတော်များကို ထောက်၍ ဘုရားသခင်ကို ထောမနာပြုလျက်၊ ဂုဏ်တော်ကို ချီးမွမ်းလျက်၊ ယေရှု၏ နောက်တော်သို့ လိုက်ခဲ့ကြသည်။<br>၂။ ယေရှုသည် ယေရုရှလင်အနီးသို့ ရောက်၍ ကြည့်မြင်လျက် ငိုကြွေးတော်မူသည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် သူ့အား ငြင်းပယ်ကြပြီး၊ သူ့အတွက် နေရာမပေးသောကြောင့် ဖြစ်သည်။</td>
<td>ကျမ်းညွှန်း ရှင်လုကာ၊ ၁၉း ၂၈-၄၁<br>အဓိကသော့ချက်ကျမ်း ရှင်ယောဟန်၊ ၁း ၁၂<br><br>ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ<br>၁။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် သက်ဆိုင်သူများ (ဆက်နွယ်သူများ) ဖြစ်ကြပြီး၊ ကျွန်ုပ်တို့၏ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ ကိုးကွယ်ခြင်း၊ အစေခံခြင်း နှင့် ပိုင်ဆိုင်မှုများကို သူ၏ ဂုဏ်တော် နှင့် ဘုန်းတော်အတွက် အသုံးပြုလျှင် သခင်ယေရှု၏ စိတ်တော်နှင့် တွေ့မည် ဖြစ်သည်။<br>၂။ သခင်ယေရှုခရစ်တော်ကို ကျွန်ုပ်တို့၏ နှလုံးသားထဲသို့ ခေါ်ဖိတ်လက်ခံခြင်းသည် အလွန်အရေးကြီးသောအရာပင် ဖြစ်သည်။ လက်ခံရန် တစ်ရက်စောင့်ဆိုင်းနေမည်ဆိုပါက ဤအခွင့်ထူးကြီးကို ပိုင်ဆိုင်ရန် အလွန်နောက်ကျနေမည် ဖြစ်သည်။</td>
</tr>
<tr>
<td>သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။</td>
<td>"သံလွင်ခက်နေ့" အကြောင်း မိတ်ဆက်ပေးပါ။ လွန်ခဲ့သည့် နှစ်များစွာက ဖရောဖတ်များက ဖရောဖတ်ပြုခဲ့ကြသည်။<br>ဇာခရီ၊ ၉း၉ အား ရည်ညွှန်း၍ သခင်ယေရှု မြည်းကလေးကိုစီး၍ ယေရုရှလင်သို့ ဝင်လာမည့်အကြောင်းကို လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀က ပရောဖက်များ ပရောဖတ်ပြုခဲ့သည့်အရာသည် အမှန်တကယ်ဖြစ်လာကြောင်း ပြောပြပါ။</td>
<td>သခင်ယေရှု ယေရုရှလင်ကို ကြည့်ပြီး ငိုသည့်အကြောင်းကို ညွှန်ပြခြင်းအားဖြင့် ဤသင်ခန်းစာကို မိတ်ဆက်ပေးပါ။ (အငယ်၊ ၄၁-၄၂) သူတို့၏ ငြိမ်သက်ခြင်းအရှင်ဖြစ်သည့် မေရှိယကို လက်ခံရယူနိုင်သည့် အခွင့်အရေးကို သူတို့ ဆုံးရှုံးခဲ့ကြသည်။ ယခုတွင် အလွန် နောက်ကျခဲ့ပြီး ဖြစ်သည်။ ယုဒနိုင်ငံနှင့် ပတ်သက်သည့် အပြစ်၏ အကျိုးဆက်များ အကြောင်းကို လွန်ခဲ့သည့်နှစ်များတွင် သခင်ယေရှု သတိပေးထားသည်။ (အေဒီ ၇၀) ၌ ရောမအစိုးရ တိတု () လက်ထပ်တွင် ဖြစ်ပျက်ခဲ့သည့် ယေရုရှလင်မြို့ ဗိမာန်တော် ပျက်စီးခြင်းအကြောင်း နှင့် မြို့နေပြည်သူများကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် အကြောင်းကို အေဒီ ၇၀ တွင် သခင်ယေရှု ကြိုတင်ဟောပြောထားခဲ့သည်။ သခင်ယေရှုသည် ကယ်တင်ခြင်းအတွက် မိမိအသက်ကို ပေးဆက်ရန် ယေရုရှလင်သို့ သွားခြင်းဖြစ်သည်။ သို့သော် သူတို့သည် သခင်ယေရှုအတွက် နေရာမပေးခဲ့ကြပေ။ ထို့ကြောင့် ဘေးဒုက္ခနှင့် ကြုံတွေ့ကြရခြင်း ဖြစ်သည်။</td>
</tr>
<tr>
<td>သင်ခန်းစာကို ပြီးမြောက်စေပါ။</td>
<td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁။ သခင်ယေရှုသည် သူ၏ အသက်ကို မစတေးမီ တစ်ပတ်တာ၏ အစပိုင်းတွင် အောင်ပွဲခံ၍ ယေရုရှလင်သို့ ဝင်ရောက်ခဲ့သည်။ (အငယ်၊ ၂၈-၄၀)<br>၂။ တပည့်တော်တို့သည် ချီးမွမ်း၍ ကြွေးကြော်ခဲ့ကြသည်။ (အငယ်၊ ၃၇) သူတို့သည် "ကောင်းကင်ဘုံ၌ငြိမ်သက်ခြင်း ဖြစ်စေသတည်း။" ဟု ကြွေးကြော်ကြသည်။ "မြေကြီးပေါ်၌ငြိမ်သက်ခြင်းဖြစ်စေသတည်း။" ဟူ၍ မဟုတ်ကြောင်းကို မှတ်သားပါ။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှု၏ သေခြင်းသည် နှင့် တက်ကြွခြင်းသည် ကောင်းကင်၌ ငြိမ်သက်ခြင်း ရှိရန် ဖြစ်သည်။ "မြေကြီးပေါ်၌ငြိမ်သက်ခြင်း" မရှိသည့်အတွက် "ငြိမ်သက်ခြင်းအရှင်" ဖြစ်သော ယေရှုကို သူတို့ သတ်တော့မည် ဖြစ်သည်။<br>၃။ ယေရှုသည် ယေရုရှလင်ကို ကြည့်၍ ငိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုမြို့တွင်ရှိသောသူတို့သည် သူ့အား ငြင်းပယ်ကြသည့်အတွက်ကြောင့် ဖြစ်သည်။ သူတို့၏ အခွင့်အရေးကို သူတို့ ငြင်းပယ်ခဲ့ကြသည်။ (အငယ်၊ ၄၂)<br>၄။ သခင်ယေရှု ဖော်ပြခဲ့သည့်အရာ ပြည့်စုံခဲ့သည်။ ရောမအစိုးရ တိတုမင်း လက်ထက်တွင် ယေရုရှလင်မြို့ နှင့် ထိုမြို့တွင်ရှိသော သူတို့သည် ဖျက်ဆီးခြင်း ခံခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ထံ လာသည့် "ကယ်တင်ရှင်၏ လာချိန်" ကို သူတို့ မသိခဲ့သောကြောင့် ဖြစ်သည်။ (အငယ်၊ ၄၄) ဆိုလိုသည်မှာ သခင်သည် သူတို့ကို ကယ်တင်ခဲ့ပြီး ဖြစ်သည်။ သို့သော် သူတို့သည် အလိုမရှိကြပေ။<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။<br>ပြပါ - FBI - အောင်ပွဲခံခြင်း ယေရှုသည် ယေရုရှလင်သို့ ဝင်တော်မူသည်။</td>
<td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁။ ယေရုရှလင်သို့ ဝင်လာခြင်း - ဇာခရီ ၉း၉ တွင် ကြိုတင်ပရောဖက်ပြုထားသည့်အတိုင်း သခင်ယေရှုသည် မြည်းကလေးကိုစီး၍ ယေရုရှလင်သို့ ဝင်လာခဲ့သည်။ ယေရုရှလင်သို့ အောင်မြင်ခြင်းနှင့် ဝင်လာသည့် သခင်ယေရှုကို မျက်ဝါးထင်ထင် သက်သေခံသော သူတို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀က ကြိုတင်ပရောဖက်ပြုထားချက်များသည် ယေရှု၌ ပြည့်စုံလာသည့် အကြောင်းကို မြင်ခဲ့ကြရသည်။<br>၂။ ယေရုရှလင်သို့ ဝင်လာသောအချိန် - ယေရုရှလင်၌ယုဒလူမျိုးအားလုံးရှိနိုင်မည့် ပသခါပွဲ အချိန်ကို သခင်ယေရှု ရွေးချယ်ခဲ့သည်။<br>၃။ လူတို့၏ မျှော်လင့်ခြင်း - သူတို့၏လူမျိုး ခေါင်းဆောင်အဖြစ် သူတို့မျှော်လင့်ထားသည့် ဘုရင်ကို ဘုရားသခင်ပြင်ဆင်ပေးသည့်အတွက် သူတို့သည် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းခဲ့ကြသည်။ သို့သော် ယေရှုသည် ထာဝရနိုင်ငံကို တည်ထောင်မည့်အကြောင်း သူတို့ သိရှိနားလည်သောအချိန်တွင် သူတို့သည် ယေရှုအား ဆန့်ကျင်ကြပြန်သည်။<br>၄။ ဖာရိရှဲတို့၏ တုန့်ပြန်မှု - ဖာရိရှဲတို့သည် လူများတို့အား တိတ်ဆိတ်စွာ နေစေရန် ဆုံးမတော်မူပါဟု သခင်ယေရှုထံ ပြောခဲ့ကြသည်။ ဤသူတို့အား တိတ်ဆိတ်စွာ နေစေလျှင် ကျောက်ခဲတို့သည် ကြွေးကြော်ကြလိမ့်မည်ဟု ယေရှု ပြန်၍ မိန့်တော်မူခဲ့သည်။<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။<br>ပြပါ - FBI - အောင်ပွဲခံခြင်း ယေရှုသည် ယေရုရှလင်သို့ ဝင်တော်မူသည်။</td>
</tr>
<tr>
<td>ပြန်လှန်လေ့ကျင့်ပါ</td>
<td>ပုံပြင်အား ပြန်လှန်ပြီး၊ သခင်ယေရှုအား မိမိ၏ ကယ်တင်ရှင်နှင့် သခင်အဖြစ် ယုံကြည်လက်ခံခြင်းသည် မည်မျှ အရေးကြီးသည့် အရာဖြစ်ကြောင်း ဆွေးနွေးပါ။ ၂ကော၊ ၆း၂ ကို ကိုးကားပြီး မနက်ဖြန်သည် နောက်ကျနိုင်ကြောင်း ပြောပြပါ။ အေဒီ ၇၀ တိတုမင်းလက်ထပ်တွင် ဤလောကသို့ မည်သို့ အပြစ်ဒဏ်ကျရောက်သည့် အကြောင်းကိုလည်း ဆင်ခြင်ပါ။ သခင်ယေရှုအတွက် အချိန်မရှိ/မပေးသူများ အတွက် ယခုအချိန်သည် နောက်ကျနေပြီး ဖြစ်သည်။</td>
<td>ယေရှု၏ သက်တော်စဉ်နှင့် စပ်ဆက်သည့်အကြောင်းများကို ပြန်ပြောပြပြီး ဤသင်ခန်းစာကို ပြန်လှန်ပါ။ ယေရုရှလင်သည် ဘာသာရေး အချက်အချာကျသောမြို့၊ နိုင်ငံရေးဩဇာလွှမ်းမိုးသောမြို့၊ ယုဒလူမျိုးများ၏ အမိမြို့တော်၊ ရောမ အစိုးရကြီးစိုးသောမြို့ ဖြစ်သည်။ သခင်ယေရှု၏ အသေခံခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်း အပါအဝင် အရေးပါသည့် သက်တော်စဉ် များစွာသည် ယေရုရှလင်မြို့တွင် ဖြစ်ပျက်ခဲ့သည်။ သူ၏ နောက်ဆုံး ရှင်သန်ခဲ့သည့် တစ်ပတ်တာကိုလည်း ယေရုရှလင်မြို့တွင် အချိန်ကုန်ဆုံးစေခဲ့သည်။</td>
</tr>
<tr>
<td>လိုက်လျှောက်အသက်ရှင်ပါ</td>
<td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>၁။ အပြစ်မှ ပြန်လှည့်လာခြင်း နှင့် ကယ်တင်ခြင်းအတွက် သခင်ယေရှုအား ကိုးစားယုံကြည်ခြင်းဆိုသည့် အဓိပ္ပာယ်ကို ဆင်ခြင်ပါ။<br>၂။ အဓိကသော့ချက်ကျမ်းသည် သခင်ယေရှုအား "ဘုရားသခင်၏သားတော်" အဖြစ် ယုံကြည်လက်ခံသောသူများထံ ရည်ညွှန်းသည်။ အခြားတဘက်တွင် သခင်ယေရှုကို မိမိ၏ ကယ်တင်ရှင်အဖြစ် ယုံကြည်သောသူများကို အဘယ်သို့ သိနိုင်သည့်အကြောင်း စဉ်းစားပါ။ (ဥပမာ၊ ခရစ်ယာန်၊ စသည်ဖြင့်)</td>
<td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>၁။ ထာဝရအသက်သည် အခွင့်အရေးရှိစဉ် ယေရှုအား လက်ခံသောသူများအတွက် ခွင့်ပြုထားဆဲ ဖြစ်သည်။<br>၂။ ကျွန်ုပ်တို့ အသက်တာ၏ လိုအပ်ချက်များအတွက် သခင်ယေရှု တက်နိုင်သည့် နည်းလမ်းကို စဉ်းစားပါ။<br>၃။ ဇာခရီ ၉း၉ ရှိ ပရောဖက်ပြုချက်များ ပြည့်စုံလာခဲ့သည်။ ထို့ကြောင်း သခင်ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းသည် အမှန်တကယ် ဖြစ်လာမည် ဖြစ်သည်။</td>
</tr>
</table>

| | ခ၄ - အဆင့် ၃<br>သင်ခန်းစာ ၁ - သခင်ယေရှု<br>ခေါင်းစဉ် - 'အသေခံခြင်း' | ခ၄ - အဆင့် ၄<br>သင်ခန်းစာ ၁ - သခင်ယေရှု<br>ခေါင်းစဉ် - သူ၏ အသေခံခြင်း |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်လုကာ၂၃း ၁-၂၆ နှင့် ၃၂-၄၆*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၂၃း ၃၃*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သခင်ယေရှု အသေခံသည့် အတွက်ကြောင့် ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားကြရသည်။<br>၂. ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံ ဝင်စားရရန်အတွက် ကျွန်ုပ်တို့၏ အပြစ်မှ နောင်တရပြီး သခင်ယေရှုကို ကိုးစားယုံကြည်ရန် လိုအပ်သည်။ | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၂၃း ၃၂-၅၆*<br>**အဓိကသော့ချက်ကျမ်း** *ရှင်ယောဟန်၊ ၁၅း ၁၃-၁၄*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံ ဝင်စားရရန်အတွက် မိမိသည် အပြစ်သားဖြစ်ကြောင်း နှင့် ဘုရားသခင်၏ အပြစ်ပေးခြင်း ခံရမည့်သူများဖြစ်ကြောင်း လက်ခံရန် လိုအပ်သည်။<br>၂. ထို့နောက် ကျွန်ုပ်တို့ကိုယ်စား အသေခံပေးသည့် အပြစ်မရှိသည့် ယေရှုကို ကျွန်ုပ်တို့ ယုံကြည်လက်ခံရန် လိုအပ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | အီစတာနှင့် ပတ်သက်၍ ကလေးများသိသည့် အကြောင်းများကို မေးပြီး သင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။ ဤသင်ခန်းစာသည် အီစတာ၏ ပထမပိုင်းကို ဖော်ပြထားကြောင်း ရှင်းပြပါ။ လူတိုင်း ကောင်းကင်နိုင်ငံ မဝင်စားနိုင်ကြောင်း ဤသင်ခန်းစာမှ ကျွန်ုပ်တို့အား မည်သို့ ဖော်ပြထားသည့် အကြောင်း ဆွေးနွေးပါ။ သခင်ယေရှုနှင့်အတူ အသေခံသည့် သူခိုးနှစ်ယောက်တွင် တစ်ယောက်သည် ကောင်းကင်သို့ သွားပြီး တစ်ယောက်သည် ကောင်းကင်သို့ မသွားကြောင်းတွေ့ရသည်။ | သခင်ယေရှုအား ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်း၊ ကရာနီသို့ လှမ်းသွားခြင်း၊ စသည့် အကြောင်းအရာများအပါအဝင် ကားတိုင်တွင် တင်သက်ခြင်း ခံရသည့် အဖြစ်အပျက်ကို အတိုချုံး၍ ရှင်းပြပါ။ ကယ်တင်ခြင်းသည် နောင်တရခြင်း၊ ယုံကြည်ခြင်းဖြင့် အခြေခံခြင်းဖြစ်ပြီး၊ နောင်တရသည့် သူခိုးသည် ကောင်းကင်သို့ ဝင်စားခွင့်ရပြီး၊ နောင်တမရသော သူခိုးသည် ကောင်းကင်သို့ မဝင်စားကြောင်း ဤသင်ခန်းစာတွင် မည်သို့ ဖော်ပြထားကြောင်း ဆွေးနွေးပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ပိလတ်မင်းသည် သခင်ယေရှုတွင် အပြစ်ရှာ၍ မတွေ့ခဲ့ပေ။ သို့သော် လူတို့ စိတ်ကျေနပ်စေရန်အတွက် ယေရှုအား အသေသတ်ရန် ခွင့်ပြုပေးခဲ့သည်။ ***(အငယ်၊ ၁-၇၊ ၁၃-၂၅)***<br>၂. ပိလတ်မင်း နှင့် ဟေရုဒ်မင်းတို့သည် ရန်သူများ ဖြစ်ကြသော်လည်း မိတ်ဆွေများ ဖြစ်လာခဲ့ကြပြီး၊ သခင်ယေရှုကို အတူ ဆန့်ကျင်ခဲ့ကြသည်။ ***(အငယ်၊၁၂)***<br>၃. ကားတိုင်တွင်အသေခံသည့်အချိန် ခြောက်နာရီကြာခဲ့သည်။ ***(နံနက်၉း၀၀ မှ ညနေ ၃း၀၀)*** ယေရှုသည် လူဆိုးတို့အဝင် ရေတွက်ခြင်းကို ခံရခြင်းသည် ဟေရှာယ၊ ၅၃း၁၂တွင် ဖော်ပြထားသည့် ပရောဖက်ပြုချက်များ ပြီးပြည့်စုံခဲ့သည်။<br>၄. သူခိုးနှစ်ယောက် ရှိသည်။ ***(၃၉-၄၃)*** သို့သော် တစ်ယောက်သာ ကောင်းကင် ဝင်စားခွင့် ရရှိခဲ့သည်။ အငယ် ***၄၃ကို*** ရည်ညွှန်းပါ။ 'ယနေ့တွင်' မည်မျှလျှင်မြန်သနည်း။ 'ငါနှင့်အတူ' မည်မျှအဖော်မွန်ကောင်း ဖြစ်နည်း။ 'ပရဒိသုဘုံ၌' မည်မျှပျော်ရွှင်စရာ ကောင်းသနည်း။<br>၅. သုံးနာရီကြာ မှောင်မိုက်အတိ ဖြစ်ခဲ့သည်။ ***(အငယ်၊၄၄-၄၆)*** ယေရှု၏ သင်္ချိုင်းဂူကို လုံအောင်ဖုံးထားခြင်းဖြင့် သခင်ယေရှုသည် ဘုရားသခင်ထံ သွားသည့် လမ်းဖြစ်ကြောင်းကို ဖော်ပြသည်။ ***(ဟေဗြဲ၊ ၁၀း ၁၉-၂၀)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ပိလတ်မင်း နှင့် ဟေရုဒ်မင်းရှေ့မှောက်ရှိ ယေရှု ယေရှု အသေသတ်ခြင်းခံခဲ့ရသည်။ ယေရှုအသေခံသည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ခြောက်နာရီကြာ အပြစ်ဒဏ်ခံရခြင်းဖြင့် ***ဟေရှာယ၊၅၃း ၁၂*** ကို ပြီးပြည့်စုံခဲ့သည်။ (နံနက်၊၉း၀၀ မှ ညနေ၊ ၃း၀၀ထိ)<br>၂. ကယ်တင်ခြင်းသည် နောင်တ နှင့် ယုံကြည်ခြင်းဖြင့်သာ ရရှိနိုင်ကြောင်းကို နောင်တရသည့် သူခိုး ***(၂၃း၄၃)*** အားဖြင့် ဖော်ပြနေသည်။ ထိုသူခိုးသည် ကောင်းကင်သို့ ဝင်စားခွင့် ရရှိခဲ့သည်။ သို့သော် သူသည် ဗတ္တိဇံမင်္ဂလာ မခံယူခဲ့ပေ။ ပွဲတော်လည်းမပါဝင်ခဲ့ဘူးပေ။<br>၃. သူခိုးနှစ်ဦးသည် သခင်ယေရှုကို ချစ်သောသူတစ်စု နှင့် သခင်ယေရှုကို ရန်လိုသောသူတစ်စုကို ပုံဆောင်သည်။<br>၄. သုံးနာရီအတွင်း အမှောင်အတိဖြစ်ခဲ့သည်။ ***(အငယ်၊ ၄၄-၄၆)*** သခင်ယေရှု အပြစ်ဒဏ်များအားလုံးကို ပေးဆက်ခဲ့သည်။ လူတိုင်း ဘုရားသခင်ထံသို့ ယုံကြည်ခြင်းအားဖြင့် လာနိုင်ရန် သူ၏ အသေခံခြင်းဖြင့် လမ်းဖွင့်ပေးခဲ့သည်။<br>၅. ယောသပ်သည်လည်း မထင်ရှားသည့် တပည့်တော်တစ်ဦး နှင့် သခင်ယေရှု၏ မိတ်ဆွေကောင်းတစ်ဦး ဖြစ်ကြောင်း တွေ့ရသည်။ သခင်ယေရှု၏ အလောင်းတော်ကို ပြင်ဆင်သည့် အရာကို ကြည့်ခြင်းဖြင့် သစ္စာရှိသည့် အမျိုးသမီးများ အကြောင်းကိုလည်း ဖော်ပြထားသည်။ ***(အငယ်၊ ၅၀-၅၆)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယေရှု အသေသတ်ခြင်းခံခဲ့ရသည်။**<br>**ယေရှုအသေခံသည်။** |
| ပြန်လှန်လေ့ကျင့်ပါ | သခင်ယေရှု အသေမခံမီ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ကျော်က ပရောဖက်ပြုခဲ့သည့် ***ဟေရှာယ၊ ၅၃း၁၂ကို*** ကျောင်းသားများအား ဖတ်စေခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်ပါ။ ကျမ်းစာသည် ထာဝရဘုရား မှုတ်သွင်းတော်မူခြင်း ဖြစ်ကြောင်းကို ကိုးကား ဖော်ပြပါ။ | လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်က သခင်ယေရှုအသေခံခြင်းနှင့် ပတ်သက်၍ ကြိုတင်ပရောဖက်ပြုထားသည့် ***ဟေရှာယ၊ ၅၃ကို*** ကျောင်းသားများအား ဖတ်စေခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်လေ့ကျင့်ပါ။ ***လုကာ၊ ၂၃း ၃၂-၅၆*** နှင့် နှိုင်းယှဉ်ပြီး မည်သို့ စပ်ဆက်ကြောင်း ဆွေးနွေးပါ။ နှုတ်ကပတ်တော်၏ မှုတ်သွင်းထားတော်မူခြင်းကို ထည့်သွင်းဖော်ပြသင့်သည်။ ***ဟေရှာယ ၅၃*** တွင် ဖော်ပြထားသည့် ကားတိုင်တွင် ပြီးပြည့်စုံခဲ့ပြီး ဖြစ်သည့် ပရောဖက်ပြုချက်များကို စာရင်းပြုစုပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့ မည်သို့အသေအချာ သိနိုင်သနည်း။<br>၂. ကျွန်ုပ်တို့သည် သခင်ယေရှု၏ မည်သည့်ဘက်တွင် ရှိကြသနည်း။ သခင်ယေရှုကို ချစ်သောသူများ ဘက်လား။ သခင်ယေရှု၏ ရန်သူများ ဘက်လား။<br>၃. လူတိုင်း ကောင်းကင်နိုင်ငံသွားနိုင်သည်ဟု ပြောသောသူများထံ သင်မည်သို့ ပြန်ပြောမည်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့သည် သခင်ယေရှု၏ မည်သည့်ဘက်တွင် ရှိကြသနည်း။ သခင်ယေရှု၏ မိတ်ဆွေလား။ သခင်ယေရှု၏ ရန်သူများလား။<br>၂. ကျွန်ုပ်တို့သည် ယောသပ်ကဲ့သို့ သခင်ယေရှုအားချစ်လျှင် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို ဖော်ပြနိုင်သည့်အခွင့်အရေးကို ကျွန်ုပ်တို့ ရှာတွေ့နိုင်ကြမည် ဖြစ်သည်။ ကျွန်ုပ်တို့ မည်သို့ ဖော်ပြနိုင်ကြမည်နည်း။<br>၃. မိမိတို့ ကောင်းကင်နိုင်ငံသွားမည်ဟု ပြောသောသူတိုင်းထံ သင်မည်သို့ ပြန်ပြောမည်နည်း။ |

| | ခ၄ - အဆင့် ၃<br>သင်ခန်းစာ ၂ - သခင်ယေရှု<br>ခေါင်းစဉ် - ထမြောက်ခြင်း | ခ၄ - အဆင့် ၄<br>သင်ခန်းစာ ၂ - သခင်ယေရှု<br>ခေါင်းစဉ် - သူ၏ ထမြောက်ခြင်း |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်ယောဟန်၊ ၂၀း ၁-၁၈*<br>**အဓိကသော့ချက်ကျမ်း** *ရောမ၊ ၁၀း ၉*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သခင်ယေရှုသည် သင်္ဂြိုလ်ပြီး သုံးရက်မြောက်သောနေ့တွင် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်။<br>၂. မာဂဒလမာရိသည် သခင်ယေရှုကိုချစ်သည့် သူမ၏ချစ်ခြင်းမေတ္တာကို ဖော်ပြခဲ့သည်။ | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၈း ၁-၂ ၊ ရှင်ယောဟန်၊ ၂၀း ၁-၁၈*<br>**အဓိကသော့ချက်ကျမ်း** *ရောမ၊ ၁၀း ၉*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သခင်ယေရှုသည် ရှင်ပြန်ထမြောက်သောအချိန်တွင် သေခြင်းတရားကို အနိုင်ယူနိုင်ခဲ့သည်။<br>၂. မာဂဒလမာရိသည် အလွန်သစ္စာရှိသည့် သခင်ယေရှု၏ တပည့်တော်တစ်ဦး ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | 'ရှင်ပြန်ထမြောက်ခြင်း' ၏ အဓိပ္ပာယ်ကို ဆွေးနွေးပါ။ သေခြင်းမှ သခင်ယေရှု ထမြောက်စေခဲ့သောသူများမှာ မည်သူများဖြစ်ကြောင်း ကျောင်းသားများကို မေး၍ ဖော်ထုတ်ပါ။ (လာဇရု- ***ယောဟန်၊ ၁၁း၄၄၊*** ယာဣရု၏သမီး- ***ရှင်လုကာ၊ ၈း၅၅***) ရှင်ပြန်ထမြောက်စေနိုင်သည့် တန်ခိုးတော်သည် ယေရှုတွင်ရှိကြောင်း သိပါ။ | ယေရှု၌သာရှိသည့် ရှင်ပြန်ထမြောက်စေနိုင်သည့် တန်ခိုးတော် အကြောင်းကို ဆွေးနွေးပါ။ သေခြင်းမှ သခင်ယေရှု ထမြောက်စေခဲ့သောသူများမှာ မည်သူများဖြစ်ကြောင်း ဖော်ထုတ်ပါ။ (လာဇရု- ***ယောဟန်၊ ၁၁း၄၄၊*** ယာဣရု၏သမီး- ***ရှင်လုကာ၊ ၈း၅၅***) သခင်ယေရှုခရစ်တော်၌ ယုံကြည်၍ သေလွန်သောသူ ရှိသမျှတို့သည်လည်း ထမြောက်ရာ ကာလတွင် ထမြောက်ကြလိမ့်မည် ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. မာဂဒလမာရိ၊ ပေတရု နှင့် ယောဟန်တို့သည် ရှင်ပြန်ထမြောက်ခြင်း၏ သက်သေအဖြစ် အလောင်းတော်မရှိသည့် ဂူသင်္ချိုင်းအလွတ်ကြီးကို မြင်တွေ့ခဲ့ကြသည်။<br>၂. ပေတရု နှင့် ယောဟန်တို့သည် အိမ်သို့ ပြန်သွားခဲ့ကြသည်။ သို့သော် မာရိသည် တစ်ယောက်တည်း ဂူ၏ အပြင်ဘက်မှ စောင့်ကြည့်နေခဲ့သည်။<br>၃. သူမ၏ သစ္စာရှိခြင်းအတွက် ဆုလဒ်အနေအဖြစ် သခင်ယေရှုသည် သူမထံ ကိုယ်ထင်ရှားပြခဲ့သည်။ သခင်ယေရှုသည် ကောင်းကင်သို့ ပြန်တက်ကြွသွားပြီးနောက်တွင် ယုံကြည်သောသူ အယောက်စီတိုင်း၏ နှလုံးသားထဲတွင် ကျိန်းဝပ်ရန် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်တော်မူခဲ့သည့် အကြောင်းကို ဆွေးနွေးပါ။<br>၄. သခင်ယေရှုသည် သူ၏ ရှင်ပြန်ထမြောက်ခြင်း နှင့် ဂါလိလဲပြည်တွင် တပည့်တော်များနှင့် တွေ့ဆုံမည့်အကြောင်းကို တပည့်တော်များထံ ပြောပြရန် သူမအား စေလွှတ်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သခင်ယေရှု သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. မာဂဒလမာရိသည် သခင်ယေရှု သက်တော်စဉ်တလျှောက် အစေခံသောသူတစ်ဦး ဖြစ်ပြီး၊ ဂူသင်္ချိုင်းအလွတ်ကြီးကို ပထမဦးဆုံး တွေ့ရှိသူ ဖြစ်ခြင်းဖြင့် သူမ၏ သစ္စာရှိခြင်းကို ဖော်ပြခဲ့သည်။<br>၂. မာဂဒလမာရိ၊ ပေတရု နှင့် ယောဟန်တို့သည် ရှင်ပြန်ထမြောက်ခြင်း၏ သက်သေအဖြစ် အလောင်းတော်မရှိသည့် ဂူသင်္ချိုင်းအလွတ်ကြီးကို မြင်တွေ့ခဲ့ကြသည်။ အလောင်းတော်ကို ပတ်ထားသည့် အဝတ်စများကို ဂူအတွင်း သေသပ်စွာထားရှိသည့် အခြင်းအရာကို ကြည့်ခြင်းဖြင့် ယေရှု၏ ထွက်ခွါခြင်းသည် အလျှင်အမြန်မဟုတ်ဘဲ၊ အစီအစဉ်အတိုင်းသာဖြစ်ကြောင်း သိနိုင်ပြီး၊ အလောင်းတော်အခိုးခံရသည့် အရာသည်လည်း မဖြစ်နိုင်ကြောင်း သိနိုင်သည်။<br>၃. သူမ၏ သစ္စာရှိခြင်းအတွက် ဆုလဒ်အနေအဖြစ် သခင်ယေရှုသည် သူမထံ ကိုယ်ထင်ရှားပြခဲ့သည်။ သခင်ယေရှုသည် ကောင်းကင်သို့ ပြန်တက်ကြွသွားပြီး နောက်တွင် ယုံကြည်သောသူ အယောက်စီတိုင်း၏ နှလုံးသားထဲတွင် ကျိန်းဝပ်ရန် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်တော်မူခဲ့သည့် အကြောင်းကို ဆွေးနွေးပါ။<br>၄. သခင်ယေရှုသည် သူ၏ ရှင်ပြန်ထမြောက်ခြင်း နှင့် ဂါလိလဲပြည်တွင် တပည့်တော်များနှင့် တွေ့ဆုံမည့်အကြောင်းကို တပည့်တော်များထံ ပြောပြရန် သူမအား စေလွှတ်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သခင်ယေရှု သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်။** |
| ပြန်လှန်လေ့ကျင့်ပါ | သခင်ယေရှုသည် သူ၏ ထမြောက်ခြင်းနှင့် ပတ်သက်၍ ကြိုတင်ပြောထားသည့် ဓမ္မသစ်ကျမ်းရှိ အောက်ပါ ကျမ်းပြိုင်များကို လေ့လာပြီး ဤသင်ခန်းစာနှင့် စပ်ဆက်စဉ်းစားပါ။ ရှင်ပြန်ထမြောက်ခြင်း၏ အရေးပါမှု နှင့် ရည်ရွယ်ချက်ကို ဆွေးနွေးပါ။<br>- *ရှင်မဿဲ၊ ၁၆း ၂၁၊ ၁၇း ၂၃၊ ၂၀း၁၉*<br>- *ရှင်လုကာ၊ ၁၈း ၃၃၊ ၂၄း၇*<br>- *၁ကော၊ ၁၅း ၃-၄* | *၁ကော၊ ၁၅း၃-၈၊ ၁၂-၂၀* ကို ဖတ်ပြီး သင်ခန်းစာနှင့် စပ်ဆက်စဉ်းစားပါ။ ***အခန်းငယ်၊ ၄*** သည် ***ဟောရှာယ၊ ၅၃း၉*** နှင့် ***ဆာလံ၊ ၁၆း ၉-၁၀*** တို့နှင့် မည်သို့ စပ်ဆက်ရည်ညွှန်း ဖော်ပြထားသနည်း။<br>သခင်ယေရှု အသက်ရှင်ပြန်သည်ကို တွေ့ရှိခဲ့သည့် လူအမျိုးမျိုးအကြောင်း ဆွေးနွေးပါ။ ***(အငယ်၊၅-၈)*** ရှင်ပြန်ထမြောက်ခြင်းသည် အဘယ်ကြောင့် အရေးကြီးသောအရာ ဖြစ်ရသနည်း။ ***(အငယ်၊၂၀)*** |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျောင်းသားများသည် သခင်ယေရှုအား မိမိတို့၏ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံခြင်း နှင့် ချစ်သည်ဟု ဝန်ခံခြင်းသည် အလွန်အရေးကြီးသည်။<br>၂. သခင်ယေရှု အတွက် ချစ်သည့် ကျွန်ုပ်တို့ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အသက်တာ၌ အကြိုးပြန်လည် ခံစားရကြောင်း ဆင်ခြင်ပါ။<br>၃. မှန်ကန်တိကျသည့် ရှင်ပြန်ထမြောက်ခြင်း အကြောင်းကို ဤသင်ခန်းစာမှ ကျွန်ုပ်တို့ သင်ယူရန် အလွန်အရေးကြီးသည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. သခင်ယေရှုအား မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံခြင်း နှင့် ချစ်ခြင်းသည် အရေးကြီးသည့်အရာဖြစ်ကြောင်း ဆင်ခြင်ပါ။<br>၂. အကယ်၍ သခင်ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း မရှိခဲ့ပါလျှင် သူ၏အသေခံခြင်းသည် အချည်းနှီးသက်သက်ဖြစ်မည် ဖြစ်သည်။ ကောင်းကင်တွင် ထာဝရနေမည့် မျှော်လင့်ချက်လည်း လုံးဝရှိလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ရှင်ပြန်ထမြောက်ခြင်းသည် ခရစ်ယာန်များ ယုံကြည်ခြင်းအတွက် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်သည်။ |

| | ခ၄ - အဆင့် ၃<br>သင်ခန်းစာ ၃ - သခင်ယေရှု<br>ခေါင်းစဉ် - 'ထွက်ခွါခြင်း' | ခ၄ - အဆင့် ၄<br>သင်ခန်းစာ ၃ - သခင်ယေရှု<br>ခေါင်းစဉ် - သူ၏ တက်ကြွခြင်း |
|---|---|---|
| | **ကျမ်းညွှန်း** *ရှင်ယောဟန်၊ ၂၀း ၁၉-၂၉ ၊ ရှင်လုကာ၊ ၂၄း ၅၀-၅၃*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၂၄း ၅၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သခင်ယေရှုသည် သမ္မာကျမ်းစာအားဖြင့် ကျွန်ုပ်တို့အား တစ်စုံတစ်ခု မိန့်တော်မူသည့် အချိန်တွင် သူ၏စိတ်တော်နှင့် တွေ့စေရန် ကျွန်ုပ်တို့သည် သူ၏စကားတော်ကို ရိုးရှင်းစွာ ယုံကြည်ရမည် ဖြစ်သည်။<br>၂. ရှင်ယောဟန် ခရစ်ဝင်ကျမ်း၏ ရည်ရွယ်ချက်မှာ ထိုကျမ်းစာကို ဖတ်သောသူတိုင်း ယုံကြည်၍ ထာဝရအသက် ရရန် ဖြစ်သည်။ | **ကျမ်းညွှန်း** *ရှင်လုကာ၊ ၂၄း ၄၅-၅၃ ၊ တမန်၊ ၁း ၁-၁၂*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၂၄း ၅၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ သားသမီး ဖြစ်သောသူတိုင်းသည် ဤလောကတွင် သူ၏ အကြောင်းကို သက်သေခံရန် သခင်ယေရှု အလိုတော်ရှိသည်။<br>၂. သခင်ယေရှုသည် သူအား ယုံကြည်သည့် သူ၏သားသမီးများကို ကောင်းကင်သို့ ချီဆောင်ရန်အတွက် ဤလောကသို့ တဖန်ပြန်ကြွလာတော်မူမည် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကျွန်ုပ်တို့သည် မျက်မြင်မြင်နိုင်၊ ထိတွေ့နိုင်သည့် အရာများကို မည်မျှ ယုံကြည်တက်ကြသည့်အကြောင်း စပ်ဆက်သည့် ဥပမာများပေး၍ ဆွေးနွေးပါ။ ခရစ်ယာန်တို့၏ ယုံကြည်ခြင်းသည် မျက်မြင်မြင်ရသည့် အရာများအပေါ်တွင် အခြေမခံဘဲ သခင်ယေရှု နှင့် ဘုရားသခင်၏ စကားတော်အပေါ် ယုံကြည်ကိုးစားခြင်းပင် ဖြစ်သည်။ | ကျွန်ုပ်တို့၏ ချစ်သူခင်သူများမှ အထူးသဖြင့် သူတို့ အသက်ဆုံးခါနီးအချိန် ကျွန်ုပ်တို့ထံ နောက်ဆုံးမှာကြားခဲ့သည့် အမှာစကားများကို ကျွန်ုပ်တို့ မည်သို့ တန်ဖိုးထား ဆုတ်ကိုင်ထားတက်သည့် အကြောင်း ဆွေးနွေးပါ။ သမိုင်းတွင်ဖော်ပြထားသည့် အချို့သော နာမည်ကြီး ပုဂ္ဂိုလ်ကြီးများ၏ နောက်ဆုံးအမှာစကားများကို စဉ်းစားပါ။ ဤအကြောင်းနှင့် စပ်ဆက်၍ သခင်ယေရှု၏ နောက်ဆုံးအမှာ စကားကို ဆင်ခြင်ပါ။ *(တမန်၊ ၁း ၈-၉)* |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. တပည့်တော်များထံ ယေရှု၏ ကိုယ်ထင်ရှားပြသခြင်း နှင့် 'သင်တို့၌ ငြိမ်သက်ခြင်း ရှိစေသတည်း။' ဟု သူတို့ထံ ပြောခဲ့သည့် စကားတော်များ အကြောင်း ဆွေးနွေးပါ။ ***(အငယ်၊ ၂၁)*** သခင်ယေရှု အသေခံပေးသည့် ရလဒ်အနေဖြင့် လူတို့သည် ယုံကြည်ခြင်းအားဖြင့် စစ်မှန်သည့် ငြိမ်သက်ခြင်း ခံစားနိုင်ကြကြောင်း ရှင်းပြပါ။<br>၂. သောမ၏ မယုံကြည်ခြင်းနှင့် ပတ်သက်၍ ဖြေညှင်းစွာ ရှင်ပြခဲ့ပြီး သူသည် ရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှုခရစ်တော် ဖြစ်ကြောင်း အခိုင်အမာ သက်သေပြ ခဲ့သည်။<br>၃. သောမသည် ယုံကြည်သော စကားလုံး၊ ဆက်ကပ်အပ်နှံသောစကားလုံး အသုံးအနှုန်းနှင့် ပြန်ဖြေခဲ့သည်။<br>၄. သခင်ယေရှုသည် ရှင်ပြန်ထမြောက်ပြီး ရက်ပေါင်း လေးဆယ်ကြာပြီး နောက်တွင် သံလွင်တောင်ပေါ်မှ ကောင်းကင်သို့ တက်ကြွတော်မူခဲ့သည်။ ထို့နောက် တပည့်တော်တို့သည် ဗိမာန်တော်သို့ ပြန်လာပြီး သူ၏ ရှင်ပြန်ထမြောက်ခြင်း နှင့် သူတဖန်ပြန်လာမည် ဟုဆိုသော ကတိစကားများ အတွက် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းခဲ့ကြသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယေရှုသည် သူ၏ တပည့်တော်များထံ ကိုယ်ထင်ရှား ပြခဲ့သည်။ ယေရှုသည် သောမထံ ကိုယ်ထင်ရှား ပြခဲ့သည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ယေရှုရှုလင်မြို့မှ စ၍ ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် သူ၏ ကယ်တင်ခြင်း သတင်းကောင်းကို သက်သေခံရန် သခင်ယေရှုသည် တပည့်တော်များကို မိန့်တော်မူခဲ့သည်။ ***(တမန်၊ ၁း၈)***<br>၂. သခင်ယေရှုသည် သံလွင်တောင်မှ ကောင်းကင်သို့ တက်ကြွတော်မူခဲ့သည်။ ***(အငယ်၊ ၁၂)*** ထိုနောက် သံလွင်တောင်မှ တဖန် ပြန်ကြွလာတော်မူမည် ဖြစ်သည်။ ***(ဇာခရိ၊ ၁၄း၄)***<br>၃. ယေရှုသည် မျက်မြင်မြင်ရသည် ကိုယ်ခန္ဓာတော်အား တက်ကြွတော်မူခဲ့သည်။ တစ်နေ့ ထိုသို့ပင် ပြန်လည်ကြွလာလိမ့်မည် ဖြစ်သည်။ ***(မာလခိ၊ ၃း၁)*** ***(မသဲ၊၂၄း၃၀)***<br>၄. ယေရှုသည် တန်ခိုးတော်၊ ဘုန်းတော်အားဖြင့် မိုးတိမ်ပေါ်သို့ ချီဆောင်တော်မူခြင်းကို ခံတော်မူပြီး၊ တဖန် ကောင်းကင်မိုးတိမ်ထက်မှ တန်ခိုးတော်၊ ဘုန်းတော်အားဖြင့် ပြန်လည် ကြွလာတော်မူလိမ့်မည်။ ***(မဿဲ၊ ၂၄း၃၀)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယေရှုသည် ကောင်းကင်သို့ တက်ကြွတော်မူသည်။** |
| ပြန်လှန်လေ့ကျင့်ပါ | အဓိကသော့ချက်ကျမ်းကို သင်ယူပြီး သင်ခန်းစာကို မည်သို့ အကျဉ်းချုံ ဖော်ပြကြောင်း ဆွေးနွေးပါ။ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်လာမည့် အကြောင်းနှင့် ပတ်သက်သည့် ကတိတော်ကို တပည့်တော်များ စောင့်ဆိုင်းနေသည့် အကြောင်းကို ကျောင်းသားများထံ သတိပေး ပြောပြပါ။ *(လုကာ၊ ၂၄း ၄၉)* | အထက်ပါ နံပါတ် ၁-၄ အထိ ဖော်ပြထားသည့် ကျမ်းအကိုးအကားများကို ကြည့်ပြီး၊ နှိုင်းယှဉ်ပါ။ ရှင်ပြန်ထမြောက်ပြီးနောက် သခင်ယေရှု ကောင်းကင်သို့ တက်ကြွသွားသည့် အကြောင်း နှင့် ဤလောကသို့ ယေရှု တဖန် ပြန်လည်ကြွလာမည့်အကြောင်း နှစ်ခုကို နှိုင်းယှဉ်ကြည့်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. သခင်ယေရှုကို ကျွန်ုပ်တို့ မမြင်ဘူးသော်လည်း ကယ်တင်ခြင်းအတွက် သခင်ယေရှုကို ကျွန်ုပ်တို့ မည်သို့ ယုံကြည်နိုင်ပါသနည်း။<br>၂. ရှင်ပြန်ထမြောက်ပြီး နောက်တွင် သခင်ယေရှုသည် သူ၏ တပည့်တော်များကို သူ့အတွက် အစေခံရန် ခွန်အားပေး တိုက်တွန်းခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ယေရှု အတွက် မည်သည့်အရာ လုပ်ဆောင်နိုင်ပါသနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. မိမိ၏ အိမ်၌သော်လည်းကောင်း၊ ကျောင်း၌သော်လည်းကောင်း၊ သူငယ်ချင်းများအကြားတွင် သော်လည်းကောင်း ယုံကြည်သူများသည် မည်သို့ သက်သေခံနိုင်ကြ မည်နည်း။<br>၂. မိမိတို့၏ ဇာတိမြေများကို စွန့်ခွါသွားပြီး၊ တိုင်းပြည် အရပ်ရပ်တွင် သာသနာပြုများအဖြစ် သွားကြသည့် လူများအကြောင်း စဉ်းစားပါ။<br>၃. ရှင်ပြန်ထမြောက်ခြင်း အကြောင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာထဲ၌ရှိသော သက်သေအမြောက်အများကို စဉ်းစားဆင်ခြင်ပါ။ |

| | ခ၄ - အဆင့် ၃<br>သင်ခန်းစာ ၄ - သခင်ယေရှု<br>ခေါင်းစဉ် - 'ပြန်လည်ကြွလာခြင်း' | ခ၄ - အဆင့် ၄<br>သင်ခန်းစာ ၄ - သခင်ယေရှု<br>ခေါင်းစဉ် - သူ၏ ဒုတိယအကြိမ် ပြန်လည်ကြွလာခြင်း |
|---|---|---|
| | **ကျမ်းညွှန်း** *တမန်တော်၊ ၁း ၄၊ ၈-၁၂*<br>**အဓိကသော့ချက်ကျမ်း** *တမန်တော်၊ ၁း၁၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သတင်းကောင်းကို ဝေငှသက်သေခံသည့်အချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုး လိုအပ်သည်။<br>၂. ကောင်းကင်သို့ တက်ကြွတော်မူသော သခင်ယေရှုသည် သူ့အားယုံကြည်သောသူများကို ကောင်းကင်သို့ ခေါ်ဆောင်ရန် ဤလောကသို့ တဖန် ပြန်လည်ကြွလာ တော်မူလိမ့်မည်။ | **ကျမ်းညွှန်း** *ရှင်ယောဟန်၊ ၁၄း ၁-၆၊ တမန်၊ ၁း ၉-၁၁*<br>**အဓိကသော့ချက်ကျမ်း** *၁ သက်၊ ၄း ၁၆ - ၁၇*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သခင်ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းသည် မှန်ကန်သောအရာဖြစ်သော်လည်း မည်သည့်အချိန်တွင် ကြွလာမည်ကို တိတိကျကျမသိရပေ။<br>၂. ဒုတိယအကြိမ် ကြွလာသည့်အခါတွင် ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ပြီး၊ အသက်ရှင်လျက်ရှိသော ယုံကြည်သောသူများ နှင့်အတူ ကောင်းကင်သို့ ခေါ်ဆောင်ခြင်းကို ခံကြရမည် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | မတော်တဆထိခိုက်မှု တစ်ခု၏ သက်သေအကြောင်း ပြောပါ။ ဖြစ်ပျက်ခဲ့သမျှကို ကိုယ်တိုင် မျက်စိဖြင့် မြင်ပြီး၊ ကိုယ်တိုင်ကြားခဲ့သည့် သူ ဖြစ်ရမည်။ တပည့်တော်တို့သည် သခင်ယေရှုအကြောင်းနှင့် ပတ်သက်၍ ကိုယ်တိုင်သက်သေများ အားဖြင့် သက်သေခံကြသည်။ သခင်ယေရှု အကြောင်း သက်သေခံရန် တပည့်တော်များ ရရှိကြသည့် တန်ခိုးသည် ယနေ့ ကျွန်ုပ်တို့ အပြစ်မှနောင်တရပြီး သခင်ယေရှုအား မိမိတို့၏ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်ကိုးစားသည့် အချိန်တွင် လက်ခံရရှိသည့်တန်ခိုးနှင့် အတူတူပင် ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း တပည့်တော်များကဲ့သို့ သက်သေခံသင့်ပါသည်။ | သခင်ယေရှု ဤလောကသို့ လူ့ဇာတိ ခံယူပြီးကြွလာတော်မူမည့် အကြောင်းနှင့် ပတ်သက်သည့် ဓမ္မဟောင်းကျမ်းရှိ ပရောဖက်များ၏ ပရောဖက်ပြုချက်များသည် ပြီးပြည့်စုံခဲ့ပြီး ဖြစ်သည်။ ထို့ကြောင်း သခင်ယေရှု ဒုတိယအကြိမ် ကြွလာတော်မူမည်ဟူသော ပရောဖက်ပြုချက်များသည်လည်း ပြည့်စုံလာလိမ့်မည် ဖြစ်ကြောင်း ကျောင်းသားများကို ပြောပြပါ။<br>ကျွန်ုပ်တို့ ချစ်သူ/ခင်သူ တစ်ဦးဦးသည် အဝေးသို့ သွားသောအခါ သူ/သူမ ပြန်လာမည့်အချိန်ကို ကျွန်ုပ်တို့ စောင့်မျှော်တက်ကြသည့် အကြောင်း နှင့် သခင်ယေရှု၌ ယုံကြည်ကိုးစားသောသူတို့သည် သူ၏ပြန်လာခြင်းကို စောင့်မျှော်နေသင့်သည့်အကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ ***တိတု၊ ၂း ၁၃*** |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ယေရှုရှလင်မြို့မှစ၍ ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ကယ်တင်ခြင်းသတင်းကောင်းကို သက်သေခံရန် သခင်ယေရှုသည် သူ၏ တပည့်တော်များအား မိန့်တော်မူခဲ့သည်။ ***(တမန်၊ ၁း၈)***<br>၂. သခင်ယေရှု၏ အလောင်းတော်ထားရာ ဂူသင်္ချိုင်းသို့ သွားသော အမျိုးသမီးများသည် တောက်ပသည့် အဝတ်များဝတ်ဆင်ထားသည့် သူနှစ်ဦးကို မြင်တွေ့ခဲ့ကြသည်။ ***(လုကာ၊ ၂၄း၄)*** ဂူထဲတွင် မည်သည့်အရာမျှမရှိ သခင်ယေရှုသည် သေခြင်းမှထမြောက်ပြီး ဟု သူမတို့အား ပြောခဲ့သည်။ ထိုကဲ့သို့ပင် တူညီသည့် အံ့သြဖွယ်အဖြစ်ကို တွေ့ရှိရသေးသည်။ သခင်ယေရှု ကောင်းကင်သို့ တက်ကြွတော်မူသည့် အချိန် တပည့်တော်များ မျှော်ကြည့်နေကြစဉ် လူနှစ်ယောက်တို့သည် ဖြူသောအဝတ်ကို ဝတ်လျက် တမန်တော်တို့ အနားတွင် ပေါ်လာပြီး သခင်ယေရှု ဒုတိယအကြိမ် ပြန်လည်ကြွလာမည့်အကြောင်းကို ပြောပြခဲ့သည်။ ***(တမန်၊ ၁း ၁၀-၁၁)***<br>၃. သူ၏ ဒုတိယအကြိမ်ကြွလာခြင်းသည် သူ၏ ကောင်းကင်သို့ တက်ကြွခြင်းကဲ့သို့ပင် တူညီစွာဖြစ်လာမည် ဖြစ်သည်။<br>၄. သခင်ယေရှု၏ ဒုတိယအကြိမ် ကြွလာခြင်းသည် မည်သည့်အချိန်တွင် ဖြစ်မည်ကို မသိရသည့်အတွက်ကြောင်း ယုံကြည်သူများ အဆင်သင့် ဖြစ်နေရမည် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယေရှု ကောင်းကင်သို့ တက်ကြွခြင်း** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ဖြူသောအဝတ်များကို ဝတ်ဆင်ထားသည့် လူနှစ်ဦးသည် ပေါ်လာပြီး၊ ***(တမန်၊ ၁း ၁၀-၁၁)*** သခင်ယေရှု ဒုတိယအကြိမ် ပြန်လည်ကြွလာမည့်အကြောင်းကို တပည့်တော်များထံ ပြောပြခဲ့သည်။ ဤအရာသည် ဖြစ်နိုင်သည့် အံ့ဖွယ်အကြောင်းအရာ ဖြစ်ကြောင်း ***လုကာ၊ ၂၄း၄*** နှင့် စပ်ဆက်စဉ်းစားပါ။ သခင်ယေရှု၏ ထမြောက်ခြင်းအကြောင်းကိုလည်း သူတို့ ပြောပြခဲ့ကြသည်။<br>၂. ***ယောဟန်၊ ၁၄း၃*** နှင့် ***တမန်၊ ၁း၁၁*** တို့ရှိ သခင်ယေရှု၏ ကတိတော်များကို နှိုင်းယှဉ်ကြည့်ပါ။ ကျမ်းချက်နှစ်ခုစလုံးသည် စစ်မှန်သည့် ဘုရားစကားတော်များဖြစ်ပြီး ဘုရားသခင် မှတ်သွင်းထားတော်မူခြင်း ဖြစ်ကြောင်း ရှင်းပြပါ။<br>၃. ***၁သက်၊ ၄း ၁၆-၁၇*** ကို ဖတ်ပြီး၊ ဒုတိယအကြိမ် ကြွလာခြင်း အကြောင်းနှင့် ပတ်သက်၍ ရှင်ပေါလု၏ ထိုးထွင်းသိမြင်ခြင်းအကြောင်းကို ရှင်းပြပါ။<br>အောက်ပါ ဖော်ပြချက်များကို ရှင်းပြပါ။<br>ကြားနိုင်သည့် အသံရှိမည် - ကြွေးကြော်ခြင်း၊ တံပိုးတော်မှုတ်ခြင်း<br>မျက်စိနှင့် မြင်နိုင်မည် - သခင်ဘုရားကိုယ်တော်တိုင်<br>အံ့ဖွယ်နိမိတ်လက္ခဏာကို ခံစားရမည် - အထက်သို့ ခေါ်ဆောင်မည်<br>ဝမ်းမြောက်စွာတွေ့ဆုံကြမည် - အာကာသကောင်းကင်၌ သခင်ယေရှုနှင့် တွေ့ဆုံမည်<br>နှစ်သိမ့်ခြင်းကို ခံစားရမည် - သခင်ဘုရားနှင့် ထာဝရအတူရှိရမည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သင့်လျော်သည့် ရုပ်ပုံမရှိပါ။** |
| ပြန်လှန်လေ့ကျင့်ပါ | သခင်ဘုရားသည် သူ၏ ပြန်လာခြင်းနှင့် ပတ်သက်၍ မည်သို့ မိန့်တော်မူထားကြောင်း ဖော်ပြသည့် အောက်ပါပေးထားသည့် ကျမ်းညွှန်းကို ကြည့်ပါ။ သူခိုးလာသည့်အခါ မည်သူမျှမသိလိုက် သကဲ့သို့ ဖြစ်သောကြောင့် သူ၏လာခြင်းသည် သူခိုးကဲ့သို့ ဖြစ်မည်ဟု ဆိုထားသည်။ သူ၏ ပြန်ကြွလာခြင်းကို သိနိုင်သည့် အရိပ်အမြွက်မှာ ကယ်တင်ခြင်းအတွက် ယေရှုအား ယုံကြည်ထားရမည် ဖြစ်ပြီး၊ သူ၏ပြန်လာခြင်းကို အဆင်သင့် စောင့်မျှော်နေရမည် ဖြစ်သည်။ ***ရှင်မဿဲ၊ ၂၄း ၄၄၊ ရှင်လုကာ၊ ၁၂း၂၀*** | ကယ်တင်ခြင်း ခံစားပြီး၊ သခင်ယေရှု၏ ပြန်လည်ကြွလာခြင်းအတွက် အဆင်သင့် ဖြစ်နေသောသူများအတွက် ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းသည် စိုးရိမ်ကြောက်ရွံ့စရာ မလိုပေ။ ခရစ်ယာန်များသည် သူ၏ ပြန်လည်ကြွလာခြင်းကို စောင့်မျှော်နေရမည် ဖြစ်ပြီး၊ သူ၏ အလိုတော်ကို ဆောင်ရန် ကောင်းမွန်သောအသက်တာဖြင့် အသက်ရှင်ကြရမည် ဖြစ်သည်။ ***တိတု၊ ၂း ၁၁-၁၄ နှင့် ၁ယော၊ ၃း ၂-၃ ကို*** ကိုးကားပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ယခုအချိန်တွင် သခင်ယေရှု ပြန်ကြွလာမည်ဆိုပါက လူတိုင်း ကောင်းကင်နိုင်ငံ ဝင်စားရန် အဆင်သင့် ဖြစ်/မဖြစ် သေချာသိထားရန် လိုအပ်ပါသည်။<br>၂. ယေရှု ဒုတိအကြိမ်ကြွလာခြင်းအကြောင်း သင်ယူခဲ့သည့်အတိုင်း သင်ပြောသည့်အခါ ကောင်းကင်နိုင်ငံသွားဖို့ ပြင်ဆင်ရန် အချိန်များစွာ ရှိနေပါသေးသည်ဟု တစ်စုံတစ်ဦးက ပြောလာခဲ့လျှင် သင်မည်သို့ ပြန်ဖြေမည်နည်း။<br>၃. ကောင်းကင်သွားရန် အဆင်သင့် ဖြစ်နေရန် မည်သည့် အချိန်သည် အကောင်းဆုံးသောအချိန် ဖြစ်ပါသနည်း။ (***၂ကော၊ ၆း၂*** ကို ရည်ညွှန်းဖော်ပြပါ။) | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. သခင်ယေရှု ပြန်လည်ကြွလာမည့်အချိန်သည် အလွန်နီးကပ်နေပြီး ဖြစ်သည့်အတွက် ယုံကြည်သူများသည် အလင်တရား၌ ဖြောင့်မတ်စွာ အသက်ရှင်နေထိုင်သင့်သည်။ ယေရှု ပြန်ကြွလာသည့်အချိန်တွင် သစ္စာရှိသည့် ငယ်သားကောင်းတစ်ဦးအဖြစ် မြင်တွေ့နိုင်ရန် ကောင်းစွာ အသက်ရှင် နေထိုင်သင့်သည်။ အဘယ်ကြောင့် ဤသို့ ဆိုလိုရခြင်း ဖြစ်သနည်း။<br>၂. ယေရှု ဒုတိယအကြိမ် ကြွလာသည့်အခါတွင် မယုံကြည်သောသူများသည် ကျန်ရစ်ခဲ့မည် ဖြစ်သည်။ ဤအချက်သည် မည်မျှဝမ်းနည်းစရာ ကောင်းသောအရာများ ဖြစ်ပါသနည်း။ ခရစ်ယာန်တစ်ယောက်အနေဖြင့် ယေရှု ဒုတိယအကြိမ်ကြွလာခြင်း အကြောင်းကို သူတို့ထံ ဝေငှရန် အရေးကြီးပါသည်။ |

| | ခ၅ - အဆင့် ၃<br>သင်ခန်းစာ ၁ - သခင်၏ အစေခံများ<br>ခေါင်းစဉ် - ဘုရားသခင်အားဖြင့် ပြင်ဆင်ပေးသည်။ | ခ၅ - အဆင့် ၄<br>သင်ခန်းစာ ၁ - ကနဦး ခရစ်ယာန်များ<br>ခေါင်းစဉ် - သတေဖန် |
|---|---|---|
| | **ကျမ်းညွှန်း** ***တမန်တော်၊ ၁း ၇-၉ ၊ တမန်၊ ၂း ၁-၁၃***<br>**အဓိကသော့ချက်ကျမ်း** ***ရှင်ယောဟန်၊ ၁၄ း၁၆ - ၁၇***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကနဦးအသင်းတော် ကာလတွင် ကမ္ဘာ့နေရာ အနံ့အပြားသို့ သွား၍ ဧဝံဂေလိသတင်းကောင်းကို ဝေငှရန် သခင်ဘုရားသည် တမန်တော်တို့ထံ မိန့်မှာခဲ့သည်။<br>၂။ သန့်ရှင်းသော ဝိညာဉ်တော်သည် တမန်တော်တို့၏ နှလုံးသားထဲတွင် ကိန်းဝပ်တော်မူသကဲ့သို့ သခင်ယေရှုအား မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်သောသူ အယောက်စီတိုင်း၏ နှလုံးသားထဲတွင်လည်း သန့်ရှင်းသော ဝိညာဉ်တော် ကိန်းဝပ်သည်။ ယုံကြည်သူတို့၏ ခရစ်ယာန်အသက်တာ အသက်ရှင်သန်ရာတွင် ကူညီပေးရန်အတွက် ဖြစ်သည်။ | **ကျမ်းညွှန်း** ***တမန်တော်၊ ၆း၁ -၁၅၊ ၇း ၅၄- ၆၀***<br>**အဓိကသော့ချက်ကျမ်း** ***တမန်တော်၊ ၆း၈***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ သတေဖန်ကဲ့သို့ အရည်အချင်း ရှိသောသူများသာလျှင် ဘုရားသခင်အတွက် ကမ္ဘာကြီးကို ပြောင်းလဲစေသောသူများ ဖြစ်ကြသည်။<br>၂။ သတေဖန်ကဲ့သို့သော် ယုံကြည်သူများသာလျှင် စစ်မှန်သော သတင်းကောင်းကို လူအများသိအောင် ကြေငြာနိုင်ကြသောသူများ ဖြစ်ကြသည်။ လူ၏ အလိုထက် ဘုရားသခင်၏ အလိုတော်ကို ဆောင်လိုသောသူများ ဖြစ်ကြသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | သခင်ယေရှု ကောင်းကင်သို့ တက်ကြွသွားပြီးနောက် နှင့် ပင်တေကုတ္တေပွဲနေ့၌ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာသည့်အခါ တပည့်တော်များ၏ အသက်တာတွင် အကြောင်းအရာများ မည်သို့ ဖြစ်ပျက်လာခဲ့ကြောင်း ကျောင်းသားများကို စဉ်းစားစေပါ။ အဓိကကျသည့် အကြောင်းအရာနှစ်ခုကို တမန်တော်များ မည်သို့ ပြုခဲ့ကြသည့် အကြောင်း ရှင်းပြပေးပါ။<br>၁။ ယခုတွင် သခင်ယေရှုသည် ကောင်းကင်သို့ တက်ကြွတော်မူပြီး ဖြစ်သည်။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သူ့အား ယုံကြည်ကိုးစားသောသူများ၏ အသက်တာကို အသုံးပြုခြင်းဖြင့် ဤလောကတွင် အမှုဆောင်နေဆဲဖြစ်သည်။<br>၂။ သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်း နှင့် ကောင်းကင်၌ ဘုန်းစည်းစိမ်ရှိခြင်းသည် ဤကျမ်းကို ရေးထားသည့်အချိန် (အေဒီ ၆၀- ၆၇) တွင် တရားဒေသနာ၏ အဓိကတရားဟောချက် ဖြစ်သည်။ | ညှင်းပန်းနှိပ်စက်ခြင်း ဆိုသည်မှာ မည်သည့်အရာ ဖြစ်ကြောင်း ဆွေးနွေးပါ။ ယနေ့ခေတ် ဖြစ်ပျက်နေသည့်အရာများကို ဥပမာအနေဖြင့် စဉ်းစားပါ။<br>ကနဦးအသင်းတော်ကာလတွင် ဘာသာရေး ခေါင်းဆောင်များသည် အုပ်ချုပ်ရေးတွင် ကြီးစိုးနိုင်ကြပြီး၊ ခရစ်ယာန်များသည် ၄င်းတို့၏ ဆန့်ကျင်ခြင်းကို ခံစားကြရသည်။ သို့သော် အမြဲလေးစားစွာဖြင့်သာ တုန့်ပြန်ခဲ့ကြသည်။ ဘုရားသခင်၏ ဥပဒေသကို ဆန့်ကျင်သည့် လူတို့၏ ဥပဒေသ မှအပ ခရစ်ယာန်များသည် မင်းအာဏာကို လေးစားပြီး၊ နာခံခဲ့ကြသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ အဓိကသော့ချက်ကျမ်းဖြစ်သည့် ***တမန်၊ ၁း၈*** နှင့် တမန်တော်ဝတ္ထု တစ်အုပ်လုံးသည် သခင်းကောင်း၏ ပထဝီအနေအထား ကျယ်ပြန့်လာမှုနှင့် ပတ်သက်၍ စံနမူနာကောင်းပင် ဖြစ်သည်။<br>ယေရှုရှလင်၌ သက်သေခံခြင်း - ***အခန်းကြီး၊ ၁-၇***<br>ယုဒပြည်၌ သက်သေခံခြင်း - ***အခန်းကြီး၊ ၈း ၁-၄***<br>ရှမာရိပြည်၌ သက်သေခံခြင်း - ***အခန်းကြီး၊ ၈း ၅-၂၅***<br>မြေကြီးစွန်းတိုင်အောင် သက်သေခံခြင်း - ***အခန်းကြီး၊ ၈း ၂၆***<br>၂။ ပင်တေကုတ္တေပွဲနေ့တွင် (တမန်၊ ၂း၁) သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတို့၏ နှလုံးသားထဲတွင် ဝင်ရောက်ကိန်းဝပ်ရန် ဆင်းသက်လာသော အချိန် ဖြစ်သည်။ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝကြသည်။ ***(တမန်၊ ၂း၄)*** ကျွန်ုပ်တို့သည် သခင်ယေရှုကို မိမိတို့၏ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံသော အချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ အထဲတွင် ဝင်ရောက် ကိန်းဝပ်သည်။ သို့သော် ကျွန်ုပ်တို့၏ အသက်တာတွင် ဝိညာဉ်တော်နှင့် ပြည့်ဝစေရန် ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းဖြင့် အချိန်ယူပြီး ဘုရားသခင်၏ စကားတော်ကို နာခံအသက်ရှင်ရမည် ဖြစ်သည်။<br>၃။ သခင်ယေရှုသည် ကားတိုင်ပေါ်တွင် အမှုကြီးကို ပြီးစီးစေခြင်းဖြင့် ခရစ်ယာန်များအတွက် အလွန်ပြီးပြည့်စုံသည့် အခြေခံအုတ်မြစ်ကြီးကို ချပေးခဲ့ပြီး ဖြစ်သည်။ ယခုတွင် သူ၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း ဖြစ်သည့် သူ၏ ကယ်တင်ခြင်းသတင်းကောင်းကို လူသားအားလုံးထံ ဝေငှ သက်သေခံရန် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တန်ခိုးကို ပေးခဲ့ပြီး ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် 'နှစ်သိမ့်သူ' ဖြစ်ကြောင်း အဓိကကျမ်းချက်တွင် ဖော်ပြထားသည်။ ***ယောဟန်၊ ၁၄း၁၆*** သခင်ယေရှုသည်လည်း ကျွန်ုပ်တို့၏ ရှေ့နေ၊ ကျွန်ုပ်တို့အား ကူညီပေးသူ ဖြစ်ကြောင်း ဖော်ပြထားသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ပင်တေကုတ္တေပွဲနေ့** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သတေဖန်သည် သခင်ဘုရားအတွက် အစေခံရန် ရိုးသားခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၊ ယုံကြည်ခြင်းပြည့်ဝခြင်း၊ တန်ခိုးအာဏာရှိခြင်း ညဏ်ပညာရှိခြင်း စသည့် ခရစ်ယာန်အသက်တာ၌သိသာထင်ရှားသည့် အရည်အချင်းများကို ပိုင်ဆိုင်ထားသည်။ (တမန်၊ ၆း၃၊ ၅နှင့်၈)<br>၂။ တခိုးတော်နှင့် ပြည့်စုံသည့် သတေဖန်၏ သာသနာပြုခြင်းကို ဆန့်ကျင်ရန် ယေရှုရှလင်မြို့ အနီးအနားရှိ တရားဇရပ်တွင်ရှိသောသူတို့သည် ယုဒလူအဖွဲ့အစည်းများကို နှိုးဆော်ခဲ့ကြသည်။ မည်သို့ပင် ဆိုစေကာမူ သတေဖန်သည် လွတ်အရာရှိများ ရှေ့မှောက် ယုဒလူများရှေ့မှောက်သို့ ရောက်သောအချိန်တွင် သူတို့သည် မမှန်သေ သက်သေခံကြသည်။ သခင်ယေရှု၏ တန်ခိုးတော်နှင့် ပြည့်နေသည့် သတေဖန်၏ မျက်နှာကို သူတို့မြင်ကြသည်။ (တမန်၊ ၆း၁၅) သတေဖန်သည် ကျွမ်းကျင်ပိုင်နိုင်စွာ အကောင်းဆုံး ခုခံကာကွယ်ခဲ့သည်။ (၇း ၁-၃၅) ယုဒဘာသာရေး ခေါင်းဆောင်များကို အပြင်းအထန် ဝေဖန်ခဲ့သည်။ သခင်ယေရှု၏ အသေခံခြင်း အကြောင်းကိုလည်း ပြောခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ မစမှုဖြင့် ထိုသူတို့အား ခုခံဝေဖန်ခဲ့သည်။<br>၃။ သူသည် အသေသတ်ခြင်းခံရမည်ကို သတေဖန် သိသည်။ သို့သော် သခင်ယေရှုအပေါ် သစ္စာဖောက်ရမည့်အစား အသေခံခြင်းကို သူရွေးချယ်ခဲ့သည်။ ကောင်းကင်သို့ သူမျှော်ကြည့်သည့်အခါ 'ကောင်းကင် ဖွင့်လှစ်သည်ကို' သူမြင်တွေ့ခဲ့သည်။ (တမန်၊ ၇း၅၆) ရမ်းကားသော လူစုကြီးသည် သူ့အား မြို့ပြင်သို့ ဆွဲထုတ်သွားကြပြီး ကျောက်ခဲ့နှင့်ပစ်၍ အသေသတ်ခဲ့ကြသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သတေဖန်သည် မာတုရ ဖြစ်ခြင်းကို ခံခဲ့ရသည်။** |
| ပြန်လှန်လေ့ကျင့်ပါ | တမန်တော်ဝတ္ထုကို ရေးသည့် ဆရာဝန်ကြီး လုကာသည် ***တမန်တော် ၁း၁*** တွင် သခင်ယေရှု၏ လုပ်ဆောင်ခြင်း၊ သင်ကြားခြင်း အားလုံးကို ရည်ညွှန်း ဖော်ပြခြင်းဖြင့် တမန်တော်ဝတ္ထုကို အစပြုထားသည်။ တမန်၊ ၂၈း၃၁၌ ရှင်ပေါလုသည် သတင်းကောင်းကို ဆက်လက်ဟောပြောနေဆဲ ဖြစ်သည်။ ဆင်ခြင်းပါ။ 'တမန်တော်ဝတ္ထုသည် ဆက်လက်ဟောပြောဆဲ ဖြစ်သည်။ - ဧဝံဂေလိဟောပြောခြင်းသည် သခင်ယေရှုအား ယုံကြည်ကိုးစားသော သူများအတွက် သခင်ယေရှု ပြန်လည်ကြွလာသည့် အချိန်တိုင်အောင် ဟောပြောနေရမည် ဖြစ်သည်။' | အောက်ပါကျမ်းချက်များသည် ဤသင်ခန်းစာကို မည်သို့ အကျဉ်းချုံး၍ ဖော်ပြထားကြောင်း ဆွေးနွေးပါ။<br>၁။ ***၂တိမောသေ၊ ၂း၃*** - 'ယေရှုခရစ်ထံ၌ ကောင်းသောစစ်သူရဲကဲ့သို့ ဆင်းရဲဒုက္ခကို သည်းခံလော့'<br>၂။ ***၁ပေတရု၊ ၄း၁၄*** - 'ခရစ်တော်၏ နာမကြောင့် ကဲ့ရဲ့ခြင်းကို ခံရလျှင် မင်္ဂလာရှိကြ၏' |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယုံကြည်သောသူတစ်ယောက်အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အထဲတွင် ကိန်းဝပ်တော်မူသည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝရမည်မှာ ကျွန်ုပ်တို့၏ တာဝန်ပင် ဖြစ်သည်။ ***ဧဖက်၊ ၅း၁၈*** ကိုဖတ်ပါ။<br>၂။ သမ္မာကျမ်းစာသင်ကြားချိန် သင်ခန်းစာများကို သင်ယူခြင်းဖြင့် သင့်အတွက် ဝိညာဉ်ခွန်အား ဖြစ်စေသင့်သည်။ ကျမ်းစာဖတ်ပြီး ဆုတောင်းပါ။ သင်ဖတ်ရှုသည့် ကျမ်းစာကို သင်၏အသက်တာတွင် ဆင်ခြင်ပါ။ သင်၏အသက်တာတွင် ဘုရားသခင်၏ လမ်းပြမှုကို ခံစားရမည် ဖြစ်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သတေဖန်သည် သူ၏ ယုံကြည်ခြင်းဖြစ်သည့် သခင်ယေရှု၏ အသေခံခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်း အတွက် မာတုရခံရသကဲ့သို့ ခရစ်ယာန်များစွာတို့သည်လည်း ညှင်းပန်းနှိပ်စက်ခြင်း နှင့် အသေသတ်ခြင်းများကို ခံစားကြရသည်။ ယနေ့တွင်ပင် ထိုသို့ ယေရှုကို ယုံကြည်ကြသောကြောင့် မူဆလင်နိုင်ငံများတွင် ညှင်းပန်းနှိပ်စက်ခြင်း၊ အသေသတ်ခြင်းများကို ခံကြရသည်။<br>၂။ ကျွန်ုပ်တို့အသက်တာတွင် ထိုကဲ့သို့သော ညှင်းပန်းနှိပ်စက်သည့် အခြေအနေဆိုးများနှင့် ကြုံတွေ့လာခဲ့ရလျှင် သခင့်အပေါ် သစ္စာရှိသောသူများ ဖြစ်နိုင်ရန် ဆုတောင်းခြင်းဖြင့် သခင်ဘုရားထံ တောင်းလျှောက်သင့်သည်။ |

| | ၁၅ - အဆင့် ၃<br>သင်ခန်းစာ ၂ - သခင်၏ အစေခံများ<br>ခေါင်းစဉ် - အသေခံရန် ပြင်ဆင်ထားသည်။ | ၁၅ - အဆင့် ၄<br>သင်ခန်းစာ ၂ - ကနဦး ခရစ်ယာန်များ<br>ခေါင်းစဉ် - ဖိလိပ္ပု |
|---|---|---|
| | **ကျမ်းညွှန်း** *တမန်တော်၊ ၆း ၁-၅ ၊ ၈- ၁၅ ၊ ၇း ၅၄-၆၀*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မဿဲ၊ ၅း ၄၄*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ သတေဖန်သည် လုပ်ကျွေးခြင်းအမှုကိုပြု၍ ဘုရားသခင်၏ အသုံးတော်ခံခြင်းဖြင့် သေငယ်သော အလုပ်၌သစ္စာရှိသောသူတစ်ဦး ဖြစ်သည်။ ***(တမန်၊ ၆း၂)*** အံ့ဩဖွယ် နိမိတ်လက္ခဏာများကိုလည်း ပြုခဲ့သည်။ ***(တမန်၊၆း၈)***<br>၂။ သတေဖန်သည် သစ္စာရှိသူ၊ အပြစ်တင်ခွင့်နှင့် ကင်းသူ၊ သတင်းကောင်း အတွက် မိမိအသက်ကို စတေးရန် ပြင်ဆင်ထားသည့် သူတစ်ဦးဖြစ်သည့်အတွက် သူသည် သခင်ယေရှုနှင့် တူသောသူ ဖြစ်သည်။ | **ကျမ်းညွှန်း** *တမန်တော်၊ ၆း ၅၊ ၈း ၄-၁၇ ၊ ၈း ၂၆-၄၀*<br>**အဓိကသော့ချက်ကျမ်း** *တမန်တော်၊ ၈း၃၅*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဖိလိပ္ပုသည် သတင်းကောင်းဝေငှရာတွင် အောင်မြင်သော အမှုတော်ဆောင် တစ်ဦးဖြစ်သည်။ သူသည် ရှမာရိနယ်တွင် နိုးထမှုဖြစ်စေရန် စိတ်စေတနာရှိသောသူ ဖြစ်သည်။ လိုအပ်သောသူတစ်ဦးထံ သတင်းကောင်းဝေငှရန်အတွက် သူသည် ဂါဇာမြို့သို့ သွားခဲ့သည်။<br>၂။ အဲသရောပိအမတ်သည် သခင်ယေရှုကို မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံပြီးသည်နှင့် ချက်ခြင်း ရေ၌ဗတ္တိဇံ ခံယူခြင်းအားဖြင့် သခင်ဘုရားထံ နာခံကြောင်း သက်သေပြခဲ့သည်။ ထို့နောက်သူသည် ဝမ်းမြောက်လျှက်နှင့် အိမ်သို့ ပြန်သွားခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ညှင်းပန်းနှိပ်စက်ခြင်း ဆိုသည်မှာ မည်သည့်အရာ ဖြစ်ကြောင်း ဆွေးနွေးပါ။ ယနေ့ခေတ် ဖြစ်ပျက်နေသည့်အရာများကို ဥပမာအနေဖြင့် စဉ်းစားပါ။<br>ကနဦး ခရစ်ယာန်များသည် အစိုးရ နှင့် ဘာသာရေး ခေါင်းဆောင်များ၏ ဆန့်ကျင်ခြင်းကို ခံကြရသည့်ကြားမှ သတင်းကောင်းနှင့်အတူ မည်သို့ ရှေ့ဆက်ခဲ့ကြသည့် အကြောင်းများကို ရှင်းပြပါ။ သူတို့သည် အစိုးရမင်းအာဏာ၏ အုပ်စိုးခြင်းကို လေးစားစဉ်တွင် လူတို့၏ ဥပဒေသများကို မနာခံမိရန် ပြင်ဆင်ခဲ့ကြရသည်။ သူတို့သည် ဘုရားသခင်၏ ပညာတ်တော်ကို ဆန့်ကျင်ကြသည့် အချိန်တွင် ယုံကြည်သူများသည် မာတုရဖြစ်ခြင်းကိုသာ လက်ခံခဲ့ကြသည်။ | ဖိလိပ္ပုသည် အသင်းတော်၌ လုပ်ကျွေးခြင်းအမှုဖြင့် ဘုရားသခင်၏ အစေကိုခံရန် ရွေးချယ်ခြင်းခံရသည့် လူခုနှစ်ယောက်တွင် တစ်ယောက်အပါအဝင် ဖြစ်သည်။ ***(တမန်၊ ၆း၅)*** နောက်ပိုင်းတွင် သူသည် ဧဝံဂေလိဆရာတစ်ဦး ဖြစ်လာပြီး၊ ရှမာရိနယ်သို့ သတင်းကောင်း သယ်ဆောင်လာသူ တစ်ဦး ဖြစ်လာခဲ့သည်။ သူ့အားဖြင့် ရှမာရိနယ်အတွင်း နိုးထမှုဖြစ်နေစဉ် သဲကန္တာရတိုင်းပြည်ဖြစ်သည့် ဂါဇာသို့ သွားရန် ဘုရားသခင်သည် သူ့အား စေလွှတ်ခဲ့သည်။ သတင်းကောင်းလိုအပ်နေသည့် အဲသရောပိလူတစ်ဦးနှင့် တွေ့ဆုံရန် ဖြစ်သည်။ သူတို့နှစ်ဦး၏ တွေ့ဆုံခြင်း အပြန်အလှန်စကားပြောဆိုကြပြီး ဗတ္တိဇံခံယူခြင်း အကြောင်းများကို ပြောပြပါ။ ဤနေရာတွင် အံ့ဩဖွယ်ရာတစ်ခု ဖြစ်ခဲ့သည်။ ဖိလိပ္ပုသည် အခြားနေရာတွင် သတင်းကောင်း ဝေငှရန်အတွက် ပျောက်ကွယ်သွားခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သတေဖန်သည် သခင်ဘုရားအတွက် အစေခံရန် ရိုးသားခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၊ ***(တမန်၊ ၆း၃)*** ယုံကြည်ခြင်းပြည့်ဝခြင်း၊ တန်ခိုးအာဏာရှိခြင်း၊ ***(တမန်၊ ၆း၈)*** ညဏ်ပညာရှိခြင်း ***(တမန်၊ ၆း၁၀)*** ဘုရားသခင်အတွက် အစေခံရန် တက်ကြွသူ ***(တမန်၊ ၆း၈)*** စသည့် ခရစ်ယာန်အသက်တာ၌သိသာထင်ရှားသည့် အရည်အချင်းများကို ပိုင်ဆိုင်ထားသူဖြစ်သည်။<br>၂။ သတေဖန်သည် ယုဒဘာသာရေး ခေါင်းဆောင်များ၏ ဖမ်းဆီးခြင်းကို ခံရသောအချိန်တွင် ယုဒလူတို့သည် သခင်ယေရှုအား ငြင်းပယ်ကြရုံမျှမက ယေရှုအား အသေသတ်ခဲ့ကြသည့် အကြောင်းကို ဖော်ပြခြင်းအားဖြင့် သူ့ကိုယ်သူ ကာကွယ်ပြီး ယုဒဘာသာရေးခေါင်းဆောင်များကို ပြစ်တင်ပြောဆိုခဲ့သည်။ ***(တမန်၊ ၇း၂၅)***<br>၃။ သူ့အား ကျောက်ခဲနှင့်ပစ်သတ်ရန် ရမ်းကားသည့်လူများ ဝိုင်းရံထားကြသော်လည်း သတေဖန်သည် ယေရှုကဲ့သို့ပင် သူ၏ဝိညာဉ်ကို ဘုရားသခင်ထံ အပ်နှံခဲ့သည်။ ***(တမန်၊ ၇း၅၉)*** သူ့အား ညှင်းဆဲသောသူများ အတွက် ဆုတောင်းပေးပြီး၊ 'ကျိန်းစက်' လေ၏။ ***(တမန်၊ ၇း၆၀)*** 'ကျိန်းစက်' သည်ဆိုသော အဓိပ္ပာယ်မှာ သူ၏ခန္ဓာသည် အသင်းတော်ကို ခရစ်တော် ပြန်လည်ချီဆောင်သည့် နေ့တိုင်အောင် 'အိပ်စက်' နေမည်ဟု ဆိုလိုခြင်း ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သတေဖန်သည် မာတုရ ဖြစ်ခြင်းကို ခံခဲ့ရသည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဖိလိပ္ပုသည် ဘုရားသခင်၏ အမိန့်တော်ကို နာခံပြီး အဲသရောပိအမတ်ထံ သတင်းကောင်းဝေငှခဲ့သည်။<br>၂။ အဲသရောပိအမတ်သည် ကိုးကွယ်ခြင်းအမှုပြုရန် အာဖရိက မှ ယေရုရှလင်သို့ လာခြင်းဖြစ်သည်။ သို့သော် ဧဝံဂေလိသတင်းကောင်းအကြောင်းကို ဘာမျှမသိထားပေ။ နားလည်နိုင်ရန်အတွက် သူသည် ကျမ်းစာကို ဖွင့်ဖတ်နေသည်။<br>၃။ ဖိလိပ္ပုသည် ဘုရားသခင်၏ လမ်းညွှန်မှုကို ခံရပြီး၊ သင့်လျော်သည့် အချိန်တွင် ထိုသူအနားသို့ ရောက်ရှိသွားခဲ့ပြီး၊ ***ဟေရှာယ၊ ၅၃*** ကိုရှင်းပြပေးခဲ့သည်။ ထိုကျမ်းချက်သည် မည်သို့ ဆိုလိုကြောင်း နှင့် သခင်ယေရှု၏ အသေခံခြင်း အကြောင်း ဖြစ်သည်ကို ရှင်ပြပေးခဲ့သည်။<br>၄။ အဲသရောပိအမတ်သည် သခင်ယေရှုကို ယုံကြည်ပြီး၊ ချက်ခြင်း ဗတ္တိဇံ ခံယူခဲ့သည်။ ထို့နောက် ဝမ်းမြောက်လျက် မိမိအိမ်သို့ ပြန်သွားခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ဖိလိပ္ပု နှင့် အဲသရောပိအမတ်** |
| ပြန်လှန်လေ့ကျင့်ပါ | ကျောင်းသားများ အဓိကသော့ချက်ကျမ်းအား သင်ယူစေပါ။ ထိုကျမ်းချက်သည် ဤသင်ခန်းစာကို မည်သို့ အကျဉ်းချုံး၍ ဖော်ပြထားကြောင်းလည်း ဆွေးနွေးပါ။ ထိုကျမ်းချက်သည် သခင်ယေရှု နှင့် သတေဖန် သူတို့ နှစ်ဦးစလုံးနှင့် ဆက်နွယ်နေသည်။ သူတို့၏ အသက်ပေးခြင်းအတွက် နှစ်ဦးစလုံး ဆုတောင်းခဲ့ကြောင်း တွေ့ရသည်။ ***(လုကာ၊ ၂၃း၃၄ နှင့် တမန်၊၇း၆၀)*** နှစ်ဦးစလုံးသည် သူတို့၏ ဝိညာဉ်ကို ဘုရားသခင်ထံ အပ်နှံခဲ့သည်။ ***(လုကာ၊၂၃း၄၆ နှင့် တမန်၊ ၇း၆၀)*** | ဤသင်ခန်းစာကို ***ဟေရှာယ ၅၃*** နှင့် စပ်ဆက်၍ ကြည့်ပါ။ ဟေရှာယသည် ဘီစီ ၇၄၀ -ဘီစီ၆၈၀အကြား ရေးထားသည့်အရာဖြစ်ပြီး၊ သခင်ယေရှု၏ အသေခံခြင်း၊ သင်္ဂြိုလ်ခြင်း၊ ထမြောက်ခြင်း၊ ကောင်းကင်သို့ တက်ကြွခြင်း စသည့်အကြောင်းအရာများကို ဟေရှာယသည် မည်သို့ တိတိကျကျ ပရောဖတ်ပြုထားကြောင်းကို ရည်ညွှန်းပြောပြပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ လိုအပ်သောအချိန်၌ သခင်ယေရှုဘုရားထံ သစ္စာရှိရန် ဖြစ်သည်။<br>၂။ သတေဖန်သည် သခင်ယေရှုအား မည်မျှချစ်ခင်မြတ်နိုးသနည်း။ ယနေ့ မင်းအစိုးရတို့သည် သန့်ရှင်းသော နှုတ်ကပတ်တော်ကို ဆန့်ကျင်သည့် ဥပဒေအချို့ ရေးဆွဲပြီး အမိန့်ချမှတ်လိုက်သည့်အချိန်တွင် ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏ သစ္စာရှိခြင်းကို မည်သို့ ပြမည်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင်သည် သူ၏အမှုတော်ကိုဆောင်ရန် ကျွန်ုပ်တို့အား ခေါ်သောအချိန်တွင် ကျွန်ုပ်တို့သည် မည်သည့်မေးခွန်းမျှ မမေးဘဲ ဘုရားသခင်၏ အလိုတော်ကို ဝန်ခံရမည် ဖြစ်သည်။<br>၂။ သခင်ယေရှုအတွက် ကြိုးစားပြီး သက်သေခံသည့် ခရစ်ယာန်တစ်ယောက်အနေဖြင့် အခြားသောသူများ ခရစ်တော်ထံ ရောက်ရှိလာစေရန် ကျွန်ုပ်တို့၏ တာဝန်များကို မည်သို့ လက်တွေ့လုပ်ဆောင်ပြီး အသက်ရှင်နေထိုင်ရမည်နည်း။ |

| | ခ၅ - အဆင့် ၃<br>သင်ခန်းစာ ၃ - သခင်၏ အစေခံများ<br>ခေါင်းစဉ် - နားထောင်ရန် ပြင်ဆင်ထားသည်။ | ခ၅ - အဆင့် ၄<br>သင်ခန်းစာ ၃ - ကနဦး ခရစ်ယာန်များ<br>ခေါင်းစဉ် - ကော်နေလိ |
|---|---|---|
| | **ကျမ်းညွှန်း** *တမန်တော် ၈း ၅၊ ၂၆ - ၄၀*<br>**အဓိကသော့ချက်ကျမ်း** *တမန်တော် ၁၆း ၃၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ အဲသရောပိလူအား သခင်ဘုရားထံ ခေါ်ဆောင်လာရန် ဘုရားသခင်သည် ဖိလိပ္ပုအား အသုံးပြုသည့်အခါ သူသည် မေးခွန်းတစ်စုံတစ်ရာ မေးခြင်းမရှိဘဲ ဘုရားသခင်စကားကို နားထောင်ပြီး လုပ်ဆောင်ခဲ့သည်။<br>၂။ အဲသရောပိလူသည် ဘုရားသခင်၏ စကားတော်ကို နားထောင်သည့် အကျိုးရလဒ်အနေဖြင့် ဝမ်းမြောက်ပျော်ရွှင်လျက် ခရီးဆက်ခဲ့သည်။ | **ကျမ်းညွှန်း** *တမန်တော် ၁၀း ၁-၈၊ ၂၃-၄၈*<br>**အဓိကသော့ချက်ကျမ်း** *တမန်တော် ၁၀း ၄၃*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ သတင်းကောင်းသည် အားလုံးအတွက် ဖြစ်သည်။ (ယုဒ နှင့် တပါးအမျိုးသား)<br>၂။ ကော်နေလိ နှင့် သူ၏ မိသားစုများသည် တပါးအမျိုးသားများထဲမှ ပထမဦးဆုံး ခရစ်ယာန် ဖြစ်လာသောသူများ ဖြစ်ကြသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | တခါတရံ ကျွန်ုပ်တို့ လုပ်ဆောင်ရန် မျှော်လင့်ထားသည့်အရာ နှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်သည့်အရာကို လုပ်ဆောင်ရန် ဘုရားသခင် စေခိုင်းသည့် အကြောင်းအရာများကို ရှင်းပြပါ။<br>ဖိလိပ္ပုသည် ရှမာရိနယ်တွင် သခင်ဘုရားအတွက် ကြီးမားသည့်အလုပ် လုပ်ဆောင်ရန် တွေ့ရှိခဲ့သည့်အကြောင်းကို ရှင်းပြပါ။ သို့သော် သူသည် ဘုရားသခင်၏ ဦးဆောင်လမ်းညွှန်မှုအတိုင်း သတင်းကောင်းကို လက်ခံလိုသည့် သူများရှိရာနေရာသို့ သွားရခြင်း ဖြစ်သည်။ အဲသရောပိ လူတစ်ယောက်၏ ဝိညာဉ်ရေးကို ကူညီပေးရန်အတွက် သူသည် ကန္တာရဒေသဖြစ်သည့် ဂါဇာသို့ သွားခဲ့ရသည်။ | ယုဒလူမျိုး နှင့် တပါးအမျိုးသားများ အကြား ကွာခြားချက်ကို ရိုးရှင်းစွာ ရှင်းပြပါ။ သာမန်အားဖြင့် ယုဒလူမျိုးတို့သည် တပါးအမျိုးသားများ၏ အိမ်များသို့ သွားလေ့မရှိကြပေ။<br>ကော်နေလိသည် တပါးအမျိုးသားဖြစ်ပြီး၊ ရောမအစိုးရ၏ အမှုထမ်းတစ်ဦး ဖြစ်သည်။ သူသည် တပ်မှူးတစ်ဦးဖြစ်ပြီး၊ ကဲသရိမြို့တွင် နေထိုင်သောသူတစ်ဦး ဖြစ်သည်။ သူ၏ စစ်တပ်တွင်လည်း အရေးပါသည့် သူတစ်ဦး ဖြစ်သည်။ သူသည် အဆင့်အတန်းမြင့်သည့် မျိုးရိုးဖြစ်သော်လည်း သခင်ယေရှုကို မသိသောသူတစ်ဦး ဖြစ်သည်။ သို့သော် သူ၏ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရရန်အတွက် ဘုရားသခင်ရှေ့မှောက်တွင် နှိမ့်ချစွာနှင့် ဆုတောင်းနေသည်။ ထို့သို့ နှိမ့်ချစွာ ကျင့်နေခြင်းကို ဘုရားသခင်မြင်တော်မူ၍ သူ နှင့် သူ၏မိသားစုထံ ဧဝံဂေလိသတင်းကောင်း ဝေငှရန် ပေးတရုအား စေလွှတ်တော်မူခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဖိလိပ္ပုသည် အဲသရောပိအမတ်နှင့် တွေ့သောအချိန်တွင် ထိုသူသည် ***ဟေရှာယ၊ ၅၃း ၇-၈*** ကို ဖတ်နေသည်။ ဖိလိပ္ပုသည် သခင်ယေရှု၏ အသေခံခြင်းနှင့် ကယ်တင်ခြင်းအကြောင်းကို သူ့အားပြောပြရန် အခွင့်အရေး ရသွားသည်။<br>၂။ အဲသရောပိလူသည် ဖိလိပ္ပုထံမှ သင်ယူခြင်းဖြင့် ဟေရှာယ ရည်ရွယ်၍ ရေးထားသောသူမှာ သူ့အားကယ်တင်ရန်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့သည့် သခင်ယေရှု ဖြစ်ကြောင်း သိသွားခဲ့သည်။ မိမိသည် အပြစ်သား ဖြစ်ကြောင်း နှင့် ယုံကြည်ခြင်းအားဖြင့် သခင်ယေရှုကို မိမိ၏ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံရန် လိုအပ်ကြောင်း သူနားလည်သဘောပေါက်ခဲ့သည်။<br>၃။ ဖိလိပ္ပုသည် ဗတ္တိဇံမင်္ဂလာအကြောင်းကိုလည်း အဲသရောပိလူထံ ရှင်းပြခဲ့သည်။ သူတို့သည် ရေရှိရာအရပ်သို့ ရောက်ကြသောအခါ ဖိလိပ္ပုသည် အဲသရောပိလူအား ဗတ္တိဇံ ပေးခဲ့သည်။ အစေခံသည် အဲသရေပိလူနှင့်အတူ ခရီးသွားခဲ့ခြင်းဖြင့် သူ၏ ဗတ္တိဇံခံသည့် သက်သေသာမက ထိုသူသည် ဝမ်းမြောက်လျက် ခရီးဆက်ခဲ့သည့် အရာကိုလည်း မြင်တွေ့ခဲ့ရသည်။ ထိုသူ ပျော်ရွှင်ခဲ့ရသည့် အကြောင်းမှာ ထိုအချိန်တွင် လူသိများသည် နာဇရက်မြို့သား ယေရှု၏ နောက်လိုက်တစ်ဦး ဖြစ်လာသောကြောင့် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ဖိလိပ္ပု နှင့် အဲသရောပိအမတ်** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ တစ်နေ့သော နေ့လည် ၃း၀၀အချိန်တွင် ကော်နေလိသည် ရှင်လင်းသည့် ရူပါရုံကို မြင်ခဲ့သည်။ ဘုရားသခင်၏ ကောင်းကင်တမန်သည် သူ့ထံထင်ရှားပြီး၊ ယုပ္ပေမြို့သို့ လူစေလွှတ်၍ ပေတရုအမည်သစ်ကိုရသော ရှိမုန်ကို ခေါ်ပင့်လော့ ဟု မိန့်တော်မူခဲ့သည်။<br>၂။ ပေတရုသည် ကော်နေလိ၏ အိမ်သို့ ရောက်လာသည့်အချိန်တွင် သူ၏ ဟောပြောခြင်းကို ကြားနာရန်အတွက် လူအများ စုဝေလျက်ရှိကြသည်။<br>၃။ ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူဟူသော စကားဖြင့် အစချီ၍ ထိုလူများကို စတင် မိတ်ဆက်ခဲ့သည်။ ကယ်တင်ခြင်းသည် ယုဒလူဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ လူသားအားလုံးအတွက် ဖြစ်သည်။<br>၄။ ပေတရုသည် သခင်ယေရှု၏ အသက်တာအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း အကြောင်းများကို ဟောပြော သက်သေခံခဲ့သည်။ သခင်ယေရှုအား ယုံကြည်လက်ခံလျှင် မိမိတို့၏ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားကြရမည် ဖြစ်ကြောင်း ဟောပြောခဲ့သည်။<br>၅။ သခင်ယေရှုကို တပါးအမျိုးသားများ လက်ခံယုံကြည်ခဲ့ကြသည်။ တပါးအမျိုးသားများ ကြားတွင် ထိုသူတို့သည် ခရစ်တော်၌ ပထမဦးဆုံး ယုံကြည်သူများ ဖြစ်ကြသည်။ ပထမဦးဆုံး ဗတ္တိဇံ ခံယူသူများလည်း ဖြစ်ကြသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ပေတရုသည် ကော်နေလိထံ ယေရှု၏အကြောင်း ဟောပြောခဲ့သည်။** |
| ပြန်လှန်လေ့ကျင့်ပါ | ဤသင်ခန်းစာကို ***ဟေရှာယ ၅၃*** နှင့် စပ်ဆက်၍ ကြည့်ပါ။ ***အခန်းငယ်၊ ၇-၈*** ရှိ အကြောင်းအရာများကို ဆွေးနွေးပါ။ သိုးသည် သိုးမွေးညှပ်သောသူ၏လက်တွင် အသံမပြည်ဘဲ တိတ်ဆိတ်စွာ နေသကဲ့သို့ သခင်ယေရှုသည် ကားတိုင်ပေါ်တွင် သည်းခံတော်မူခဲ့သည်။ သူသည် အယူခံမဝင်ဘဲ ကျွန်ုပ်တို့၏ အပြစ်အတွက် အသက်ကို စတေးရန် သူ၏ အသက်တာကို အပ်နှင်းခဲ့သည်။ | ပေတရုသည် ယုဒလူတစ်ယောက်အနေဖြင့် တပါးအမျိုးသားများထံ ဝင်ရခြင်းသည် မည်သို့ ဖြစ်မည်ကို စဉ်းစားဆင်ခြင်ကြည့်ပါ။ ***တမန်တော်၊ ၁၀း ၉-၁၇*** တွင် ကြည့်ပါ။ ပေတရုသည် သူလုပ်သင့်အရာကို မည်သို့ လမ်းညွှန်မှုရရှိကြောင်း ကြည့်ပါ။ တပါးအမျိုးသားများထံ သတင်းကောင်းဝေငှခြင်းနှင့် ပတ်သက်၍ ပေတရု မည်သို့ စဉ်းစားသင့်သနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အခြားသော ယုံကြည်သူများ နှင့် မယုံကြည်သူများအတွက် ကောင်းကြီးမင်္ဂလာ သယ်ဆောင်ပေးသောသူမှာ နာခံသော ခရစ်ယာန်များသာ ဖြစ်ကြောင်း နားလည်ထားပါ။<br>၂။ သခင်ယေရှုအား မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံသော သူသည် ဗတ္တိဇံခံခြင်းဖြင့် နာခံကြောင်း သက်သေထူးရမည် ဖြစ်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ လူမျိုး၊ ယဉ်ကျေးမှု၊ အဆင့်အတန်း ခွဲခြားမှုမရှိ မည်သူမဆို လူသားအားလုံး အပြစ်ခွင့်လွှတ်ခြင်း ခံစားနိုင်ကြောင်း နားလည်ထားရမည်။<br>၂။ ကျွန်ုပ်တို့၏ အပြစ်များ မည်သို့ ခွင့်လွှတ်ခြင်း ခံစားနိုင်ကြောင်း၊ ကျွန်ုပ်တို့ အသက်တာတွင် မည်သို့ အသက်ရှင်နေထိုင်သင့်ကြောင်း လမ်းညွှန်ပေးသည့် သမ္မာကျမ်းစာ ကျွန်ုပ်တို့လက်တွင် ပိုင်ဆိုင်ထားပြီး ဖြစ်သည့်အတွက် ယခုအချိန်တွင် ရူပါရုံများ မလိုအပ်တော့ကြောင်း နားလည်ထားရမည်။ |

| | ၁၅ - အဆင့် ၃<br>သင်ခန်းစာ ၄ - သခင်၏ အစေခံများ<br>ခေါင်းစဉ် - သွားရန် ပြင်ဆင်ထားသည်။ | ၁၅ - အဆင့် ၄<br>သင်ခန်းစာ ၄ - ကနဦး ခရစ်ယာန်များ<br>ခေါင်းစဉ် - ဗာနဗ |
|---|---|---|
| | **ကျမ်းညွှန်း** *တမန်တော် ၁ဝး ၁-၂ဝ၊ ၂၄-၂၉၊ ၃၃-၄၃*<br>**အဓိကသော့ချက်ကျမ်း** *တမန်တော်၊ ၁ဝး၄၃*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကော်နေလိသည် လူကောင်းတစ်ဦး ဖြစ်နေစဉ်မှာပင် ခရစ်ယာန်တစ်ဦး (ယုံကြည်သူ) ဖြစ်လာနိုင်ရန် သူ့အား ဝေငှဟောပြောပေးမည့်သူ တစ်ဦးဦးကို သူ လိုအပ်နေသည်။<br>၂။ ပေတရုသည် သူ၏ရူပါရုံကို မြင်ရပြီးနောက်တွင် ကယ်တင်ခြင်း သတင်းကောင်းသည် ယုဒလူမျိုးများအတွက်သာမက လူသားအားလုံးအတွက် ဖြစ်ကြောင်း သူ သင်ယူခဲ့ရသည်။ | **ကျမ်းညွှန်း** *တမန်တော်၊ ၄း ၃၂-၃၇၊ ၉း ၂၆-၃ဝ၊ ၁၁း ၁၉-၃ဝ*<br>**အဓိကသော့ချက်ကျမ်း** *တမန်တော် ၁၁း ၂၄*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကောင်းမှုပြုခြင်းဖြင့် ကျွန်ုပ်တို့သည် ခရစ်ယာန်မဖြစ်နိုင်ကြပါ။<br>၂။ ခရစ်ယာန်များ ကောင်းမှုပြုကြရသည့်အကြောင်းမှာ 'ကောင်းမြတ်ခြင်း' သည် ခရစ်ယာန်အသက်တာ၌ဝိညာဉ်အသီးတစ်မျိုး ဖြစ်သောကြောင့် ဖြစ်သည်။ *(ဂလာတိ၅း၂၂)* |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ဤသင်ခန်းစာပါ အကြောင်းအရာသည် ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ကဲသရိမြို့တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာ ဖြစ်သည်။ ကော်နေလိသည် ရောမစစ်တပ်တွင် အမှုထမ်းတစ်ဦးဖြစ်ပြီး၊ တပ်သားတစ်ရာကို အုပ်ချုပ်ရသည့် တပ်မှူးတစ်ဦးလည်း ဖြစ်သည်။ အမှန်မှာ သူသည် ဣတလိတပ်ရင်းတွင် တာဝန်ထမ်းဆောင်နေရသူ တစ်ဦး ဖြစ်သည်။ သို့သော် သူသည် ထာဝရဘုရားကို ရှာသောသူ ဖြစ်သည်။ သူသည် တပါးအမျိုးသားတစ်ဦး ဖြစ်သည်။ ထိုအချိန်တွင် ပေတရုသည် သူ၏ ယုဒ အမျိုးများထံ၌သာ ကယ်တင်ခြင်းနှင့် စပ်ဆိုင်သည့် ဧဝံဂေလိသတင်းကောင်းကို ဝေငှလျက်ရှိသည်။ | ကျွန်ုပ်တို့သည် ***တမန်တော်၊ ၄း၃၆*** တွင် ဗာနဗ၏ အကြောင်းကို ပထမဦးဆုံးတွေ့ရှိရမည် ဖြစ်သည်။ သူ၏အမည် အဓိပ္ပာယ်မှာ 'သက်သာစေခြင်း၏သား' ဟူ၍ ဖြစ်သည်။ သူသည် ကုပရုပြည်သား တစ်ဦး ဖြစ်သည်။ သူသည် မိမိပိုင်သောမြေကို ရောင်းပြီးလျှင် ရသောငွေကို တမန်တော်တို့၌ ပေးအပ်ကြောင်းကို ကျမ်းစားထဲတွင် ကျွန်ုပ်တို့ တွေ့ရှိရသည်။ သူသည် သူ၏နာမည်နှင့်အလိုက် အခြားသော တမန်တော်များကို သက်သာစေသောသူ ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်၏ ကောင်းကင်တမန်သည် ကော်နေလိထံ ထင်ရှားပြီး၊ ကဲသရိမြို့၏ တောင်ဘက်တွင်ရှိသော ယုပ္ပေမြို့သို့ လူကို စေလွှတ်၍ ပေတရု အမည်သစ်ကိုရသော ရှိမုန်ကို ခေါ်ပင့်လော့ ဟု မိန့်တော်မူခဲ့သည်။<br>၂။ နောက်တစ်နေ့တွင် ရှိမုန်ပေတရုသည် မိမိအိမ်မိုးပေါ်တွင် ဆုတောင်းနေစဉ် ဗျာဒိတ်ရူပါရုံကို မြင်ခဲ့သည်။ ဧဝံဂေလိ သတင်းကောင်းသည် ယုဒလူမျိုးတစ်မျိုးတည်း အတွက်သာမက တပါးအမျိုးသားများ အတွက်လည်း ဖြစ်ကြောင်း ဘုရားသခင်သည် ပေတရုထံ ပြောပြခဲ့သည်။ ဘုရားသခင်၌ လူတန်းစားနှစ်ရပ်သာ ရှိသည်။ သူ့အား ယုံကြည်သောသူများ နှင့် သူ့အား မယုံကြည်သောသူများ ဟူ၍ ဖြစ်သည်။<br>၃။ ပေတရုသည် ပထမတွင် သူယုံကြည်ထားသည့်အရာမှာ ဘုရားသခင်၏ မျက်နှာသာပေးခြင်းသည် ဣသရေလလူမျိုးဖြစ်သည့် ယုဒအမျိုးများ အတွက်သာ ဖြစ်သည်ဟူ၍ ဖြစ်သည်။ သို့သော် သူသည် ကော်နေလိ၏ အိမ်သို့ ရောက်သော အချိန်တွင် တပါးအမျိုးသားများ အတွက်လည်း ဖြစ်ကြောင်း သူဝန်ခံခဲ့သည်။ ဘုရားသခင် သင်ပေးသည့် သင်ခန်းစာကို သူ သင်ယူခဲ့ရသည်။ ဘုရားသခင်သည် အဘယ်သူ၏ မျက်နှာကိုမျှ မှတ်တော်မမူ။ *(တမန်၊ ၁ဝး၃၄)*<br>၄။ ကယ်တင်ခြင်းသည် ယုံကြည်သောသူများ အားလုံးအတွက် ဖြစ်ကြောင်းကို အဓိကထား၍ ထိုအရပ်၌ ရှိသောသူများထံ ပေတရု ဟောပြောခဲ့သည်။ *(တမန်၊ ၁ဝး ၄၃)* ကော်နေလိအိမ်တွင် ရှိသော သူတို့သည် သတင်းကောင်းကို ယုံကြည်ကြပြီး ဗတ္တိဇံမင်္ဂလာ ခံယူခဲ့ကြသည်။ ဤသို့ဖြင့် တပါးအမျိုးသားများ အသင်းတော်သို့ ပထမဦးဆုံး ဝင်ရောက်လာကြခြင်း ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ပေတရုသည် ကော်နေလိထံ ယေရှု၏အကြောင်း ဟောပြောခဲ့သည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဗာနဗသည် သခင်ဘုရား၌ သစ္စာရှိသော အစေခံတစ်ဦး ဖြစ်ပြီး၊ တစ်ကိုယ်ကောင်း မဆန်သောသူ တစ်ဦးလည်း ဖြစ်သည်။ အခြားသောသူများအတွက် အကူအညီဖြစ်စေရန် သူ၏ပိုင်ဆိုင်မှု နှင့် အချိန်များကို အများအတွက် အသုံးပြုခဲ့သည်။ လူများ ခရစ်တော်ထံ ပြောင်းလဲလာခြင်းကို သူမြင်တွေ့လိုသည်။ အသက်တာတွင် အခြေခံ လိုအပ်ချက်များ ရှိနေသောသူများကို သူ ကူညီပေးလိုသည်။ ထို့အတွက်ကြောင့် သူသည် 'သူတော်ကောင်း' တစ်ဦးဟု ခေါ်ဝေါ်ခံရခြင်း ဖြစ်သည်။ *(တမန်၊ ၁၁း၂၄)*<br>၂။ ဗာနဗသည် ပေတရုထံ မေတ္တာပြခဲ့သည်။ *(တမန်၊ ၉း၂၇)* ယေရှုရှလင်ကောင်စီမှ ပေါလုအား လက်ခံရန် ကြောက်ရွံ့နေသောအချိန်တွင် ဗာနဗသည် ပေါလုအတွက် ထောက်ခံပေးခဲ့သည်။<br>၃။ ဗာနဗသည် အန္တိအုတ်မြို့ရှိ အသင်းတော်သစ်ကို ကြည့်ရှုခွန်အားပေးရန် ယေရှုရှလင် အသင်းတော်မှ စေလွှတ်သောသူတစ်ဦး ဖြစ်သည်။ သူသည် အန္တိအုတ်၌ ရှိနေစဉ် လူများစွာတို့သည် ခရစ်တော်ထံ ပြောင်းလဲလာကြသည်။ သူသည် အန္တိအုတ် အသင်းတော်ရှိ ယုံကြည်သူသစ်များအား 'သခင်ဘုရားကို မှီဝဲဆည်းကပ်မည့်အကြောင်း' တိုက်တွန်းနှိုးဆော်ခဲ့သည်။ *(တမန်၊ ၁၁း၂၃)*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - သင့်လျော်သည့်ပုံ မရှိပါ။** |
| ပြန်လှန်လေ့ကျင့်ပါ | အဓိကသော့ချက်ကျမ်းကို သင်ယူပြီး ယနေ့သင်ခန်းစာနှင့် ပတ်သက်၍ မည်သို့ အကျဉ်းချုပ်ဖော်ပြထားကြောင်း ဆွေးနွေးပါ။ ***(ယောဟန်၊ ၃း ၁၅-၁၆)*** ၌ပါသော 'ယုံကြည်သောသူ ရှိသမျှတို့သည်' ဆိုသော စကားစုသည် အများကိုရည်ညွှန်းနေခြင်း ဖြစ်သည်။ | သင်ခန်းစာ ၄ ရှိ မေးခွန်းများကို ကလေးများ ကောင်းမွန်စွာ ဖြေဆိုနိုင်ရန် မေးခွန်းများ မေးခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်လေ့ကျင့်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အခြားသော လူမျိုးများထံ လူငယ်များနှင့်အတူ သတင်းကောင်းဝေငှရန် ။<br>၂။ ***တမန်၊ ၁ဝး ၃၄*** ကို သင်တို့၏ စကားနှင့် ရှင်းပြပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ခရစ်ယာန်တစ်ယောက် အနေဖြင့် ကျွန်ုပ်တို့၏ အသက်တာတွင် 'ကောင်းမြတ်ခြင်း' ကို ပေါ်လွင်စေပါ။<br>၂။ ခရစ်ယာန်တစ်ယောက်အဖြစ် သခင်ဘုရား၌ မှီဝဲဆည်းကပ်ပါ။ |

| | ခ၆ - အဆင့် ၃<br>သင်ခန်းစာ ၁ - ယောသပ်၏ အသက်တာ<br>ခေါင်းစဉ် - ဝယ်ရှယ်သော အိပ်မက်ဆရာ | ခ၆ - အဆင့် ၄<br>သင်ခန်းစာ ၁ - ယာကုပ် နှင့် သူ၏မိသားစု<br>ခေါင်းစဉ် - ခါရန်မြို့၌ |
|---|---|---|
| | **ကျမ်းညွှန်း** *ကမ္ဘာဦးကျမ်း ၃၇း ၁-၁၁*<br>**အဓိကသော့ချက်ကျမ်း** *ကမ္ဘာဦးကျမ်း ၃၇း၈*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ယောသပ်သည် တစ်ဆယ့်ခုနှစ်နှစ်အရွယ် ၊ ဆယ်ကျော်သက်အရွယ်သာ ရှိသေးသောအချိန်တွင် ဘုရားသခင်သည် အိပ်မက်အားဖြင့် သူထံ စကားပြောခဲ့ပြီး၊ ယောသပ်၏ အသက်တာအတွက် သူ၏ အစီအစဉ်များကို ဖွင့်ပြခဲ့သည်။<br>၂. မနာလိုခြင်း အပြစ်သည် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့သောအရာ ဖြစ်သည်။ ထို့အပြင် ထိုမနာလိုခြင်းအပြစ်ကြောင့် သာ၍ ကြီးမားသည့် အပြစ်များကို ပြုနိုင်သည့်အတွက်ကြောင့် မနာလိုဖြစ်ခြင်းကို ကျွန်ုပ်တို့အသက်တာတွင် ရှောင်ရှားရမည် ဖြစ်သည်။ | **ကျမ်းညွှန်း** *ကမ္ဘာဦးကျမ်း ၂၉း ၁-၃၀*<br>**အဓိကသော့ချက်ကျမ်း** *ဂလာတိ ၆း ၇*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားသည် သူ၏အချိန်သည် ပြီးပြည့်စုံသည်။<br>၂. ကျွန်ုပ်တို့၏ အသက်တာတွင် ဒုစရိုက်မျိုးစေ့ကို ကြဲလျှင် ပုတ်ပျက်ခြင်း၏ အသီးအနှံကို ပြန်လည်ရိတ်သိမ်းရမည်ကို မျှော်လင့်ထားရမည်ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ယောသပ်၏ ဆွေစဉ်မျိုးဆက်များဖြစ်သည့် အာဗြံဟံ၊ ဣဇက်၊ နှင့် ယာကုပ်၏ မိသားစုများအကြောင်း ကလေးများထံ ပြန်လည်ပြောပြပါ။<br>ယောသပ်သည် ယာကုပ်၏ သားတစ်ဦး ဖြစ်သည်။ သူ၏ မိခင်မှာ ရာခေလ ဖြစ်သည်။ မျိုးရိုးအားဖြင့် သူသည် သိုးထိန်းမျိုးရိုး ဖြစ်သည်။ သူ၌ ဗယ်္ယာမိန်ဟုခေါ်သည့် ညီငယ်တစ်ဦး ရှိသည်။ သူ၏ မိခင် ရာခေလ သေခါနီးအချိန်တွင် မွေးခဲ့သည့်သား ဖြစ်သည်။ | ယာကုပ်၏ မျိုးရိုးကို ကျောင်းသားများထံ ပြန်လည်ပြောပြပါ။ ယာကုပ်သည် ဣဇက်နှင့် ရေဗက္ကာတို့၏ သားဖြစ်ပြီး၊ သူ၏ အစ်ကိုမှာ ဧသော ဖြစ်သည်။ သူသည် ဗေရရှေဘာ အရပ်မှ မေသောပေါတာမိပြည် ခါရန်မြို့သို့ ထွက်ပြေးသွားခြင်း ဖြစ်သည်။ သူ့အစ်ကို၏ သားဦးအရာကို လုယူသဖြင့် ဧသောသည် သူ့အား အခွင့်ရလျှင် သတ်ရန် ကြံစည်နေသည့် အတွက်ကြောင့် သူသည် ခါရန်သို့ ထွက်ပြေးရခြင်း ဖြစ်သည်။ (ပုံပြင်အကြောင်းအရာကို အကျဉ်းချုပ်၍ ပြန်ပြောပြပါ။) ယာကုပ်သည် ဗေရရှေဘမှ ထွက်ခွါသောအချိန်တွင် သူ၏အသက်သည် ၇၇နှစ် ရှိပြီး ဖြစ်သည်။ သူ၏ဦးကြီး လာဗန်ထံ အနှစ် ၂၀ ကျွန်ခံခဲ့သည်။ ခါနာန်ပြည်သို့ ပြန်လာပြီး နှစ်ပေါင်း ၃၃နှစ် အသက်ရှင် နေထိုင်ခဲ့သည်။ ၇နှစ်ကို အဲဂုတ္တုပြည်တွင် နေထိုင်ခဲ့သည်။ ဗေရရှေဘမှ ခါရန်သို့ သွားသောခရီး အကွာအဝေးသည် မိုင် ၅၀၀ ကွာဝေးသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ယောသပ်သည် အစ်ကိုများ၏ အပြစ်များကို ဖခင်ကြီးထံ ပြောပြလေ့ရှိပြီး၊ သူသည်လည်း ဖခင်၏ အချစ်ဆုံးသားဖြစ်သောကြောင့် အစ်ကိုများ၏ မုန်ခြင်းကို ခံရသောသူ ဖြစ်သည်။ သူသည် ရာခေလ၏ သားဖြစ်ပြီး၊ ယာကုပ် အသက်ကြီးသည့်အချိန်မှ မွေးသောသား ဖြစ်သောကြောင့် ယာကုပ်သည် သူ့အား ပို၍ချစ်ရခြင်း ဖြစ်သည်။<br>၂. ယာကုပ်သည် အဆင်းအရောင် ထူးခြားသည့် အင်္ကျီကို ချုပ်ပြီး ယောသပ်အား ပေး၏။ ထို့အတွက်ကြောင့် အစ်ကိုများသည် ယောသပ်အား မနာလိုဖြစ်ကြပြီး၊ သူ့အား မုန်းတီးခဲ့ကြသည်။<br>၃. ယောသပ်၏ ပထမအိပ်မက်တွင် ကောက်လှိုင်း တစ်ဆယ့်တစ်လှိုင်း တို့သည် ယောသပ်၏ ကောက်လှိုင်းကို ရှစ်ခိုးကြသည့်အကြောင်း ဖြစ်သည်။ ထိုအိပ်မက်၏ အဓိပ္ပာယ်မှာ တစ်နေ့သောအခါတွင် သူ၏ညီအစ်ကိုများသည် သူထံသို့လာပြီး သူ့အားရှစ်ခိုးကြမည်ဟူ၍ ဖြစ်သည်။ ဒုတိယ အိပ်မက်မှာလည်း ယာကုပ် (နေ) နှင့် လေအာ (လ) တို့အပါအဝင် သူ၏ညီအစ်ကိုများသည် သူ့အား ရှစ်ခိုးကြရမည်ဟူ၍ ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယောသပ် အိပ်မက်ဆရာ** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ဘုရားသခင်၏ အချိန်သည် ယာကုပ်၏ အသက်တာတွင် ပြီးပြည့်စုံခဲ့သည်။ ယာကုပ်သည် ခါရန်မြို့မှ လာသည့် သိုးထိန်းများနှင့် တွေ့ဆုံခဲ့သည်။ ရာခေလသည်လည်း ထိုအရပ်သို့ မိမိ၏ သိုးများနှင့်အတူ ရောက်လာခဲ့သည်။<br>၂. ယာကုပ်သည် ရာခေလအား လက်ထပ်လိုခဲ့သည်။ သို့သော် လာဗန်သည် သူ့အား လိမ်လည်၍ သမီးအကြီး လေအာနှင့် ပေးစားခဲ့သည်။ ရာခေလအား လက်ထပ်ရန် ယာကုပ်သည် လာဗန်ထံ ၇နှစ် ကျွန်ခံရသည်။ သို့သော် ရာလေခနှင့် မပေးစားသည့်အတွက် သူမအား ပိုင်ဆိုင်ရရန် နောက်ထပ် ၇နှစ် ကျွန်ခံရပြန်သည်။<br>၃. ယာကုပ်သည် လိမ်လည်ခြင်း မျိုးစေ့ကို ကြဲခဲ့သည့်အတွက်ကြောင့် ယခုတွင် သူပြန်လည် ရိတ်သိမ်းနေရခြင်း ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယာကုပ်သည် မင်္ဂလာဆောင်ပွဲ၌ အလိမ်ခံရသည်။** |
| ပြန်လှန်လေ့ကျင့်ပါ | သင်ခန်းစာ ၁ တွင် ပါရှိသည့် မေးခွန်းများကို ကျောင်းသားများ ဖြေဆိုနိုင်ရန် ကျောင်းသားများထံ မေးခွန်းများမေးခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်လေ့ကျင့်ပေးပါ။ | ယာကုပ်သွားသည့် ခရီးအကွာအဝေးကို ကျောင်းသားများ သိသာထင်ရှားစွာ သိမြင်နိုင်ရန် မြေပုံကို အသုံးပြု၍ သင်ပေးပါ။ ဗေရရှေဘာအရပ်မှ (အနောက်ဘက်အရပ်) ယနေ့ ဆီးရီးယား၌ ရှိသော (ယူဖရေတစ်မြစ်ရှိရာအရပ်) ခါရန်သို့ ခရီးထွက်ခဲ့သည်။ ဆီးရီးယား၊ ဂျော်ဒန်၊ အီရတ်နိုင်ငံများ ကဲ့သို့သော အရှေ့အလယ်ပိုင်း ဒေသများရှိ နိုင်ငံများကို ကလေးများ စိတ်ဝင်စားစေရန် ပြောပြသင်ကြားပေးနိုင်သည်။ အဘယ်ကြောင်းဆိုသော လူတို့သည် မိမိတို့၏ အသက်တာတွင် ဘုရားသခင်၏ တန်ခိုးတော်ကို ရှာရမည့်အစား မိမိတို့၏ အစွမ်းအစများကိုသာ ရှာလေ့ရှိကြသည်။ ယာကုပ်၏ ဇာတိဆန်သော အသက်တာသည် ယနေ့ လူတို့၏ အသက်တာထဲတွင် ရှိနေကြဆဲ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အပြစ်သားများအဖြစ် မွေးဖွားလာကြခြင်းကြောင့် ဖြစ်သည်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့ အယောက်စီတိုင်း အသက်တာအတွက် ဘုရားသခင်၌အစီအစဉ် ရှိနှင့်ပြီးသာ ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုအား မိမိတို့၏ ကယ်တင်ပိုင်ရှင် သခင်အဖြစ် ယုံကြည်လက်ခံသော အချိန်တွင် ဘုရားသခင်သည် သူ၏ အစီအစဉ်အတိုင်း ကျွန်ုပ်တို့ အသက်တာထဲတွင် အလုပ်လုပ်သွားမည် ဖြစ်သည်။ သမ္မာကျမ်းစာမှ ကျွန်ုပ်တို့အား သွန်သင်သည့်အရာများကို ကျွန်ုပ်တို့သည် နာခံလိုက်လျှောက်ပြီး၊ နေ့စဉ်အသက်တာတွင် ဆုတောင်းခြင်းဖြင့် အသက်ရှင်သွားလာသည့် အချိန်တွင် ဘုရားသခင်သည် သူ၏ အလိုတော်အတိုင်း ကျွန်ုပ်တို့အား လမ်းပြပို့ဆောင် ပေးသွားမည် ဖြစ်သည်။<br>၂. မနာလိုခြင်းအပြစ်ကို ကျွန်ုပ်တို့၏ အသက်တာတွင် ရှောင်ကျဉ်ရမည် ဖြစ်သည်။ မနာလို ဖြစ်ခြင်းသည် 'မရဏာနိုင်ငံနှင့်အမျှ ခတ်ထန်ပါ၏' ဟု ဖော်ပြထားသည်။ ***(ရှောလုမုန်သီချင်း၊ ၈း၆)*** | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့သည် မိမိတို့၏ အပြစ်မှ နောင်တရခြင်းမရှိ၊ ကယ်တင်ခြင်းအတွက် သခင်ယေရှုအား မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်ကိုးစားခြင်း မရှိလျှင် ကျွန်ုပ်တို့ အပြစ်၏အခများကို ကျွန်ုပ်တို့ ရိတ်သိမ်းကြရမည် ဖြစ်သည်။<br>၂. ကျွန်ုပ်တို့သည် စစ်မှန်သော ခရစ်ယာန်များ ဖြစ်ကြပြီး၊ ဒုစရိုက်အပြစ်များ ပြုမိလျှင် ဘုရားသခင်ထံ ကျွန်ုပ်တို့၏ အပြစ်များကို အမြန်ဆုံး ဝန်ချတောင်းပန်ရန် လိုအပ်ကြောင်း သိထားရမည်။ ***(၁ယော၊ ၁း၉)*** အပြစ်၏ အကျိုးဆက်ကို သယ်ဆောင်စေသည့် ထိုအပြစ်များကိုလည်း စွန့်ပစ်ရမည် ဖြစ်သည်။ |

| | ခ၆ - အဆင့် ၃<br>သင်ခန်းစာ ၂ - ယောသပ်၏ အသက်တာ<br>ခေါင်းစဉ် - အမုန်းခံရသည့် ညီအစ်ကို | ခ၆ - အဆင့် ၄<br>သင်ခန်းစာ ၂ - ယာကုပ် နှင့် သူ၏မိသားစု<br>ခေါင်းစဉ် - ပေနေလ၌ |
|---|---|---|
| | **ကျမ်းညွှန်း** *ကမ္ဘာဦး ၃၇း ၁၂-၃၆*<br>**အဓိကသော့ချက်ကျမ်း** *ရောမ၊ ၆း ၁၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ အပြစ်တရားသည် ကျွန်ုပ်တို့ အသက်တာတွင် သေးငယ်သည့် အခြေအနေမှ စတင်လာတက်သည်။ ထိုအခြေအနေတွင် ကျွန်ုပ်တို့သည် နောင်တရပြီး အပြစ်ခွင့်လွှတ်ခြင်း ခံစားရရန် ဘုရားသခင်ထံ အပြစ်ဝန်ချ တောင်းပန်ခြင်း မရှိပါလျှင် ထိုသေးငယ်သော အပြစ်သည် တဖြေးဖြေး ကြီးထွားလာပြီး ကျွန်ုပ်တို့၏ဘဝကို ဝါးမျို သွားမည် ဖြစ်သည်။<br>၂။ ကျွန်ုပ်တို့သည် မိမိတို့၌ အပြစ်ရှိကြောင်း ခံစားရလျှင် ဘုရားသခင်ထံ ချက်ခြင်း ဝန်ချတောင်းပန်ရန် အလွန်အရေးကြီးသည်။ | **ကျမ်းညွှန်း** *ကမ္ဘာဦး ၃၂း ၁ - ၃၂*<br>**အဓိကသော့ချက်ကျမ်း** *ကမ္ဘာဦး ၃၂း ၁၀*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ခက်ခဲသည့်အခြေအနေတွင် ဘုရားသခင်ထံမှ ကွယ်ကာမစခြင်းကို ခံစားရရန် ယာကုပ်သည် ဘုရားသခင်ထံ ဆုတောင်းခဲ့သည်။<br>၂။ ယာကုပ်သည် နောက်ဆုံးတွင် ဘုရားသခင်အား အရှုံးပေးခဲ့ရသည်။ သူသည် ဘုရားသခင်ထံ ဝန်ခံပြီးနောက်တွင် 'လူလိမ်' ဟု အဓိပ္ပာယ်ရသည့် သူ၏အမည် ယာကုပ်ကို 'ဘုရားသခင်၏ မင်းသားတစ်ပါး' ဟု အဓိပ္ပာယ်ရသည့် ဣသရေလ အမည်သစ်ဖြင့် သူ၏အမည်ကို ပြောင်းပေးခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | သင်ယူခဲ့ပြီးဖြစ်သည့် ယောသပ်၏ အသက်တာ အကြောင်းအရာများကို ပြန်လည်စီစစ်ခြင်းဖြင့် ယောသပ်၏ မိသားစုအကြောင်း နှင့် သူတို့အတွက် ဘုရားသခင်၏ အစီအစဉ်များကို ပြောပြပါ။<br>***ကမ္ဘာဦးကျမ်း ၂၇*** ၌ ယာကုပ်သည် ဆိတ်မွေးဖြင့် သူ၏ လက်နှင့်လည်တို့တွင် ဆင်ယင်ခြင်းဖြင့် ဧသော၏ သားဦးအရာ ကောင်းကြီးမင်္ဂလာကို ဖခင် ဣဇက်ထံမှ လိမ်လည်ရယူခဲ့သည်။ ဤသင်ခန်းစာတွင် ယာကုပ်၏ သားများသည် ဆိတ်၏ အသွေးဖြင့် ဖခင်ယာကုပ်အား ပြန်လည်လိမ်လည်သည့် အကြောင်း ဖြစ်သည်။ သားများ သူအားလိမ်လည်သည့် အချိန်တွင် သူပြုခဲ့သည့်အရာကို ယာကုပ် ပြန်သတိရကောင်း ရလိမ့်မည်။ လိမ်လည်လှည့်စားမှု၏ နာကျင်ခြင်းကို ယာကုပ်၏ အသက်တာတွင် နောက်ထပ်တစ်ကြိမ် ထပ်မံခံစားရပြန်သည်။ | ကျောင်းသားများ အသက်တာ၌အရေးပါသည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဖူးသည့် တွေ့ဆုံခြင်း အမျိုးမျိုးအကြောင်း ဆွေးနွေးစေပါ။ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တွေ့ဆုံခြင်းအကြောင်း သင်ယူသွားမည်ဖြစ်ပြီး၊ ထိုသို့ ဘုရားသခင်နှင့် တွေ့ဆုံခဲ့သူမှာ ယာကုပ်ဖြစ်ကြောင်း ပြောပြပါ။ ယှဉ်ပြိုင်သူမှာ ယာကုပ်ဖြစ်သည်။ ***(အငယ်၊ ၂၄)*** အခြားသူနှင့် မဟုတ်ပါ ဘုရားသခင်နှင့် ဖြစ်သည်။ ***(ဟောရှေ ၁၂း၄)*** ကို ဖတ်ပါ။ (၁) မီးလောင်နေသော ချုံပုတ်အားဖြင့် မောရှေထံ ထင်ရှားပြခဲ့သည်။ ***(ထွက်၊၃း ၁-၂၂)*** (၂) တောင်ဝှေးကို မြွေဖြစ်စေခြင်းအားဖြင့် ၄င်း၊ သူ၏လက်ကို နူစေခြင်းဖြင့်၄င်း၊ မောရှေထံ ထင်ရှား ပြခဲ့သည်။ ***(ထွက်၊၄း ၁-၁၇)*** (၃) သူ၏ တောင်းဆိုခြင်း နှင့် ဟေရှာယ၏ တုန့်ပြန်ခြင်းအားဖြင့် ဟေရှာယထံ ထင်ရှားပြခဲ့သည်။ ***(ဟေရှာယ၊ ၆)*** (၄) ဒမသက်မြို့သို့သွားသောလမ်းတွင် ပေါလုထံ ထင်ရှားပြခဲ့သည်။ ***(တမန်၊၉း ၁-၁၉)*** ဤသူအားလုံးတို့ အရေးကြီးသည့် တွေ့ဆုံခြင်းဖြစ်သည့် သခင်ဘုရားနှင့် တွေ့ကြုံသည့် အတွေ့အကြုံ ရှိကြသူများ ဖြစ်ကြကြောင်း မှတ်သားပါ။ သတိရထိုက်သည့် အတွေ့အကြုံများ ဖြစ်ကြသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယောသပ်၏ အစ်ကိုများသည် ယောသပ်အား အလွန်မုန်းတီးကြသည့်အတွက် သူအား ရေတွင်းပျက်ထဲသို့ စွန့်ပစ်ခဲ့ကြသည်။<br>၂။ ထို့နောက် အစ်ကိုများသည် ယောသပ်အား ဣရှမေလ ကုန်သည်များထံ ငွေအကျပ် ၂၀ အဖိုး နှင့် ရောင်းစားခဲ့ကြသည်။ ထိုကုန်သည်တို့သည် အဲဂုတ္တုပြည်သို့ ခရီးသွားနေကြသောသူများ ဖြစ်သည်။<br>၃။ သားများ၏ လိမ်လည်ပြောဆိုသော စကားကို ကြားသည့်အခါ ယောသပ်၏ ဖခင်ယာကုပ်သည် နှလုံးကွဲကြေခဲ့ရသည်။ သူတို့သည် ဆိတ်၏အသွေး၌ နှစ်ထားသည့် ယောသပ်၏ အင်္ကျီကို ဖခင်ထံ ပြခဲ့ကြသည့်အခါ ယာကုပ်သည် သူ၏သား သေပြီးဟု ယုံကြည်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယောသပ်သည် ကျွန်အဖြစ် ရောင်းစားခြင်း ခံခဲ့ရသည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယာကုပ်သည် ခါရန်အရပ် မှ ခါနာန်ပြည်သို့ ပြန်လာရန် ပြင်ဆင်ခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်က သူပြုခဲ့သည့် အရာများအတွက် ဧသောသည် သူ့အား သတ်မည်ကို သူစိုးရိမ်နေခဲ့သည်။ ***(ကမ္ဘာဦး၊ ၂၇း၄၁)***<br>၂။ ဧသောသည် လူ ၄၀၀ နှင့် သူထံသို့ လာနေသည့် သတင်းကို ယာကုပ်ကြားခဲ့သည်။ ထို့ကြောင့် ယာကုပ်သည် သူ၏ မိသားစုကို နှစ်စုခွဲထားလိုက်သည်။ ပထမတစ်စုကို သူအစ်ကို ဖျက်ဆီးလျှင် ဒုတိယတစ်စု ဘေးကင်းစေရန် ဖြစ်သည်။<br>၃။ ဧသော၏စိတ်ကို ဖြေစေရန်အတွက် ယာကုပ်သည် တိရိစ္ဆာန်အုပ်စု သုံးအုပ်စုအား ကြီးစဉ်ငယ်လိုက် စုစုပေါင်းအရေအတွက် ၅၈၀ ကို အစဉ်အတိုင်း ရှေ့မှ သွားစေခဲ့သည်။<br>၄။ ယာကုပ်သည် ပေနေလအရပ်တွင် တစ်ယောက်တည်း နေရစ်ခဲ့သည်။ (ဘုရားသခင်၏ မျက်နှာတော်) သူ၏ အသက်တာတွင် အကြီးမားဆုံး အတွေ့အကြုံကို သူကြုံတွေ့ခဲ့ရသည်။ ဘုရားသခင်သည် ယာကုပ်၏ ပေါင်ချုန် အကြောကြီးကို ထိုးတော်မူခဲ့သည်။ သူ၏အမည်ကိုလည်း ဣသရေလ ဟု အမည်ပြောင်းပေးခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယာကုပ်သည် ခါနာန်ပြည်သို့ ပြန်လာခဲ့သည်။** |
| ပြန်လှန်လေ့ကျင့်ပါ | ဤပုံပြင်တွင် ဘုရားသည် အရာအားလုံးကို မည်သို့ ထိန်းချုပ်ထားကြောင်း ဆွေးနွေးပါ။ ဣရှမေလလူတို့သည် မသိကြဖူးသောသူများ ဖြစ်ကြသော်လည်း သူတို့သည် ယောသပ်အား အဲဂုတ္တုပြည်သို့ သယ်ဆောင်သွားကြပြီး ဖာရော၏ အမှုထမ်းတစ်ဦးဖြစ်သည့် ပေါတိဖါထံ ကျွန်အဖြစ် ရောင်းစားခဲ့ကြသည်။ အဲဂုတ္တုပြည်၌ ဘုရားသခင်သည် ယောသပ်အား ကြွယ်ဝစွာကောင်းကြီး ပေးတော်မူသဖြင့် နောက်ဆုံး၌ ယောသပ်သည် အဲဂုတ္တုပြည် တစ်ခုလုံးကို အုပ်ချုပ်သည့် ဒုတိယဘုရင်ခံ ဖြစ်လာခဲ့သည်။<br>***ဆာလံ၊ ၇၆း၁၀*** ကို ရှင်းပြပါ။ လူတို့၏ ဒေါသကိုချီမွမ်းခြင်းအဖြစ်၌၄င်း၊ ကြွင်းသောဒေါသကို ဘုရားသခင်သည် ထိန်းချုပ်နိုင်ကြောင်း ဤကျမ်းချက်တွင် ဖော်ပြထားသည်။ | သင်ခန်းစာ ၂ ရှိ မေးခွန်းများကို ကျောင်းသားများ ဖြေဆိုနိုင်ရန်အတွက် မေးခွန်းများ မေးခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်ပေးပါ။<br>အောက်ပါတို့၏ အဓိပ္ပာယ်များကို ပြောပြခြင်းဖြင့် ကျောင်းသားများ၏ အာရုံစိုက်မှုကို ရယူပါ။<br>မဟာနိမ် ***(အငယ်၊ ၂)*** - တပ်နှစ်တပ် သို့မဟုတ် စခန်းနှစ်ခု<br>ယာကုပ် ***(အငယ်၊ ၂၇)*** - 'လိမ်လည်သူ' သို့မဟုတ် 'လူလိမ်'<br>ဣသရေလ ***(အငယ်၊ ၂၈)*** -ဘုရားသခင်နှင့် လုံးထွေးသူ သို့မဟုတ် ဘုရားသခင်၏ မင်းသား။<br>ပေနေလ ***(အငယ်၊ ၃၀)*** - ဘုရားသခင်၏ မျက်နှာတော် |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျောင်းသားများ၏ အသက်တာထဲတွင် မုန်းတီးခြင်း၊ မနာလိုခြင်း စသည့်အပြစ်များ ရှိ /မရှိ ဆွေးနွေးပါ။ အကယ်၍ ထိုသို့သောအပြစ်များသည် ကျောင်းသားများ၏ အသက်တာထဲတွင် ရှိနေပါလျှင် သခင်ယေရှုဘုရားထံ မိမိတို့၏ အပြစ်များကို ဝန်ချတောင်းပန်ပါ။ ထိုမကောင်းသောအပြစ်များကို အနိုင်ယူပြီး ကောင်းစွာ အသက်ရှင်နိုင်ရန် ဆုတောင်းပါ။<br>၂။ အဓိကသော့ချက်ကျမ်းဖြစ်သည့် ***ရောမ၊ ၆း၁၂***ကို သင်ယူပြီး ထိုကျမ်းချက်ကို သူတို့အသက်တာ၏ လမ်းညွှန်အဖြစ် ဆွဲကိုင်ရန် ကျောင်းသားများကို တိုက်တွန်းနှိုးဆော်ပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယာကုပ်သည် တစ်ဦးတည်း ဘုရားသခင်နှင့် ကျန်ရစ်ခဲ့သည်။ ***(အငယ်၊ ၂၄)*** ကျွန်ုပ်တို့သည် အပြစ်သားများ အနေဖြင့် ကယ်တင်ခြင်းသို့ ရောက်ရန် ဘုရားသခင်နှင့် မိမိကိုယ်တိုင် ထိတွေ့မှုရှိရမည် ဖြစ်သည်။ ကျွန်ုပ်တို့အပြစ်သားများ အပြစ်ခွင့်လွှတ်ခြင်း ခံစားရရန်အတွက် လူတိုင်းဘုရားသခင်နှင့် တွေ့ဆုံရန် လိုအပ်သည်။<br>၂။ ယာကုပ်သည် ဘုရားသခင်၏ ကောင်းကင်တမန်နှင့် လုံးထွေးခဲ့သည်။ ***(အငယ်၊ ၂၄)*** သူ၏ ဟန်ဆောင်ခြင်း၊ နှင့် မာန်မာနများကို ဘုရားသခင် တည့်မတ်ပေးခဲ့သည်။ ကျွန်ုပ်တို့ အယောက်တိုင်း၏ အသက်တာကို ပြောင်းလဲပေးနိုင်သောသူမှာ ဘုရားသခင် တပါးတည်းသာ ဖြစ်သည်။<br>၃။ ယာကုပ်၏ အမည်ကို ဘုရားသခင် ပြောင်းပေးခဲ့သည်။ ကျွန်ုပ်တို့၏ အမည်များ ခရစ်ယာန် (ယုံကြည်သူ) အဖြစ်ပြောင်းလဲရန် လိုအပ်သည်။ ထို့နောက် ကျွန်ုပ်တို့၏ စိတ်နှလုံးများ ပြောင်းလဲရန် လိုအပ်သည်။ ဘုရားသခင်၏ ရှေ့မှောက်တွင် ကျွန်ုပ်တို့၏ အဆင့်အတန်း၊ ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ခြင်း၊ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်း စသည်ဖြစ် ကျွန်ုပ်တို့အသက်တာများ ပြောင်းလဲရန် လိုအပ်သည်။ |

| | ခ၆ - အဆင့် ၃<br>သင်ခန်းစာ ၃ - ယောသပ်၏ အသက်တာ<br>ခေါင်းစဉ် - သစ္စာရှိသော ထောင်သား | ခ၆ - အဆင့် ၄<br>သင်ခန်းစာ ၃ - ယာကုပ် နှင့် သူ၏မိသားစု<br>ခေါင်းစဉ် - ဗေသလအရပ်၌ |
|---|---|---|
| | **ကျမ်းညွှန်း** *ကမ္ဘာဦး ၃၉း ၁-၆၊ ၁၉- ၂၃*<br>**အဓိကသော့ချက်ကျမ်း** *ကမ္ဘာဦး ၃၉း ၂၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယောသပ်သည် အိမ်နှင့် အလွန်ဝေးသောနေရာ ဖြစ်သည့် အဲဂုတ္တုပြည်တွင် ရောက်ရှိနေသည်။ သို့သော်လည်း သူသည် အလွန်ခက်ခဲသည့် အခြေအနေမှာပင် ဘုရားသခင်အပေါ် သစ္စာ ရှိခဲ့သည်။<br>၂။ ဘုရားသခင်သည် ယောသပ်အား ကြည့်ရှု စောင့်ရှောက်တော်မူခဲ့သည်။ သူ၏ အနာဂတ်အတွက်လည်း အစီအစဉ်များ စီစဉ်ပေးထားသည်။ ***(ရောမ၊ ၈း၂၈)*** | **ကျမ်းညွှန်း** *ကမ္ဘာဦး ၃၅း ၁-၁၅*<br>**အဓိကသော့ချက်ကျမ်း** *ဆာလံ၊ ၃၇း ၇*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ခရစ်ယာန်တစ်ဦးအနေဖြင့် ကျွန်ုပ်တို့အသက်တာ၏ အစိတ်အပိုင်းအချို့တွင် ဘုရားသခင်ထံမှ ဝေးကွာနေပြီး၊ တွေဝေနေသည့်အသက်တာမျိုး ကျွန်ုပ်တို့ ခံစားကောင်း ခံစားနိုင်သည်။ သို့သော် ဘုရားသခင်သည် မည်သည့်အခါ၌မျှ ကျွန်ုပ်တို့အား စွန့်ပစ်တော်မမူပေ။<br>၂။ ခရစ်ယာန်တစ်ဦး အနေဖြင့် အတိတ်ကာလ ကျဆုံးခြင်းများကို ရင်ဆိုင်ရာတွင်၎င်း၊ အနာဂတ်တွင် ကြုံတွေ့ရမည့် အခက်အခဲ၊ နှင့် အဆင်အပြေမှုများအတွက် သော်၎င်း ဘုရားသခင်၏ ကူညီမစခြင်းကို ကျွန်ုပ်တို့ လိုအပ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ငယ်ရွယ်သည့်အချိန်တွင် လူကြီးများ၏ မတရား အနိုင်ကျင့်ခြင်းခံရသည့် အကြောင်းအရာများကို ဆွေးနွေးပါ။ ယောသပ်၏ အသက်တာတွင် ထိုကဲ့သို့ အနိုင်ကျင့်ခြင်း ခံခဲ့ရသည့်အကြောင်း ရှင်းပြပေးပါ။<br>ယနေ့တွင် အချို့သော နိုင်ငံများတွင် ယုံကြည်သူများသည် ထောင်တွင်း အကျဉ်းချခြင်းများ ခံကြရသည်။ ထိုယုံကြည်သူတို့သည် မိမိတို့၏ မကောင်းမှု ဒုစရိုက်များကြောင့် အကျင်းခံကြရခြင်း မဟုတ်ဘဲ ဘုရားသခင်အပေါ် ယုံကြည်သည့် ၎င်းတို့၏ သစ္စာရှိသော ယုံကြည်ခြင်းကြောင့် ဖြစ်သည်။ သမ္မာကျမ်းစာတွင် ၎င်းတို့ သင်ယူရသည့် ဘုရားသခင်၏ စကားတော်အတိုင်း နာခံပြီး၊ သခင်ယေရှုအား ယုံကြည်ကိုးစားကြပြီး၊ ခရစ်ယာန်များအဖြစ် အသက်ရှင်ကြခြင်းကြောင့် ထိုသို့ ခံစားကြရခြင်း ဖြစ်သည်။ | ဘုရားသခင်အား ယုံကြည်ကိုးစားသောသူများသည် အခက်အခဲနှင့် ယှဉ်ဆိုင်ကြုံတွေ့သည့် အခါတွင် ဘုရားသခင်၏ ကူညီမစခြင်းကို ခံစားရမည်မှာ အမှန်ပင် ဖြစ်သည့်အချက်ကို ပြောပြခြင်းဖြင့် သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။<br>***ဆာလံ၊ ၉၁*** နှင့် ***ရောမ၊ ၈*** တို့တွင် ဤသို့သော ကူညီမစခြင်းကို ဖော်ကျူးထားသည်။ အောက်ပါ အခန်းငယ်များသည် နောက်ခံအခြေအနေကို ရည်ညွှန်းဖော်ပြရန် သင့်လျော်သည့် အခန်းငယ်များ ဖြစ်သည်။ ***ဆာလံ၊၉၁း ၂၊ ၁၅၊*** နှင့် ***ရောမ၊ ၈း ၃၁*** |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယောသပ်သည် ကျွန်အဖြစ် ရောင်းစားခြင်း ခံခဲ့ရသည်။ ဣရှမေလ ကုန်သည်တို့သည် ဖါရော၏ အမတ်ဖြစ်သည့် ပေါတိဖါထံ ယောသပ်အား ရောင်းစားခဲ့ကြသည်။<br>၂။ ယောသပ်အမှား ကျူးလွန်သည်ဟု ပေါတိဖါ၏ ဇနီးသည် လိမ်လည်ပြောဆိုခဲ့သောကြောင့် ယောသပ် ထောင်ကျခံခဲ့ရသည်။<br>၃။ ယောသပ်သည် ထောင်ထဲတွင် ကောင်းမွန်စွာ နေထိုင်အသက်ရှင်ခဲ့သည်။ ထိုကြောင့် ထောင်မှူးသည် ထောင်၏အမှုအရေးအားလုံးကို ယောသပ် လက်သို့ အပ်ထားသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ယောသပ် နှင့် ပေါတိဖါ၏ဇနီး** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်သည် ယာကုပ်အား လွန်ခဲ့သည့် နှစ်ပေါင်း သုံးဆယ်ကျော်က သူကတိပြု သစ္စာဆိုခဲ့သည့်အတိုင်း သစ္စာဝတ်ကို ဖြေရန်အတွက် ဗေသလအရပ်သို့ ပြန်သွားရန် မိန့်တော်မူခဲ့သည်။ ***(ကမ္ဘာဦး၊ ၂၈း ၂၀-၂၂)***<br>၂။ ယာကုပ်သည် သူ၏ မိသားစုများအား တပါးအမျိုးသားများ၏ ဘုရားတို့ကို သင်တို့မှ ပစ်ပယ်ကြလော့။ အဝတ်ကိုလဲ၍၊ သန့်ရှင်းခြင်း ရှိကြလော့ဟု ပြောခဲ့သည်။<br>၃။ ယာကုပ်သည် 'ဗေသလ' အရပ်တွင် ယဇ်ပလ္လင်ကို တည်လေသည်။ ထို့နောက် ယာကုပ်သည် သူ့အား ဧသောလက်မှ ကာကွယ်ပေးခဲ့သည့် ဘုရားသခင်ကို ချီးမွမ်းကိုးကွယ်ခဲ့သည်။<br>၄။ တဖန် ဘုရားသခင်သည် ဗေသလအရပ်၌ ယာကုပ်ထံ ထင်ရှားတော်မူသည်။ အာဗြဟံ၊ ဣဇက်တို့နှင့် ပြုတော်မူခဲ့သည့် ကတိတော်ကို ယာကုပ်ထံ ထပ်မံ ကတိထားတော်မူ ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ - FBI - ဧသော နှင့် ယာကုပ် ပြန်လည်သင့်မြတ်ခဲ့သည်။** |
| ပြန်လှန်လေ့ကျင့်ပါ | ယောသပ်၏ အသက်တာတွင် စာတန်၏ ရည်ရွယ်ချက်ကို ဘုရားသခင်မည်သို့ ကာကွယ်ပေးသည့် အကြောင်းကို ရှင်းပြပေးခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်ပြောပြပါ။ ယောသပ်သည် အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက်၊ အားကိုးထိုက်သောသူ၊ တာဝန်ကျေပွန်သည့် ယုံကြည်သူတစ်ဦးအဖြစ် မည်သို့ ခေါင်းဆောင်နေရာသို့ ရောက်ရှိလာသည့် အကြောင်းများကို ရှင်းပြပါ။ | ရာခေလသည် သူမ၏ သားအမည်ကို ဗေနောနိ အမည်ဖြင့် မှည့်လေသည်။ 'ငါ့ဝမ်းနည်းခြင်းဝေဒနာ၏သား' ဟု အဓိပ္ပာယ်ရသည်။ ဖခင်ယာကုပ်သည် ဗယ်္ာမိန် အမည်ဖြင့် မှည့်လေသည်။ 'ငါ၏ ညာလက်ရုံးသား' ဟု အဓိပ္ပာယ်ရသည်။ ဤသင်ခန်းစာသည် မည်သို့ ပုံဆောင်သည်ကို ဆွေးနွေးပါ။ သခင်ယေရှု၏ မွေးဖွားလာခြင်းကို ကြည့်ပါ။ ယေရှုသည် ကားတိုင်ပေါ်တွင် ခံစားရသည့် ဝမ်းနည်းခြင်းဝေဒနာများကို သည်းခံခဲ့ရသည်။ ထို့နောက် သူသည် ကောင်းကင်၌ ခမည်းတော်၏ လက်ျာတော်ဘက်တွင် ချီးမြှောက်ခြင်းကို ခံစားရသည်။ သို့ဖြစ်၍ ဗေသလ အရပ်သည် ယာကုပ်အတွက် မမေ့နိုင်သည့် နေရာတစ်ခု ဖြစ်သည်။ ထိုသို့ပင် ကရာနီကုန်သည် သခင်ယေရှု နှင့် သူအား ယုံကြည်သူများ အတွက် မမေ့နိုင်သည့် နေရာတစ်ခု ဖြစ်သည်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် သခင်ယေရှုအား ကိုးစားလျှင် အလွန်ခက်ခဲသည့် အခြေအနေမှာပင်လျှင် သခင်ယေရှုသည် ကျွန်ုပ်တို့အား မည်သို့ ဂရုစိုက် စောင့်ရှောက်သည့် အကြောင်း ဤသင်ခန်းစာမှ ကျွန်ုပ်တို့အား မည်သို့ သွန်သင်ပေးထားကြောင်း စဉ်းစားဆင်ခြင်ပါ။<br>၂။ ခရစ်ယာန်တစ်ဦး အနေဖြင့် ကျွန်ုပ်တို့သည် ဆင်းရဲခြင်း၊ ခက်ခဲခြင်းများနှင့် မလွတ်ကင်းနိုင်ကြပေ။ ကျွန်ုပ်တို့၏ အသက်တာထဲသို့ ထိုအရာများ ဝင်ရောက်လာလျှင် ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်ကြမည်နည်း။<br>၃။ ၎င်းတို့၏ ယုံကြည်ခြင်းကြောင့် ထောင်တွင်းအကျင်းချခံရသည့် သမ္မာကျမ်းစာထဲရှိ ဘုရားသခင်အား ယုံကြည်ကြသောသူများ အကြောင်း စဉ်းစားပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာတွင် ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းများ ပုံမှန်လုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို ရှာဖွေနိုင်သည်။<br>၂။ 'ဗေသလ အတွေ့အကြုံ' သင်ခန်းစာကို ကြည့်ခြင်းဖြင့် ကျွန်ုပ်တို့ အသက်တာတွင် မည်သည့်အရာသည် အရေးကြီးကြောင်း ဆွေးနွေးပါ။<br>၃။ ကျွန်ုပ်တို့သည် ခရစ်ယာန်တစ်ဦးအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်တိုင်းတွင် ***ဟေဗြဲ၊ ၁၃း ၅*** ကို ကျွန်ုပ်တို့ ဆွဲကိုင်ထားသင့်ကြောင်း သတိရပါ။ 'ငါသည် သင့်ကို မစွန့် အလျှင်းပစ်၍မထား။' |

<table>
<tr><th></th><th>ခ၆ - အဆင့် ၃<br>သင်ခန်းစာ ၄ - ယောသပ်၏ အသက်တာ<br>ခေါင်းစဉ် - ခေါင်းဆောင်သစ်</th><th>ခ၆ - အဆင့် ၄<br>သင်ခန်းစာ ၄ - ယာကုပ် နှင့် သူ၏မိသားစု<br>ခေါင်းစဉ် - ခါနာန်ဌ</th></tr>
<tr><td></td><td>ကျမ်းညွှန်း ကမ္ဘာဦး ၄၁း ၁၄-၄၉<br>အဓိကသော့ချက်ကျမ်း ကမ္ဘာဦး ၄၁း ၃၂<br><br>ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ<br>၁။ အိပ်မက် နှစ်ခု၏အနက်ကို ဖော်ပြနိုင်သည့် ဉာဏ်ပညာကို ဘုရားသခင်သည် ယောသပ်အား ပေးသနားတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ဤအခြေအနေအားဖြင့် ဘုရားသခင်သည် သူ၌ လုပ်ဆောင်ရမည့် တာဝန်များနှင့်အတူ ကြီးမားသည့်တာဝန်ကို အပ်နှင်းခဲ့ခြင်းဖြစ်သည်။<br>၂။ ယောသပ်သည် ဘုရားသခင်အပေါ် သစ္စာရှိသောကြောင့် ဘုရားသခင်သည် သူအား ကြည့်ရှုစောင့်ရှောက်တော်မူခဲ့သည်။</td><td>ကျမ်းညွှန်း ကမ္ဘာဦး ၃၇း ၁-၃၆<br>အဓိကသော့ချက်ကျမ်း ဧဖက်၊ ၄း ၃၁-၃၂<br><br>ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ<br>၁။ လူတို့၏ အသက်တာတွင် မျက်နှာသာ ပေးခြင်းသည် မနာလိုခြင်းကို ဖြစ်စေပြီး၊ ထိုမနာလိုခြင်းမှ ကြီးမားသည့် အပြစ်ကို ကျူးလွန်သည်အထိ ဖြစ်နိုင်သည်။ မနာလိုဖြစ်သောသူ နှင့် မနာလိုဖြစ်ခံရသူ နှစ်ဘက်စလုံး အပေါ်သို့ အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သည်။<br>၂။ ယောသပ်သည် သူတို့၏ ရှေ့မှောက်သို့ ပြန်လည်ပေါ်လာသည့်တိုင်အောင် အစ်ကိုများသည် မိမိတို့၏အပြစ်သည် မိမိတို့ကို ဖော်ပြပြီး ထိုအပြစ်နှင့်အတူ ရှင်သန်နေကြရသည်။ ဖခင်ယာကုပ် သေပြီးချိန်တွင် သူတို့အကြား အပြစ်ခွင့်လွှတ်ခြင်းနှင့် ရန်ပြေငြိမ်းခြင်း ရရှိခဲ့ကြသည်။ (ကမ္ဘာဦး၊ ၅၀း ၂၀)</td></tr>
<tr><td>သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။</td><td>ယောသပ် ပုံပြင်မှ သင်ယူခဲ့ပြီး ဖြစ်သည့် အကြောင်းအရာများကို ပြန်လည်ပြောပြခြင်းဖြင့် ဘုရားသခင်သည် သူ၏ ရည်ရွယ်ချက်များအတိုင်း ယောသပ်၏ အသက်တာတွင် အလုပ်လုပ်ခဲ့သည့် အကြောင်းများကို ရှင်းပြပါ။ သူ၏ကောင်းမွန်သော သက်သေများကြောင့် ယောသပ်သည် ဒုတိယ ဘုရင်ခံအဖြစ် ချီမြှောက်ခြင်းခံရသည့် အကြောင်း ရည်ညွှန်းပြောပြပါ။ အငယ်၊၃၉-၄၀ သူသည် ကျွန်အဆင့်မှ ဘုရင့်သား အဆင့်သို့ ကူးပြောင်းသွားကြောင်း အငယ်၊၄၂ ရှိ လက်စွပ်အားဖြင့် ဖော်ပြသည်။ သူ၏ သာမန်အဝတ်အစား အစား ပိတ်ချောအဝတ်ကို ဝတ်ဆင်စေခဲ့သည်။ အာဏာရှိသော သူတစ်ဦးအဖြစ် ပေါ်လွင်စေရန် လည်ပင်း၌ ရွှေစလွယ်ကို ဆွဲစေခဲ့သည်။ ဒုတိယ ရထားတော်ကို စီးစေခဲ့သည်။ အငယ်၊၄၃ ယခုတွင် ယောသပ်သည် ကျွန်တစ်ဦး မဟုတ်တော့ပေ။ ဖါရော၏ နိုင်ငံတွင် မိမိစိတ်ကြိုက် အရာအားလုံးကို လုပ်ပိုင်ခွင့် ရှိသောသူ ဖြစ်နေပြီး ဖြစ်သည်။ ယောသပ်သည် နှိမ်ကျသည့် နေရာဖြစ်သည့် ရေတွင်းအလွတ်ထဲမှ လာသောအချိန်တွင် သူ၏အသက်သည် ၁၇ နှစ် ဖြစ်သည်။ ဘုရင်ခံအဖြစ် ချီးမြှောက်ခြင်း ခံရသောအချိန်တွင် သူ၏အသက်သည် ၃၀နှစ် ရှိပြီး ဖြစ်သည်။ ယောသပ်သည် ကြီးမားသည့် တာဝန်ကြီးကို ထမ်းဆောင်ရန်အတွက် အလွန် ငယ်သောအရွယ် ဖြစ်သည်။</td><td>ယာကုပ်၏ မိသားစု နှင့် ၎င်းတို့၏ လက်ရှိအခြေအနေကို ပြောပြခြင်းဖြင့် သင်ခန်းစာကို အစပြုပါ။ အခြားကျမ်းညွှန်းကို ဖတ်ခြင်းဖြင့် ဤသင်ခန်းစာ၏ နောက်ခံကို ပြောပြပါ။<br>၁။ ဆာလံ၊၅၆ - စာတန်သည် ယုံကြည်သူများ၏ အသက်တာကို မည်သို့ပင် နှောက်ယှက်သော်လည်း ဘုရားသခင်သည် ယုံကြည်သူများကို ကာကွယ်ပေးသည့် အကြောင်း ဆွေးနွေးပါ။<br>၂။ ရှင်မဿဲ၊ ၅း ၄၃-၄၈ နှင့် ဧဖက်၊ ၄း ၂၂-၂၄ ခရစ်တော်ကို မိမိတို့၏ အသက်တာတွင် ယူတင်ဝတ်ဆင်ရန် ကျောင်းသားများကို တိုက်တွန်းခွန်အားပေးပါ။ သခင်ယေရှုဘုရားအား မယုံကြည်သောသူများ နှင့် မချစ်သောသူများသည် သင်တို့အား ညှင်းပန်းနှိပ်စက်သည့်အခါ သို့မဟုတ် အခက်အခဲတွေ့စေသည့် အခါမျိုးတွင် အထက်ပါ ကျမ်းချက်နှစ်ခုကို သတိပြု၍ အသက်တာတွင် ဆင်ခြင်ခွန်အား ယူပါ။</td></tr>
<tr><td>သင်ခန်းစာကို ပြီးမြောက်စေပါ။</td><td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁။ ဖါရောမင်းသည် ထူးဆန်းသည့် အိပ်မက်ကို မြင်မက်ခဲ့ပြီး၊ အိပ်မက်ကို အနက်ပြန်ရန်အတွက် ယောသပ်ကို ထောင်အတွင်းမှ ခေါ်ထုတ်လာခဲ့ကြသည်။<br>၂။ ယောသပ်သည် ရှင်ဘုရင် အိပ်မက်နှစ်ခုစလုံး၏ အနက်ကို ဖော်ပြခဲ့သည်။ ဆန်ရေစပါး ပေါကြွယ်ဝမည့်နှစ် ခုနှစ်နှစ် နှင့် အစာရေစာ ခေါင်းပါးမည့်နှစ် ခုနှစ်နှစ် ဖြစ်ကြောင်း ပြောပြခဲ့သည်။ ဖါရောသည် ယောသပ်အား ဒုတိယဘုရင်ခံအဖြစ် ခန့်အပ်ပြီး နိုင်ငံ၏ အမှုအရေးများကို စီမံအုပ်ချုပ်စေခဲ့သည်။<br>၃။ ဆန်ရေစပါး ပေါကြွယ်ဝသောနှစ်များတွင် အစားအစာများသည် အလွန်ပင် ပေါများလှသည်။ အရေးကြီးသည်မှာ ထိုနှစ်များတွင် အစားအစာများ သိုလှောင်စုဆောင်းထားရန်သာ ဖြစ်သည်။ သို့မှသာ အစာခေါင်းပါးခြင်း ကျရောက်လာသည့်အချိန်တွင် ပြည်သူပြည်သားများကို ထောက်ပံ့ကျွေးမွေးရန် အစားအစာ အလုံအလောက် ရှိနေမည် ဖြစ်သည်။<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။<br>ပြပါ - FBI - ယောသပ်သည် စာတော်ဝန်၊ ဖလားတော်ဝန် နှင့် ဖါရောမင်းတို့၏ အိပ်မက်အနက်များကို ဖော်ပြခဲ့သည်။</td><td>သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။<br>လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။<br>၁။ ယောသပ်သည် အိပ်မက်ကို မြင်မက်ခဲ့ပြီး၊ အစ်ကိုများ၏ စွန့်ပစ်ခြင်းကို ခံခဲ့ရသည်။<br>၂။ ယောသပ်သည် ထူးခြားသော အဆင်းအရောင်များပါသည့် အင်္ကျီကိုဖခင်ထံ ရရှိခြင်းဖြင့် ဖခင်၏ မျက်နှာသာပေးခြင်းကို ခံစားရသည်။ ထို့အတွက်ကြောင့် အစ်ကိုများ၏ မုန်းခြင်းကိုလည်း ခံခဲ့ရသည်။<br>၃။ ယောသပ်၏ အိပ်မက်အရဆိုလျှင် အနာဂတ်တွင် သူ၏ဖခင် မိခင် နှင့် ညီအစ်ကို တစ်ဆယ့်တစ်ယောက်တို့သည် သူ့အား ဦးချရှစ်ခိုးရမည် ဟူ၍ ဖြစ်သည်။<br>၄။ ယောသပ်၏ အစ်ကိုများသည် ယောသပ်အား အလွန်မုန်းတီးကြသည့်အတွက် သူ့အား သတ်ရန် ကြံစည်ခဲ့ကြသည်။ သို့သော် နောက်ဆုံးတွင် ဣရှမေလ ကုန်သည်များထံ ရောင်းစားခဲ့ကြသည်။ ယောသပ်အတွက် ဘုရားသခင် စီစဉ်ထားသည့် အစီအစဉ်အတိုင်း ဖြစ်လာစေရန် အခြေအနေ အားလျော်စွာပင် သူတို့သည် ပါဝင်လုပ်ဆောင်ခဲ့ကြသည်။<br>၅။ အစ်ကိုများသည် ယောသပ်၏ အင်္ကျီအား ဆိတ်၏အသွေး၌ နှစ်၍ ယောသပ်အား သားရဲတစ်ကောင်ကောင် ကိုက်စား၍ သေသည့်ဟန်ဖြင့် ဖခင်ယာကုပ်ထံ လိမ်လည်ပြောဆိုခဲ့ကြသည်။ ယာကုပ်သည်လည်း မိမိအချစ်ဆုံးသား သေပြီးစိတ်ထင်နှင့် ပူဆွေးသောက ရောက်ခဲ့ရသည်။ လူလိမ် ယာကုပ်သည် ယခုတွင် ပြန်၍ အလိမ်ခံနေရသည်။<br><br>အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။<br>ပြပါ - FBI - အိပ်မက် မက်သော ယောသပ်</td></tr>
<tr><td>ပြန်လှန်လေ့ကျင့်ပါ</td><td>မိမိတို့သည် ယောသပ်၏နေရာတွင် ဖြစ်မည်ဆိုပါက ဖခင်ယာကုပ်ထံ စာရေးသည့်အခါ သူ၏ အလုပ်အသစ်အကြောင်း နှင့် မည်သည့်အရာများကို ထည့်သွင်းရေးသင့်ကြောင်း ကျောင်းသားများအား စဉ်းစားစေပါ။</td><td>မေးခွန်းများကို မေး၍ သင်ခန်းစာကို ပြန်လှန်လေ့ကျင့်ပါ။<br>၁။ မိမိတို့၏ အသက်တာတွင် မည်သည့်အခြေအနေတွင်မဆို ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားသည့် အရှင်ဖြစ်ကြောင်းကို ကျောင်းသားများအား နားလည်သဘောပေါက်စေပါ။<br>၂။ အပြစ်ကို အပြစ်နှင့်ဖုန်းသည့် အရာကိုလည်း ဘုရားသခင် မနှစ်သက်ကြောင်း ကျောင်းသားများကို နားလည်သဘောပေါက်စေပါ။သင်ခန်းစာ ၄ ရှိ မေးခွန်းများကို ဖြေဆိုရာတွင် သူတို့အား အကူအညီဖြစ်စေမည် ဖြစ်ကြောင်း သိနားလည်စေပါ။</td></tr>
<tr><td>လိုက်လျှောက်အသက်ရှင်ပါ</td><td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>၁။ ဤသင်ခန်းစာမှ ကျွန်ုပ်တို့အား မည်သို့ တိုက်တွန်း ခွန်အားပေးထားပါသနည်း။<br>၂။ သင်၏ အသက်တာတွင် နာခံခြင်း နှင့် သစ္စာရှိခြင်းကို မည်သို့ သင်ယူရရှိပါသနည်း။ မည်သည့် နည်းလမ်းဖြင့် ကောင်းကြီးမင်္ဂလာကို သင် မျှော်လင့်နေပါသနည်း။</td><td>သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။<br>၁။ ဧဖက်၊ ၄း ၃၂ သည် မိမိတို့၏ အသက်တာတွင် နည်းလမ်းကောင်း ဖြစ်မဖြစ် မေးခွန်းမေးပါ။<br>၂။ ဘုရားသခင်သည် ကောင်းသောသူ၊ မကောင်းသောသူဟူ၍ မျက်နှာသာပေးသော ဘုရား မဟုတ်ပေ။ ခရစ်ယာန်တစ်ဦး အနေဖြင့် ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် အရာမှာ လူတိုင်းအား ဂရုဏာကြီးစွာ တရားမျှတစွာဖြင့် ဆက်ဆံရမည် ဖြစ်သည်။</td></tr>
</table>

# သင်ခန်းစာပြုလုပ်ရန် ဆရာများအတွက် လမ်းညွှန်

**အဆင့် (၃) သင်ခန်းစာများ**

- ကျောင်းသားများသည် ကျမ်းညွှန်းများကို မဖတ်ပါက ဤသင်ခန်းစာများကို ပြီးမြောက်အောင် သင်ယူနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ပေးထားသည့် ကျမ်းညွှန်းများကို ဖတ်ရန် လိုသည်။
- ကွက်လပ် ဖြည့်ခြင်း၊ ဂရပ် ဇယားများ၊ ပဟေဠိစကားလုံးများ စသည်ဖြင့် မေးခွန်း အမျိုးမျိုး ရှိသည်။
- ထိုမေးခွန်းများကို ပုံမှန်အားဖြင့် တို့ကို အသုံးပြု၍ ဖြေဆိုနိုင်ရန် ရေးဆွဲထားသည်။ (မှတ်ချက်- မြန်မာသင်ခန်းစာများအတွက်မူ ယုဒသန် ဘာသာပြန်သည့် ကျမ်းကိုသာ အသုံးပြုထား)
- ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် မည်သို့သော ကျမ်းစာကို ပိုင်ဆိုင်သည် ဖြစ်ပါစေ မေးခွန်းများကို ကောင်းစွာ ဖြေဆိုနိုင်ရန်သာ ဖြစ်သည်။
- ဤသင်ခန်းစာများ အားလုံးကို မှန်ကန်စွာ ဖြေဆိုနိုင်ပါက တစ်ပတ်စာအတွက် ရမှတ် ၂၀မှတ် နှင့် တစ်လစာ ရမှတ် ၈၀ မှတ် သတ်မှတ်ထားပါသည်။
- အဆင့် (၃) -သင်ခန်းစာတွင် ပုံမှန်အားဖြင့် အဖြေတစ်ခု အတွက် ရမှတ် ၁ မှတ် ဖြစ်သည်။

**အဆင့် (၄) သင်ခန်းစာများ**

- ဤသင်ခန်းစာများသည် အဆင့် ၃ သင်ခန်းစာထက် ပိုမိုကျစ်လစ်စွာ တည်းဖြတ်ထားသည်။
- ပို၍များသော မေးခွန်းနှင့် အဖြေများကို တောင်းဆို ထားသည်။
- သင်ခန်းစာ မေးခွန်းများအားလုံးကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုနိုင်သည့် အချိန်တွင် တစ်ပတ်အတွက် ရမှတ် ၂၀ နှင့် တစ်လအတွက် ရမှတ် စုစုပေါင်း ၈၀မှတ် ရမည်ဖြစ်သည်။

**အမှတ်ပေးစည်းမျဉ်း အရိပ်အမြွက်**

ဆရာများသည် ဤအရာကိုလုပ်ဆောင်ရမည်။ ပထမတွင်

- သင်ခန်းစာများကိုစစ်ဆေးပြီး အဖြေများကို အမှားအမှန်အရ အမှတ်ပေးပါ။
- သင်ကြားပေးသည့်အတိုင်းဖြစ်ပါက သဘောကျသည့် အချက်များအတွက် ဆုပေးပါ။
- ခြားနားသော အရောင်များနှင့် အမြဲအမှတ်ခြစ်ပါ ။ အဖြေမှန်များကို ခြစ်ပါ။
- မဖြစ်မနေ လိုအပ်ပါက မှားသော နေရာတွင် အဖြေမှန်ကိုပြင်ပေးပါ။ စာလုံးပေါင်း သတ်ပုံအမှားများကို ပြင်ပေးပါ။ဤအရာများအတွက် အမှတ်မနုတ်ပါ။
- တဝက်တပြတ် ဖြေထားသော အဖြေများကို အမှတ် နည်းနည်း ပေးပါ။
- ၁ လစာအတွက် အမှတ်များကို ပေါင်းထည့်ပါ။ ကျောဘက်ရှိ အမှတ်ပေးစည်းမျဉ်း ဇယားတွင် ပေါင်းထည့်ပါ။

သဘောထားကြီးပြီး တရားမျှတမှုရှိရန် လိုအပ်သည်။ သူတို့၏ ကျမ်းစာလေ့လာခြင်းနှင့် ကျောင်းသာများအား ခွန်အားပေးတိုက်တွန်းရန် နှင့် အားလုံးကို အကောင်းဆုံး လုပ်ဆောင်ပေးရန် လိုအပ်သည်။ ကျောင်းသားများထံ ခွန်အားပေးသော စကားကို လစဉ် ရေးပေးခြင်းသည် ဆရာများအတွက် အကောင်းဆုံးဖြစ်ပြီး အထောက်အကူပြုပေလိမ့်မည်။ ဤအရာကို လုပ်ဆောင်နိုင်ရန်အတွက် သင်ခန်းစာ စာရွက်တွင် နေရာလပ် ပြင်ဆင်ပေးထားသည်။ဝေဖန်ချက်များကို ဖော်ပြရာတွင် ရောင်စုံကောင်းကောင်းခြယ်နိုင်တယ် ၊သေသပ်တယ် ၊ ကြိုးစားမှုရှိတယ် စသည်ဖြင့် ကလေးများသင်ခန်းစာအပေါ် နားလည်မှုကို ကြည့်၍ ဖော်ပြသွားရမည်။

အတက်နိုင်ဆုံး မတူညီသည့် ဝေဖန်ချက်များကို ပေးသွားရမည်ဖြစ်သည်။ မေးခွန်းများ ၊ ဖော်ပြချက်များ၊ ရှာဖွေတွေ့ရှိချက်များ ၊ ခွန်အားပေးနှိုးဆော်မှုများ စသည်ဖြင့် ကွဲကွဲပြားပြား ဖြစ်အောင် ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။ စဉ်းစားတွေးတောရန် တောင်းဆိုထားသော်လည်း ကျောင်းသားများ၏ အသက်တာတွင် စိတ်ဝင်တစား လုပ်ဆောင်ရန် အလွန်အရေးကြီးသည်။ တူညီသည့် အကြောင်းအရာ သို့မဟုတ် မေးခွန်းများလစဉ် ထပ်နေပါက အကြိုးသက်ရောက်မှုကို ဆုံးရှုံးစေမည်ဖြစ်သည်။

**အဆင့် (၃)**

**ယေဘူယျဝေဖန်ချက်**

"ကောင်းကောင်း လုပ်ထားတာပဲ၊ သား/သမီး မေးခွန်းကို ကောင်းကောင်း ဂရုစိုက်ပြီး ဖတ်ထားတာပဲ။ အထူးသဖြင့် သား/သမီးရဲ့ နောက်ဆုံးမေးခွန်းကို ကြိုက်တယ်။ စကားလုံး အသုံးအနှုန်းက အရမ်းကောင်းတယ်။"

"ဟလို-ယောနသန် ၊ သား ကောင်းကောင်း ကြိုးစားထားသည့်အတွက် ကျေးဇူးတင်တယ်။ အဖြေအားလုံးကို သား ကောင်းကောင်း ဖြေထားနိုင်တာဘဲ။ သား ဖြေဖို့ ကျန်ခဲ့တဲ့ တစ်ခုကို ဆရာ/မ ဖြည့်ထား ပေးတယ်။"

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

"မောရှေသည် ကွသရေလ လူများနှင့် အချို့သောအချိန်များတွင် အခတ်အခဲများ ကြုံတွေ့ခဲ့ရသည်။ သို့သော် ထိုပြဿနာများကို သူတစ်ဦးတည်း ရှန်းကန်ဖြေရှင်ရန် ဘုရားသခင်သည် သူ့အား စွန့်ပစ်မထားပေ။"

"ဘုရားသခင်ကို ချစ်ရန် သူဖခင် သင်ကြားပေးထားသည့် အရာကို ယောသပ် လုံးဝ မေ့လျော့ခြင်း မရှိခဲ့ပေ။ မိမိအိမ်နှင့် ဝေးသော နေရာတွင် ရောက်ရှိနေသော အချိန်မှာပင်လျှင် ထိုအရာကို သူသတိရဆဲ ဖြစ်သည်။"

"ဗာတိမဲသည် ယေရှုထံ သွားရန် ဆုံးဖြတ်ခဲ့သည်။ ယခုတွင် သူသည် မျက်စိပြန်မြင်ခဲ့ပြီး ဖြစ်သောကြောင့် စိတ်မပျက်တော့ပေ။သည်။ ယေရှုသည် အလွန်ထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ယခုတွင် သူသိရှိခဲ့ပြီး ဖြစ်သည်။ "

**အဆင့် (၄)**

**ယေဘူယျဝေဖန်ချက်**

"အလွန်ကောင်တဲ့ သင်ခန်းစာ တစ်ခုဘဲ။ ဤကျမ်းစာ ပုံပြင်များကို သင်ကောင်းစွာ နားလည်မည်ဟု ထင်တယ်။ ထိုပုံပြင်များအား လေ့လာသင်ကြားရခြင်းအပေါ် သင်ပျော်ရွှင်လိမ့်မည်ဟု ဆရာ/မ ယုံကြည်ပါတယ်။ သင်ခန်းစာကို အချိန်ယူပြီး ကောင်းကောင်း သင်ယူသည့်အတွက် ကျေးဇူးတင်ပါတယ်။ စစ်ရတာ အရမ်းလွယ်မှာဘဲ။ သင့်ရဲ့ ကြိုးစားမှုကို ချီးကျူးပါတယ်။"

"ရာခေလ သမီး ကောင်ကောင်း ကြိုးစားထားတာဘဲ။ သမီးရဲ့ အဖြေကို ကြည့်ခြင်းဖြင့် ပုံပြင်ကို သမီးကောင်းကောင်း နားမလည်ဘူး ထင်တယ်။ ပုံပြင်ကို တစ်ခေါက် ပြန်ဖတ်လိုက်နော။"

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

"ပုံဥပမာများသည် ရိုးရှင်းသည့် ပုံပြင်များ ဖြစ်သော်လည်း လေးနက်သည့် အဓိပ္ပာယ် ရှိသည်။ သင်ခန်းစာ ၃ ရှိ ပုံပြင်ထဲတွင် မည်သည့် လေးနက်သည့် အဓိပ္ပာယ် ရှိပါသနည်း။ သင်စဉ်းစားနိုင်ပါသလား။"

"သတေဖန်သည် ရက်စက်စွာ အသတ်ခံခဲ့ရသည်။ မှန်ပါသည် သူသည် အသတ်ခံရသည်ကို မကြောက်ရွံ့ခဲ့ပေ။ ဘုရားသခင်သည် အရာ အားလုံးကို ထိန်းချုပ်ထားကြောင်းနှင့် သူသည် သေသွားလျှင် ကောင်းကင်တွင် ယေရှုနှင့် အတူ ရှိနေမည်ကို သူသိထားသည်။"

© Bible Educational Services 2019

www.besweb.com

Registered Charity UK 1186004

05/2022
MY-Burmese